
www.burmeseclassic.com

# ပညပိုင်မှုန့်ကိုယ်

ဗုဒ္ဓဟူးအနမ်းအတွက်
ရှင်းတမ်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပြည်ပိုင်ကျွန်းအိုင်

မုဒ္ဒဟူးအနမ်း

အတွက်

ရှင်းတမ်း

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ပြည့်ပိုင်မှူးအိမ်၏ စာအုပ်အမှတ်စဉ် (၂၃)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၂၉၀၇၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၅၅၀၅၀၉

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | လှရော်သစ် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃လမ်း(ယာ)၊ ဥက္ကလာမြို့ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (ဖုန်းရွှေပုံနှိပ်တိုက်) |
| | | (၈၀-ခ)၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းယု |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ခုနှစ် ဇွန်လ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅.၈၃

ပြည့်ပိုင်မှူးအိမ် ၊
မုဒ္ဒဟူးအနှမ်းအတွက် ရှင်းတမ်း/ ပြည့်ပိုင်မှူးအိမ် ။ - ရန်ကုန်။
တော်ဝင်မြို့မစာအုပ်တိုက် ၊ ၂၀၀၉ ။
၁၂၃ - စာ၊ ၁၃ စင်တီမီတာ x ၂၀.၅ စင်တီမီတာ။
(၁) မုဒ္ဒဟူးအနှမ်းအတွက် ရှင်းတမ်း



ပရိသတ်တော်တော်များများက မနေ့နဲ့ တောင်ရိုး တိုင်းရင်းသားများရဲ့အကြောင်း ဗဟုသုတများ၊ ချစ်စရာ ကောင်းတဲ့ဟာသများနဲ့ တန်ဆာဆင်တဲ့ဝတ္ထုတွေ ထပ်ရေး ပါဦးလို့ တောင်းဆိုကြပါတယ်။

ကျွန်တော်ရဲ့ (၁၀)အုပ်မြောက်ဝတ္ထုမှာ မနေ တိုင်းရင်းသား၊ တောင်ရိုး တိုင်းရင်းသားများနဲ့ပတ်သက်တဲ့ ဗဟုသုတနှင့်ဟာသများ အတော်အသင့် ရေးပြီးပါပြီ။ ဒီတစ်အုပ်ကတော့ ပရိသတ်များရဲ့ တောင်းဆိုချက်အရ ရော ကျွန်တော်ကိုယ်တိုင်ကပါ ရေးချင်ချင်မို့ ဒုတိယမြို့ အတတ်နိုင်ဆုံး ကြိုးစားတင်ဆက်လိုက်ပါတယ်။

ပရိသတ်များ စိတ်ကျေနပ်မှု
အပြည့်အဝ ရရှိနိုင်ပါစေလို့
ဆန္ဒပြုရင်း
ပြည့်ပိုင်မှူးအိမ်

www.burmeseclassic.com

www.burmeseclassic.com

"မင်း လည်းမနေ့၊ မင်းညီမဝမ်းကွဲ မေဝသုန်လည်း မနေ့ပဲ။ ဒါပေမယ့် စကားဝဲတာချင်းအတူတူ မင်းညီမ စကားဝဲတာက ပို နားထောင်လို့ ကောင်းနေတယ်၊ အဲဒါဘာဖြစ်လို့လဲ မသိဘူးကွနော်"

ငွေသောင်း၏ စကားကြောင့် သူ နင်တင်တင်ကြီး ဖြစ်သွားရသည်။

"ဒါကတော့ နင်က နားနဲ့မနာ နှာခေါင်းနဲ့ နာလို့ ဖြစ်မှာပေါ့"

"နားနဲ့ မနာ ဖဝါးနဲ့နာပဲ ကြားဖူးပါတယ် သီတာရာ"

ငွေသောင်းကို နှိပ်ကွပ်သော သီတာ၏ စကားအဆုံးမှာ အောင်စိုးက ဝင်၍ဆိုသည်။

"စကားပုံကတော့ ဟုတ်တာပေါ့ပါ။ ဒါပေမယ့် ငွေသောင်းကိုကျတော့ အဲဒီလို ပြောလို့မရတော့ဘူး။ ငါ စောစောက ပြောသလိုပဲ ပြောမှဖြစ်မယ်။ သူက ဝဏ္ဏရဲ့ ညီမ မေဝသုန်ရဲ့ အသံကို နားနဲ့ နားမထောင်ဘဲ ဒါကြီးနဲ့ နားထောင်နေတာလေ"

သီတာက သူမ၏ နှာခေါင်းကို လက်ညှိုးဖြင့်ပြကာ "ဒါကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသည်။ သူမ၏ စကားကြောင့် ဒွေးသောင်က ရှက်အမ်းအမ်းဖြင့် ရယ်သည်။ ပြီး သီတာ့ကိုကြည့်ကာ . . .

"ဩ . . . လက်စသတ်တော့ ငါက မေဝသုန်ရဲ့အသံဝဲတာလေးက နားထောင်ကောင်းတယ်ဆိုလို့ နင်က သဝန်တိုနေတာကိုး"

"အောင်မာမာ . . . လဲသေလိုက်ပါလား"

ဒွေးသောင်၏ ပြောင်ချော်ချော်အဆိုကို သီတာက 'လဲသေလိုက်' ဟု တုံ့ပြန်သည်။ ပြီး သူမလက်ထဲမှ စာအုပ်ဖြင့် ဒွေးသောင်ကို လှမ်းရိုက်သည်။

"သီတာ အဲဒါနဲ့ ရိုက်တာ မထိရောက်ဘူး . . . ရော့ . . . ဒါနဲ့ရိုက်"

အောင်စိုးက ဆိုင်စားပွဲပေါ်မှ အအေးပုလင်းကို ယူကာ သီတာ့ဆီ ထိုးပေးရင်းက ဆိုသည်။ ဒွေးသောင်က အောင်စိုးကို လှမ်းကြည့်ရင်း 'မေတ္တာထားတယ် . . . လား' ဟု ဇာတ်သံဖြင့် ရွတ်နောက်နောက် ဆိုသည်။

"ကိုဝဏ္ဏတို့ရဲ့ ခနဲ့ဝတ်စုံက ရှမ်းဝတ်စုံနဲ့ တူတယ်နော်"

တစ်ချိန်လုံး ထိုင်ကာ လူတကာပြောသမျှ ပြုံးရင်း နားထောင်နေသော သူမက သူ့ကိုကြည့်ရင်း မေးသည်။

"ခနဲ့ဝတ်စုံနဲ့ ရှမ်းဝတ်စုံက ဆင်သယောင်ယောင်တော့ရှိတယ်။ ဒါပေမယ့် သေသေချာချာကြည့်ရင် မတူမှန်းသိသာပါတယ်။ နောက်ကြုံတော့မှ ဓာတ်ပုံနဲ့ဖြစ်ဖြစ် ဝတ်စုံနဲ့ပဲဖြစ်ဖြစ် တိုက်ပြီး ရှင်းပြတော့မယ်။ ဒီအတိုင်းပြောပြရင် ဖြိုးတို့ နားလည်မှာ မဟုတ်ဘူး"

သူ့စကားကို သူမက နားထောင်နေရာက ခေါင်းညိတ်သည်။ ခေါင်းအညိတ်မှာ သူမ၏ဆံနွယ်များက လေမှာ လွင့်ခနဲ ဝဲသည်။ ရှန်ပူရနံ့သင်းသင်းက ရင်ကို ကတုန်ကရီဖြစ်သွားစေခဲ့သည်ကတော့ အမှန်။





"မင်း ခဏ ခဏ ပြောတယ်လေ . . . ခနဲ့စကားက စာဆန်တယ်၊ ရှေးဆန်တယ်လို့ . . . ဥပမာလေး ပြောပြစမ်းပါဦး"

ဒွေးသောင်က မေးစေ့ကို ပွတ်ရင်းမေးသည်။

"ဥပမာ . . . အင်း ရုတ်တရက်ကြီးဆိုတော့ ချက်ချင်းစဉ်းစားလို့ မရဘူးဖြစ်နေတယ် . . . ဒီလိုကွာ . . . မင်းတို့ ငါတို့ ပစ္စည်းတစ်ခုခုရဲ့ ဈေးကို သိချင်လို့ ဈေးသည်ကို မေးရင် ဘယ်လိုမေးမလဲ"

သူ၏ တုံ့ပြန်အမေးကို ဒွေးသောင်က ချက်ချင်းတုံ့ပြန်သည်။

"ဒါ ဘယ်လောက်လဲပေါ့" ဟု။

"အေး ဒါပေမယ့် ငါတို့ဘက်မှာ အဖိုးဘယ်လောက်လဲလို့ မေးတယ်။ အဖိုးဆိုတာ အဖိုးအခကို ပြောတာ။ ဒါပေမယ့် အခုတော့ သက်ကြီးပိုင်းတွေပဲ သုံးကြတော့တယ်။ ခေတ်လူငယ်တွေက သိပ်မသုံးကြတော့ဘူး။ နောက်ပြီးတော့ တစ်ခုခုကိုရပ်ခိုင်းတာမျိုး၊ ဥပမာ-မောင်းနေတဲ့ကားကို 'ရပ် . . ရပ်' လို့ ပြောချင်ရင် ငါတို့ဘက်မှာ 'တန် . . . တန်' လို့ ပြောတယ်။ 'ရပ်တန့်' လိုက်ဆိုတဲ့ သဘော"

"ဩော်"

အောင်စိုးက ခေါင်းညိတ်ကာ ညိတ်ကာဖြင့် 'ဩော်' ဟု ဆိုသည်။

"နောက် . . ပစ္စည်းတစ်ခုခု ကုန်တော့မယ်ဆိုရင် 'ကုန်လုပြီ' လို့ သုံးတယ်။ 'ကုန်တော့မှာလား' ဆိုရင် 'ကုန်လုပြီလား' ပေါ့။ ဒါပေမယ့် ဒီစကားလုံးလည်းပဲ သက်ကြီးပိုင်းတွေလောက်ပဲ သုံးကြတော့တယ်။ လူငယ်ပိုင်းတွေက သိပ်မသုံးကြတော့ဘူး"

"ခနဲ့စကားက လေယူလေသိမ်းပဲ ကွာသွားတာ။ မြန်မာစကားပဲလို့ နင်ပြောတယ်နော်။ ငါလည်း နင်စကားပြောသလို လိုက်ပြောရင် လျှာတွေ လိပ်ကုန်ရော။ နင်တို့စကားပြောရင် ဟာထိုး(. .)



www.burmeseclassic.com

www.burmeseclassic.com



သံတွေ ပါနေသလိုပဲ။ ဥပမာ- အောင်စိုးကို နင်ခေါ်ရင် ‘အှောင်စိုး’ ဆိုပြီးတော့ ဖြစ်နေတယ်။ ငါတို့က ‘လောင်’ ဆိုရင် နင်က ‘လှောင်’။ အဲဒီလို အသံထွက်တယ်နော်”

သီတာက ခေါင်းကို ကုတ်ရင်း ဆိုသည်။

“ဟုတ်တယ် . . . တချို့စကားလုံးတွေကျတော့ ကြားသံတွေထွက်တယ် . . . ဥပမာ - မျောက်ဆိုပါစို့ . . မျောက်ကို ခနသံနဲ့ထွက်ရင် မျှော့နဲ့ဆင်တဲ့ အသံပဲထွက်တယ်။ မျှော့နဲ့ မျောက်ရဲ့ကြားထဲက အသံမျိုး။ မျောက်လို့ ပီပီသသကြီး မထွက်ဘူး”

“ရေးတာကျတော့ရောကွာ”

အောင်စိုးက ပခုံးကို တွန့်ရင်းမေးသည်။

“ရေးတာက မြန်မာစာပဲ ရေးတာလေ . . အသံထွက်တော့ မှသာ ကွဲသွားတာ”

“ဪ”

ငွေသောင်းက ‘ဪ’ ဟု ခေါင်းတညိတ်ညိတ်လုပ်သည်။

“တချို့စကားတွေကျတော့ စကားလုံးအပြည့်အစုံ မသုံးဘူး။ ဥပမာ - ကစားမယ်ဆိုရင် က,မယ်လို့ပဲ သုံးတယ်။ သေနတ်ပစ်တမ်းကစားမယ်ဆိုရင် သေနတ်ပစ်တမ်း က,မယ်လို့ ပြောတယ်။ ဖဲကစားမလား ဆိုရင် ဖဲက,မလားပေါ့ကွာ . . . အဲဒီလိုမျိုး”

သူ့စကားအဆုံးမှာ အားလုံးက ‘ဒီလိုကိုး’ ဟု ခေါင်းညိတ်ကြသည်။

“ငါ . . . ခနနဲ့ ပတ်သက်တဲ့ စကားအသုံးအနှုန်းတွေ ယဉ်ကျေးမှုတွေကို စိတ်ဝင်စားတယ်ကွာ . . တကယ်ပြောတာ . . . တစ်သက်လုံး လေ့လာလို့ရအောင် ခနမလေးတစ်ယောက်တော့ ရအောင်ယူထားမှနဲ့ တူတယ်”

အောင်စိုးကာ ‘တဟဲဟဲ’ ရယ်ရင်း မချိုမချဉ်ဖြင့် ဆိုသည်။

တော်ဝင် မြို့မ စာအုပ်တိုက်



စကားအသွားအလာက ညီမလေး မေဝသုန်ဘက်ကို တည့်တည့်ကြီး ဦးတည်နေမှန်း သိသာသည်။

“မင်းကလည်း . . . ခနမလေး ယူထားရင် ရှာကျွေးနေရဦးမယ် . . . ဒီ ‘ခန-ဝဏ္ဏ’ နဲ့ မင်းအစ်မကို ပေးစားထားလိုက် ပြီးရော . . . တစ်သက်လုံး မင်းလေ့လာလို့ရတယ်။ ငါပြောတာ သဘာဝ ပိုမကျဘူးလား ဝဏ္ဏ”

“သိပ်ကျတာပေါ့ကွာ”

ငွေသောင်း၏ စကားကို လက်ခုပ်တီးကာ ထောက်ခံသော သူ့စကားကြောင့် အောင်စိုးတစ်ကောင် မျက်နှာကြီး ရှုံ့မဲ့ကာသွားသည်။

“သီတာ နင်တို့ရော ‘ခန’ စကား မသင်ချင်ဘူးလား”

ငွေသောင်းက ပြုံးစိစိနှင့်ပင် သူမနှင့် သီတာတို့ဘက် လှည့်ကာ မေးသည်။ သီတာက . . .

“ခနစကားတော့ သင်ချင်ပါတယ်ဟာ . . . ဒါပေမယ့် အရင်းများလွန်းတယ်ဟ . . . အစ်မတစ်ယောက်လုံး ပေးစားရမှာဆိုတော့”

ပြောရင်း သီတာက ရယ်သည်။ သူမကတော့ သီတာ့ကို ခပ်ဖွဖွ လှမ်းရိုက်ရင်း ခပ်တိုးတိုးရယ်သည်။ ပြုံးလိုက် ရယ်လိုက်ချိန်မှာ နှက်ဝင်သွားသော ဘယ်ဘက်ပါးမှ ပါးချိုင့်ကို ကြည့်ရင်း ရင်အခုန်ကြီးကြီး ခုန်နေသူတစ်ယောက် ရှိနေမှန်း သူမကတော့ သိဟန်မတူ။ ခပ်တိုးတိုးညှင်းညှင်းသာ ရယ်မြဲ ရယ်ဆဲ။

www.burmeseclassic.com

www.burmeseclassic.com



**တကယ်တော့**

ဖြိုးဟု သူတို့အုပ်စုခေါ်ကြသော ဝတ်ရည်ဖြိုး နှင့် သူ၏ ဆုံစည်းမှုက ဟာသတော့ ဆန်သည်။

အဲဒီနေ့က ဖြိုးက သူမ၏ အဘွားအကြောင်းကို စကားစပ်မိကြရာကစသည်။ သူတို့ဆီမှာ အဘွားကို အပေါင်ဟု ခေါ်သည်။ ဥပမာ - ငါတို့အဘွားဆိုလျှင် ငါတို့အပေါင်ဟူ၍။ ယင်း ငါတို့အပေါင်ကိုပင် အဖျားဆွတ်ကာ ခေါ်သောအခါ တို့ပေါင်ဟူ၍ အသံထွက်သည်။ သူတို့အဘွားဟု ပြောချင်လျှင် သူ့ပေါင်။ ငါ့တို့အဘွားဟု ပြောချင်လျှင် ငါ့ပေါင်ဟု ဆိုကြသည်။ ထို့ကြောင့် သူတို့ဓနုဒေသမှာတော့ သူ့ပေါင် ငါ့ပေါင်သည် သူ့အဘွား ငါ့အဘွားကို ဆိုလိုခြင်းသာဖြစ်သည်။ အဘွားအိုကို ပေါင်အိုဟု သူတို့ခေါ်ကြသည်။ သို့သော် ဖြိုးနှင့် ပြဿနာတက်သောနေ့ကမူ သူ့အနေနှင့် ရန်ကုန်ဆိုသည်ကိုမေ့ကာ ကိုယ့်ဒေသလိုပင် အမှတ်တမဲ့ဖြင့် ပေါင်အကြောင်းကို ပြောမိခဲ့သည်။ ထိုနေ့က . . .

ထိုနေ့က ဖြိုးတစ်ယောက် သူမ၏ အဘွားအကြောင်းကို စကားစပ်မိရာက သူမ၏ အဘွားသိပ်နေမကောင်းကြောင်းဆိုသည်။





ပျော်ပျော်နေတတ်သော သူမ၏အဘွားက နေမကောင်းသည့်အချိန်မှာပင်လျှင် အိမ်သားများ စိတ်မပင်ပန်းစေရန် ဟာသများ ဆိုတတ်ကြောင်း၊ သူ့အဘွားနှင့် နေရသည်မှာ အသက်ရှည်ဆေးတစ်မျိုး မှီဝဲနေရသလိုပင် ဖြစ်ကြောင်းဆိုသည်။

အဲဒီမှာ စတွေ့ကြတာပဲ ဖြစ်သည်။ ရုတ်တရက်ဆိုသလို သူက . . . . .

"ငါလည်း နင့်ပေါင်ကို မြင်ဖူးချင်လိုက်တာဟာ . . . တစ်ခါလောက် အိမ်အလည်ခေါ်ပါလား"

"ဘာ"

သူ့စကားကြောင့် သူမမျက်နှာတစ်ခုလုံး နီကာသွားသည်။ ငွေသော်က မျက်လုံးကြီးပြူးကာ သူ့ကို 'ဟကောင်' ဟု အလန့်တကြားရေရွတ်သည်။ တကယ်တမ်းကျ သူတို့အားလုံးနှင့် မရင်းနှီးသေးသော ဝေါဟာရတစ်ခုကို သူပြောမိခဲ့မှန်း သူ့ကိုယ်သူပင် သတိမထားမိ။ သူ 'သူမ' အပေါ် စိတ်ဝင်စားမှု ရှိသည်ကို သူမအပါအဝင် တစ်ဖွဲ့လုံးက သိနေကြပြီးသားမို့ အိမ်အလည်ခေါ်ခိုင်းခြင်းအပေါ်မှာ အံ့အားသင့်နေကြသည်ဟုသာ သူထင်နေခဲ့သည်။

"ဘာ အံ့သြနေတာလဲ . . . တစ်ခါလောက် အိမ်အလည်ခေါ်ပါလားလို့ ပြောတာ . . . နင့်ပေါင်ကို ငါမြင်ဖူးချင်လို့ . . . ငါ့မှာလည်း ပေါင်ရှိသေးတယ်ဟ . . . ငါ့ပေါင်ကတော့ ကျန်းမာရေးကောင်းတယ် . . . ဖြူဖြူတုတ်တုတ်ကြီးပဲ"

"ဟကောင် ဝဏ္ဏ မင်းဘာတွေ ပြောနေတာလဲ"

သူမ မျက်နှာ နီသထက် နီကာလာသည်မို့ အောင်စိုးက သူ့ကို မျက်လုံးကြီး ပြူးပြရင်းဆိုသည်။ သီတာက သူ့ကို ပါးစပ်ကြီးဟကာ ကြည့်ရင်း သူ့ကို တစ်လှည့် သူမကို တစ်လှည့်ကြည့်သည်။

"ဘာပြောရမှာလဲ . . . ငါ့ပေါင်အကြောင်းပြောနေတာ . . .



www.burmeseclassic.com

www.burmeseclassic.com



တောတောက ငါပြောသလိုပဲ . . . ငါ့ပေါင်က ဖြူဖြူ . . တုတ် . . တုတ်"

"ဟဲ့ နင့်ပေါင်အကြောင်း ဘယ်သူမေးနေလို့ ထ,ပြောနေတာလဲ"

နောက်ဆုံးတော့ သူမက မျက်နှာကြီးနီကာ မျက်လုံးကို စုံမှိတ်ရင်း အာခေါင်ခြစ်ကာ ဆိုသည်မို့ သူ အနည်းငယ်တော့ ကြောင်သွားရသည်။

"နင်ကျတော့ နင့်ပေါင်အကြောင်း ပြောပြီးတော့ . . . ငါလည်း ငါ့ပေါင်အကြောင်း ပြောပြတာပါ . . . ဒါနဲ့ စကားမစပ် နင့်ပေါင်က ပိန်လား ဝလားဟင်"

"ဘာ . . . ပိန်ပိန် ဝဝ နင့်အပူလား . . . ဝဏ္ဏ . . ငါ စိတ်ဆိုး လာပြီနော်"

မျက်နှာနီကြီးဖြင့် ပြန်အော်သော သူမ၏ စကားကြောင့် သူကြောင်သွားရသည်။ ဘာကို သူမစိတ်ဆိုးကာ ဘာကြောင့် ထ,ထ အော်နေမှန်း သူမသိ။ သူမ စိတ်မှမှန်ပါလေစဟု သူတွေးမိသည်။

"ဟာ . . . နင့်ပေါင်ကို ပိန်လား ဝလား မေးတဲ့ကိစ္စ နင်က စိတ်ဆိုးစ . . . ရာ . . လား . . ရတယ် နင်မပြောပြချင်လည်းနေ . . နင့်အိမ်လိုက်ကြည့်ရင် နင့်ပေါင် ပိန်လား ဝလား တွေ့မှာပဲ . . . ကဲ အိမ်လည်ခေါ်မယ်မဟုတ်လား . . မခေါ်လည်း ငါကတော့ ခွတ် လိုက်ကြည့်မှာပဲ"

သူ့စကားကြောင့် သူမပါးစပ်ကြီးဟ,ကာ အံ့အားတသင့်ဖြင့် ကြည့်သည်။ ဘေးမှ ဘော်ဒါအားလုံးကလည်း မျက်လုံးများ ပြူးကာ ဝိုင်းကြည့်နေကြသည်မို့ သူ စဉ်းစားရကျပ်သွားရသည်။ ဘာကြောင့် များ မျက်လုံးကြီးတွေ ပြူးကာ ပါးစပ်ကြီးတွေ ဟ,နေကြပါလိမ့်ဟု။ အောင်စိုးက -

"သူငယ်ချင်း မင်းစာအုပ်နဲ့ အထုခံရတော့မယ်နော် . . .

ဇော် ဝင်း မြို့ မ စာ အုပ် တိုက်



စ,နေတာဆိုရင်လည်း ရပ်ဖို့ သင့်နေပြီ"

"ဘာ . . . ငါက ဘာကို စ,ရမှာလဲ . . . ငါက အတည် ပြောနေတာကွ . . . သူ့ပေါင် ပိန်လား . . ဝလား . . အဲ . . ."

ထိုအခါမှ 'အဲ . . .'ဟု ရေရွတ်ရင်း 'ဖျတ်' ခနဲ သူတွေး ဖြစ်သည်။ သူဆိုလိုချင်သော ပေါင်နှင့် သူတို့အားလုံး သဘောပေါက် နားလည်သောပေါင်သည် အကွဲလွဲကြီး ကွဲလွဲနေပြီဟု။ ပူခနဲဖြစ်သွား သော မျက်နှာကို ပွတ်ရင်း 'မဟုတ်ဘူး' ဟု သူ[illegible] ရေရွတ် ဖြစ်သည်။

"ဘာ အခုမှ . . . ကြောက်ပါပြီလဲ

ငွေးသောင်က အံကြီးကြိတ်ကာ ဆိုသည်။

"ငါပြောတဲ့ ပေါင်ဆိုတာ အဘွားကို ပြောတာ..

"ဘာရယ် . . . အဘွား"

အောင်စိုးက မျက်လုံးကြီး ပြူးကာမေးသည်။

"အေး အဘွားကို ငါတို့က ပေါင်လို့ခေါ်တယ် . . . သူ့ပေါင် ငါ့ပေါင်ဆိုတာ သူ့အဘွား ငါ့အဘွားကို ပြောတာကွ . . . ဟိုလိုပေါင် ကို ပြောတာမဟုတ်ဘူး"

"ဟော"

အောင်စိုးတို့နှစ်ကောင်က ထိုအခါမှ 'ဟော' ဟု ပြုံးစိစိကြီး တွေနှင့် ရေရွတ်သည်။ သီတာနှင့် သူမက ရှက်အမ်းအမ်းဖြင့် ခပ် ဟိုးတိုးရယ်သည်။ သို့သော် သူမက မျက်နှာကို ချက်ချင်းပြန်တည် သည်။ ပြီး 'သေချာရဲ့လား' ဟု မယုံမရဲဖြင့် မေးသည်။ ထို့နောက်

"သက်သေတော့ ပြသင့်တယ် ထင်တယ် . . . ဒီအတိုင်းကြီး တော့ လက်မခံနိုင်ဘူး" ဟုဆိုသည်။ သူမစိတ်ထဲမှာ သူဖြီးနေ သည်ဟုများ ထင်နေလေသလားတော့မသိ။ သူမက ထိုသို့ ဆိုသည်၊ ငွေးသောင်တို့ကပါ 'ဟုတ်တယ် ဟုတ်တယ်' ဟု ဝိုင်း၍ ရေရွတ်ကြ

ဇော် ဝင်း မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရုတ်တရက် ထူပူနေခဲ့သည်မို့ သူ ဘာကိုမှ ချက်ချင်းစဉ်းစား၍ မရ။ သို့သော်. . . ကံကောင်းမှုက သူ့ဘက်မှာ ရှိနေခဲ့သည်။ ထိုအချိန်မှာ ညီမဝမ်းကွဲဖြစ်သူ မေဝသုန်က သူတို့ထိုင်နေကြသော Cafe' ထဲသို့ ဝင်လာသည်။ သူ့ကို မေဝသုန်က မမြင်။ သူ ညီမဖြစ်သူကို မြင်မြင်ချင်း အတော်ကြီး ဝမ်းသာသွားရသည်။

"ညီမလေး"

သူ့ခေါ်သံကို မကြား၍လား မသိ။ မေဝသုန်တစ်ယောက် လှည့်၍ပင် မကြည့်။ ထလိုက်ခေါ်ရန် သူထအရပ်မှာ ဒွေးသောင်က သူ့ကို ဆွဲကာထားသည်။ သူ 'ညီမလေး' ဆိုသွားမှန်း ၎င်းတို့မသိကြ။

"ဟ ကောင် အရှူးကွက် မနင်းနဲ့နော် . . ဒါဘယ်ပြေးမလို့ လုပ်တာတုံး"

"အာ . . . ဘယ်က ပြေးရမှာတုံး . . . ဟိုမှာ ငါ့ညီမကို သွားခေါ်မလို့ . . . သီတာ နင်တို့ကို ငါ့ညီမနဲ့ မိတ်ဆက်ပေးမယ်. . အဲဒီမှာ မေးကြည့်ကြ . . . ပေါင်ဆိုတာ ဘာလဲလို့ မေးသာကြည့်ကြတော့"

ဒွေးသောင် လက်ထဲမှ သူ့လက်ကို ဆွဲယူရင်း သီတာတို့ဘက် လှည့်ကာ သူဆိုဖြစ်သည်။

"သီတာ နင်တို့နဲ့ မိတ်ဆက်ပေးမယ် ဆိုတဲ့ မင်းရဲ့စကားက ငါတို့နဲ့ကျတော့ မိတ်မဆက်ပေးဘူးဆိုတဲ့ သဘောလား"

အရေးထဲ အောင်စိုးက ရစ်နေသေးသည်။

"အောင်စိုး . . . လွှတ်ပေးလိုက်ပါကွာ . . . သူ မိတ်မဆက်ပေးတော့ရော ဘာဖြစ်လဲကွ . . . ငါတို့မှာလည်း ပါးစပ်ပါတာပဲ . . . ကိုယ့်ဘာသာကိုယ် မိတ်ဆက်ပစ်လိုက်မှာပေါ့"

"အဲဒါ မပူနဲ့ ဒွေးသောင် . . . သူငါနဲ့ မိတ်ဆက်ပေးပြီးတာနဲ့ ငါက နင်တို့နဲ့ ပြန်ပြီး မိတ်ဆက်ပေးမယ်"





" OK "

သီတာ၏ အဆိုကြောင့် ဒွေးသောင်နှင့် အောင်စိုးက 'OK' ဟု ထအော်သည်မို့ အောင့်သက်သက်ဖြင့် သူ မချိသွားဖြဲဖြင့် ရယ်ဖြစ်သည်။

ထို့နောက် ကောင်တာမှာ မုန့်ဝယ်နေသော ညီမဖြစ်သူဆီ အပြေးတစ်ပိုင်းသွားဖြစ်သည်။

"ညီမလေး"

"ဟာ . . . ကိုကို"

ညီမလေးက အံ့ဩဝမ်းသာစွာဖြင့် ပြန်နှုတ်ဆက်သည်။

"နင်တစ်ယောက်တည်းလား"

"ဟုတ်တယ် . . . မုန့်လာဝယ်တာ"

မုန့်ကို လက်ညှိုးထိုးပြရင်း သူမ ဆိုသည်။

"ဒါဆို မုန့်ဝယ်ပြီးရင် ဟိုဘက်က ဝိုင်းကိုလာခဲ့ . . . ငါ့ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ်"

သူ သီတာတို့ဘက်ကို လက်ညှိုးထိုးပြရင်း ဆိုဖြစ်သည်။ ညီမလေးက ခေါင်းညိတ်သည်။

သူ ဝိုင်းကို ပြန်ရောက်ရောက်ချင်း ဒွေးသောင်က-

"လာ လာ အစ်ကို လာ . . . ထိုင်။ လိုတာရှိရင် ညီလေးကို ပြောနော် . . . ဘာ . . မှ . . . အားမနာနဲ့ . . . အဟဲဟဲ"

ညီမရှိသည်မို့ တမင်နောက်သော ဒွေးသောင်ကို အောင်စိုးက 'ဖျောင်း'ခနဲ နားရင်းအုပ်သည်။

"ဟ . . . ဘာလဲကွ"

နားရင်းအအုပ်ခံရသည်မို့ သကောင့်သားက အောင်စိုးကို အော်သည်။

"ဘာ အခုမှ ကြောက်ပါပြီလဲ . . . စောစောတုန်းကအော့



www.burmeseclassic.com

www.burmeseclassic.com



ခင်းတွေ ငါတွေနဲ့ ဆက်ဆံနေပြီးမှ အခုမှ ဘာ အစ်ကိုလဲ . . ဘယ်က ညီလေးလဲ . . . ငါ့လို ပုံမှန်ဆက်ဆံစမ်းပါ"

အရေးထဲမှာ ပဏ္ဏာဝင်ယူနေသော အောင်စိုးကို ဋ္ဌေးသောင်တ မျက်နှာကြီး ရှုံ့မဲ့ရင်း ကြည့်သည်။

ထိုစဉ်မှာပင် မေဝသုန်က မုန့်ဘူးပါဆယ်ကို ကိုင်ကာ သူတို့ဝိုင်းကို ရောက်လာသည်။

"လာ ညီမလေး ထိုင်"

သူကပင် ကမန်းကတန်း ထကာ ညီမဖြစ်သူအတွက် ထိုင်ခုံ စီစဉ်ပေးရသည်။ ပြီး ဘော်ဒါများဘက်လှည့်ကာ . . .

"မိတ်ဆက်ပေးရဦးမယ် . . . ဒါ ငါ့ညီမဝမ်းကွဲ . . မေဝသုန်တဲ့"

သူ့မိတ်ဆက်စကားတောင် မဆုံးသေး။ ဋ္ဌေးသောင်က . .

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ် . . . အစ်ကိုက ဋ္ဌေးသောင်ပါ . . . သူက အောင်စိုး . . . သူက သီတာ . . . သူက ဖြိုးလို့ခေါ်တဲ့ ဝတ်ရည်ဖြိုး"

ဋ္ဌေးသောင်က သူ့မိတ်ဆက်ပေးသည်အထိပင် စောင့်မနေတော့ဘဲ သူ့ကို ရိသည့်အနေဖြင့် ဝင်၍ ဆိုသည်။ ညီမဖြစ်သူက အားလုံးကို ပြုံးပြသည်။

"ဝဏ္ဏရဲ့ ညီမလေးက ချောလိုက်တာ . . . ဝဏ္ဏနဲ့များ တခြားစီပဲ"

ဖြိုး၏ နှုတ်မှ ထက်လာသောစကားကြောင့် သူပြုံးဖြစ်သည်။ ဒါ သူမ၏ Intro ဖြစ်သည်။ မကြာခင်မှာ မေးခွန်းများ ဆက်တိုက် မေးတော့မည်ဆိုတာ သူကြိုသိနေသည်။

"မ ကမှ ပိုလှတာပါ . . . မတို့ရဲ့ အဘနဲ့ အမေက မွေးထားတတ်တယ်နော်"





"ဩော် . . . အဖေကို မနုတွေက အဘလို့ ခေါ်တာလား"

ညီမလေး၏ စကားအဆုံးမှာ သီတာက ဝင်၍ဆိုသည်။ ညီမလေးက 'ဟုတ်တယ်' ဟု ခေါင်းညိတ်ရင်း ဖြေသည်။

"ဒါဖြင့် အဘိုး၊ အဘွားတွေကျတော့ရော ဘယ်လိုခေါ်လဲ"

ဒီတစ်ခါ မေးလိုက်သူက သီတာမဟုတ်ဘဲ သူမကိုယ်တိုင် ဖြစ်သည်။ သူမ၏ မျက်ဝန်းတို့က စူးခနဲ သူ့ကို ကြည့်သည်။ သဘောက 'မဟုတ်လို့ကတော့ တွေ့မယ်' ဆိုသည့်သဘော။

"အဘိုး အဘွားကို အဘိုး အဘွားပဲပေါ့"

ချက်ချင်းပင် ဖြေလိုက်သော ညီမလေး၏ စကားကြောင့် ညီမလေးမှအပ ကျန်လူအားလုံး၏ မျက်လုံးပြူးကြီးများ၏ အကြည့်က သူ့ဆီ စူးခနဲကျရောက်ကာလာသည်။

"အဘိုး၊ အဘွားကို အဘိုး၊ အဘွားလို့ပဲ ခေါ်တယ် ဟုတ်လား"

သူမက ဖျတ်ခနဲ သူ့ဆီလှမ်းကြည့်ရင်း ညီမလေးကို နောက်တစ်ခေါက်ထပ်မေးသည်။

"ဟုတ်တယ်လေ ဒို့(တို့)ဘိုး၊ ဒို့ဘွားပေါ့ . . အဲ နေဦး . . . "

'နေဦး' . . . ဆိုသော ညီမလေး၏ အဆိုကြောင့် သူတို့အားလုံး၏ အကြည့်သည် ညီမလေး၏ မျက်နှာဆီသာ စူးစိုက်ကြည့်နေဖြစ်ကြသလို အားလုံးက ညီမလေး ဆက်၍ ပြောလာမည့်စကားကို အာရုံစိုက်ကာ နားစွင့်နေကြသည်။ သူ့ရင်ထဲမှာတော့ 'ညီမလေးရေ . . . အဘွားကို အပေါင်လို့ ခေါ်တယ်လေကွာ' ဟု ကြိတ်ကာ ပြောနေဖြစ်သည်။

"အဘွားကို အပေါင်လို့ ခေါ်တယ် . . . တို့အဘွားဆိုရင် တို့ပေါင်ပေါ့ . . . အဲဒီလိုမျိုး"

ညီမလေး၏ စကားအဆုံးမှာ သူ သက်ပြင်းကို ဟင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ချဖြစ်သည်။ သူမက စူးခနဲ သူ့ဆီကြည့်ကာ ဒိုင်းခနဲ မျက်စောင်းထိုးသည်။ ဒီနေ့အဖို့ ညိုမလေးသာ တိုက်တိုက်ဆိုင်ဆိုင် သူတို့ရှိနေသော Cafe' ထဲ ရောက်မလာခဲ့လျှင် ပြဿနာဟု တွေးဖြစ်သည်။

"ဩော် . . . တို့ဘိုး တို့ဘွားဆိုရင် တို့ဘိုး တို့ပေါင်ပေါ့"

ဟု ရေရွတ်ကြည့်ရင်း သီတာက ညိုမလေးကို မေးသည်။ ညိုမလေးက 'ဟုတ်တယ်' ဟု ထောက်ခံသည်။

"မနေ့စကားက ချစ်စရာကောင်းသလို စိတ်ဝင်စားစရာလည်း ကောင်းတာပဲ . . . ဟုတ်တယ်နော် သီတာ"

ဒွေးသောင်း၏ ဘာလိုလိုစကားကို ညိုမလေးက အမှတ်တမဲ့ လိုက်ပြုံးနေသော်လည်း သူကတော့ မြွေမြွေချင်း ခြေမြင်သည်မို့ အောင့်သက်သက်ကြီး ဖြစ်သွားရသည်။

အီလယ်လယ်ကြီး ဖြစ်သွားသော သူ့ကို ကြည့်ရင်း သူမကတော့ ခွီးခနဲ ရယ်သည်။

ဘာပဲပြောပြော ထိုနေ့က သူမထံမှ ပြေလည်မှု နားလည်မှုကို ရရှိလိုက်သောကြောင့် အတော်လေး စိတ်သက်သာရာ ရခဲ့သည်ကတော့ အမှန်ပဲဖြစ်သည်။



သပြေပန်း ဘုရားမှာလှူ

'တောင်ကြီးသူမ' ရအောင်ယူ

**I love you, I love you.**

www.burmeseclassic.com

www.burmeseclassic.com





[illegible] က နေ့သံချပ်တချို့ကို ဆိုရင်း သူ့ကို ရိသဲ့သဲ့ဖြင့် [illegible]က်သည်။

"အေး ငါ့ညီမက တောင်ကြီးသူ မဟုတ်ဘူး . . . ကလောသူ ကွ . . . ကလောသူ မှတ်ထား"

ခပ်ချဉ်ချဉ်ဖြင့် ဆိုသော သူ့စကားကြောင့် အောင်စိုးက-

"အေး ကလောသူဆိုတော့လည်း ကလောသူပေါ့ကွာ . . တောင်ကြီးသူနေရာမှာ ကလောသူကို အစားထိုးပြီးဆိုလို့ ရနေတာပဲ . . . ဥပမာ- သပြေပန်း ဘုရားမှာလှူ . ကလောသူမ ရအောင်ယူ I love you, I love you ပေါ့ကွာ . . . ဟုတ်ဘူးလား ငွေးသောင်ရာ"

"သိပ်ဟုတ်"

နှစ်ယောက်သား အတိုင်အဖောက်ညီနေကြသည်ကို ကြည့်ရင်း သူ့အောင့်သက်သက်ဖြင့် ရယ်ဖြစ်သည်။ ငွေးသောင်က . . .

"ဒါနဲ့ စကားမစပ် ငါတို့မကြားဖူးတဲ့ နေ့သံချပ်တွေလည်း ရှိဦးမှာပေါ့ . . . ဥပမာကွာ . . ဘိုဖြူရဲ့ သီချင်းထဲမှာ မပါသေးတဲ့ဟာမျိုး"





"အေး . . . ရှိတာပေါ့ကွ . . . ဥပမာကွာ . . .

ဝါးပင်ပေါ်မှာ ငှက်ကျားနား အကျီစိမ်းနဲ့ ငါ့ရည်းစား ငါ့ရည်းစားဟေ့ ငါ့ရည်းစား ဆိုတာမျိုး။

သူဆိုပြသော သံချပ်အဆုံးမှာ အောင်စိုးက လက်ဖျစ်တီးသည်။

"ဒါဖြင့် အကျီစိမ်းဆိုတဲ့နေရာမှာ တခြားအရောင်ကိုလည်း ထည့်ဆိုလို့ ရမှာပေါ့. . ဥပမာ . . ကိုယ်ရည်စူးချင်တဲ့ ကောင်မလေးက အပြာရောင်ဝတ်လာရင် အပြာ . , အကျီအနီဝတ်လာရင်လည်း အကျီနီနဲ့ ငါ့ရည်းစား အဲဒါမျိုး . . . ရလား"

"ရတာပေါ့"

ခပ်သွက်သွက်ပင် ခေါင်းညိတ်ပြရင်း သူဖြေဖြစ်သည်။

"ရှိသေးတယ် အများကြီးပဲ . . . ဥပမာ . . ကိုယ်ရိတ်ချင်တဲ့ ကောင်မလေးက နားဆွဲလေးနဲ့ဆိုရင် ဒီသံချပ်ကို ဆိုလို့ရတယ် . . .

ထမင်းစားလည်း စားပွဲနှင့် . . .

မိန်းမ ယူလည်း နားဆွဲနှင့် နားဆွဲနှင့်ဟေ့ နားဆွဲနှင့်"

သူ၏ သံချပ်အဆုံးမှာ အောင်စိုးက 'မိုက်လှချည်လား' ဟု ရေရွတ်သည်။

"ဒီ သံချပ်ထက် ရှေ့က သံချပ်ကို ပိုသဘောကျတယ်။ ဒီသံချပ်က ကိုယ်ပိုးချင်တဲ့ ကောင်မလေးက နားဆွဲဝတ်လာမှ ဖြစ်မှာ -. . ရှေ့က သံချပ်က အကျီ ဘာအရောင်ဝတ်လာ ဝတ်လာ စောင်းဆိုလို့ရတယ်"

ငွေးသောင်က သူ့အမြင်ကို သူ ဆိုသည်။

"ဒါဖြင့် ဟိုက အသည်းကွဲရောင်ကြီး ဝတ်လာရင် ဘယ်လိုဆိုမလဲ"

"အင်"



www.burmeseclassic.com

www.burmeseclassic.com



အောင်စိုး၏ ငွကျကျ အမေးကြောင့် ဒွေးသောင်က 'အင်' ခနဲ ဖြစ်ကာသွားသည်။

"ဒါမှမဟုတ် ငါးပိရောင်တို့ . . . သုံးဘီးကားရောင်တို့ . . . ပိတောက်ခြောက်ရောင်တို့ . . . ဆင်စွယ်ရောင်တို့ ဆိုရင်ရော . . . ဘယ်လိုဆိုမလဲ . . . ကဲ"

အောင်စိုး၏ ပို၍ ခွကျသောအမေးကြောင့် ဒွေးသောင် တစ်ယောက် ခေါင်းကြီး ကုတ်ကာသွားသည်။

"မခက်ပါဘူးကွာ . . . အကျီအရောင် ခွဲမရရင် ဒီလိုဆိုမှာပေါ့"

"ဘယ်လိုဆိုမှာတုံး"

ဟု အောင်စိုးက မေးသည်။

"ဝါးပင်ပေါ်မှာ ငှက်ကျားနား . . .

ဝဏ္ဏညီမ ငါ့ရည်းစား ငါ့ရည်းစားပော့ ငါ့ရည်းစား လို့"

ဒွေးသောင်၏ အဆိုကြောင့် မဆီမဆိုင်ပင် သူခံလိုက်ရသည်။ အောင်စိုးက -

"တောဂျင်းဝိုး အရေးထဲ စီးပွားက ကပ်ရှာနေသေးတယ်"

ဟု ရေရွတ်သည်။ ပြီး သူ့ကို ကြည့်ကာ . . .

"ကောင်မလေးတွေကို စတဲ့ နောက်တဲ့ သံချပ်ရော မရှိဘူးလား . . . မခံချင်အောင် သိမ်းကျုံးပြီး နောက်တာမျိုးပေါ့"

"ရှိတာပေါ့"

အနှိပ်ကွက်ခံရသည့်ကြားက အမှတ်မရှိပါပဲ . . .

'ရှိတာပေါ့'

ဟု သူဖြေအပြီးမှာ အောင်စိုးက . . .

'လုပ်ပါဦး' ဟု ဆိုသည်။

"ဒီလိုကွ . . . ယောက်ျားပွဲလာ . . ကုသိုလ်ရှာ . .





မိန်းမပွဲလာ . . . အချစ်ရှာ . . . အချစ်ရှာပော့ အချစ်ရှာတဲ့ . . . "

သူစကားအဆုံးမှာ 'မိုက်သားပဲကွ' ဟု အောင်စိုးက ဆိုသည်။

"ဩော် . . . ဒါက အားလုံးကို မခံချင်အောင်စတာမျိုးပေါ့ . . . ယောက္ခမတို့ ဘာတို့ကို ထေ့တဲ့စာသားမျိုးတွေရော ရှိလား"

"ရှိတာပေါ့ ဒီလိုမျိုး . . .

တောင်နံရံမှာ ဆီဖူးဆွဲ မြောက်နံရံမှာ ဆီဖူးဆွဲ

ယောက္ခမမျက်နှာစပ်ဖြဲဖြဲ စပ်ဖြဲဖြဲပော့ စပ်ဖြဲဖြဲ . . . "

သူ ဆိုပြ၍အပြီးမှာ 'ဆီဖူး' ဆိုတာ ဘာတုံးဟု အောင်စိုးက မေးသည်။

"ဆီဖူးဆိုတာ ဆီဗူးကို ပြောတာ . . . ခနေလိုအသံထွက်လိုက်တော့ ဗူးကို ဖူးလို့ထွက်သွားတာ . . . ဆီထည့်ထားတဲ့ ဗူးကို ပြောတာ . . . ဆိုလိုတဲ့သဘောက အိမ်ရဲ့တောင်ဘက်နံရံတို့ မြောက်ဘက်နံရံတို့မှာ ဆီဗူးတွေ ပြည့်ပြည့်စုံစုံချိတ်ထားလို့ ယောက္ခမမျက်နှာကြီးက ဖြိုးနေတာပါ ဆိုတဲ့ အဓိပ္ပာယ် . . . အိမ်မှာ ဆန်ဆီဖူလုံနေလို့ ယောက္ခမကြီး ပြုံးဖြိုးဖြိုးဖြစ်နေတယ် ဆိုတဲ့သဘော"

"ဩော် . . . ကြည့်ရတာ အရင်ခေတ်ကတည်းက သမက်တွေက ယောက္ခမတွေကို အတော်ကြီး အောင့်သက်သက်နဲ့ ဖားခဲ့ရတဲ့သဘောပဲ"

ဒွေးသောင်က သံဝေဂရသလိုလို၊ ကိုယ်တိုင်ကပဲ ယောက္ခမနှင့် နေဖူးသလိုလို လေသံမျိုးဖြင့် ဆိုသည်။

"အဲဒါကြောင့် လူ့ရှင်တော်တွေ ပြောကြတာ နေမှာ . . . ဘမ္ဗာပေါ်မှာ အာဒံက ကံအကောင်းဆုံး လင်ယောက်ျားမဲ့တွဲ"

"ဘာတွေလျှောက်ပြောနေတာတုံး . . ယောက္ခမအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကနေ . . . နေရင်းထိုင်ရင်းနဲ့ အာဒံဘက် ရောက်သွား ရတာတုန်း”

“ဩ . . . ငွေသောင် မင်းတော်တော်တုံးသေးတာပဲ . . . မှတ်ထား . . . အာဒံအတွက် ဧဝကို ဘုရားသခင်က ဖန်ဆင်းပေး ခဲ့တာကွ . . . ဒါကြောင့် ဖန်ဆင်းရှင်ပဲ ရှိတဲ့ ဧဝမှာ အဖေ အမေ မရှိဘူး . . . ဒီတော့ အာဒံမှာ ယောက္ခမ အထီးရော ယောက္ခမ အမရော မရှိဘူး . . . ကဲ ဘယ်လောက်တောင် ကံကောင်းတဲ့ အိမ်ထောင်သည် ယောကျ်ားလဲ ဆိုတာ မှန်းသာ ကြည့်တော့”

အောင်စိုး၏ စကားကြောင့် သူတို့နှစ်ကောင် ရယ်ဖြစ်သည်။

“ပြောတဲ့ ပုံစံက သူပဲ အိမ်ထောင်ကျနေလို့ ယောက္ခမဆိုး စုံစုံလင်လင်နဲ့ နေနေရတဲ့ အထာမျိုး”

ငွေသောင်၏ ခနဲ့တဲ့တဲ့ စကားကြောင့် အောင်စိုးက စပ်ဖြီးဖြီးဖြင့် တုံ့ပြန်သည်။

“တစ်ယောက်ယောက်များ ကြားသွားရင် လူရှိန်မလားလို့” ဟု၍။



ငယ်ခါ × × × တို့ ဖ ပိုး × × × ကျောကုန်းပူအောင် တို့ဖပိုး၊ တို့ဖပိုးဟေ့၊ တို့ဖပိုး ကြီးလာခါ သူများပိုး × × × လမ်းဘေး သူငယ် ရည်းစားထားတယ် × × × သူများပိုး သူများပိုးဟေ့ သူများပိုး” ဆိုတဲ့ သံချပ်လည်း ရှိသေးတယ်နော် . . . အဲဒီမှာ ငယ်ခါ ‘တို့ဖပိုး’ ဆိုတာ အဖေလုပ်တဲ့သူက ငယ်ငယ်လေးတုန်းက ကျောပိုးခဲ့တာ . . . ပြီးတော့ ‘ကြီးလာခါ . . . သူများပိုး’ ဆိုတာက အရွယ်ရောက်လာ တော့ ကာလသားတွေက အပျို လူပျို ပိုးကြတယ် ဆိုတဲ့ အဓိပ္ပာယ် မဟုတ်လား”

ငွေသောင်၏ စကားကို ‘ဟုတ်တယ်’ ဟု သူဆိုဖြစ်သည်။

“ငွေသောင် . . . နင် အတော်ကြီးကို လေ့လာထားပါလား ဟ . . . အကြံစည်တစ်ခုခုတော့ ရှိရမယ်”

သီတာက လက်ညှိုးထောင်ရင်း မချိုမချဉ်ဖြင့် ဆိုသည်။

“အေးဟ . . . ငါလည်း ‘ခနဲ့’ မလေးတွေနဲ့ စကားပြောရင် အဆင်ပြေအောင် ဗဟုသုတလည်း ရအောင်ဆိုပြီးတော့ လေ့လာ ထားတာ”

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဗဟုသုတအတွက်ရယ် . . . 'ခနဲ့' မလေးတွေနဲ့ စကားပြောဖို့အတွက်ရယ် သက်သက်ပဲ ဆိုပါတော့ . . . အဟမ်း အဟမ်း"

သီတာက ချောင်းကို လုပ်ဆိုးရင်း ဌေးသောင်ကို ဆိုသည်။ သီတာတို့၏ ရည်ရွယ်ချက်ကို သိသည်မို့ သူ အောင့်သက်သက်ဖြင့် ရယ်ဖြစ်သည်။ ညီမတစ်ယောက်ရှိနေခြင်းက သူတို့ စဖို့ နောက်ဖို့ အတွက် အကွက်ဖြစ်ကာနေသည်။

"အဲဒီ သံချပ်တွေကို ဘယ်အချိန်မှာ ဆိုကြတာလဲဟင်"

ဖြိုး၏ အမေးကြောင့် သီတာက 'အဟမ်း . . . အဟမ်း' ဟု ချောင်းကို လုပ်ဆိုးပြန်သည်။ ပြီး . . 'ဩော် . . လေ့လာတဲ့ သူတွေကလည်း စတင်လေ့လာနေကြပြီကိုး'

ဟု တစ်ယောက်တည်း ငြီးသလိုလိုဖြင့်ဆိုသည်။ သီတာ၏ အဆိုကြောင့် ဖြိုးက ရှက်ကိုးရှက်ကန်းဖြင့် သီတာ့ပခုံးကို ခပ်ဖွဖွ ရိုက်သည်။ ပြီး . . . "ငါက ဗဟုသုတအနေနဲ့ မေးတာ" ဟု ရှက်ဝဲဝဲ ဖြင့် ဆိုသည်။

"အင်း . . ဌေးသောင်ကလည်း ခနဲ့သံချပ်တွေကို ဗဟုသုတ ရချင်လို့ဆိုပြီး လေ့လာ . . . ဖြိုးကလည်း ဗဟုသုတရချင်လို့ဆိုပြီး တော့ ခနဲ့ရိုးရာဓလေ့တွေအကြောင်း လေ့လာ . . . အေးလေ ကောင်းပါတယ် . . . ဗဟုသုတဆိုတာမျိုးကလည်း စုံလေကောင်းလေ ပဲလေ . . . အဟမ်း အဟမ်း အရေးထဲ ချောင်းကလည်း ဆိုးနေ လိုက်တာ . . . အဟမ်း အ . . ဟမ်း"

သီတာ၏ ရွဲ့တဲ့တဲ့အဆိုကြောင့် သူတို့အားလုံး ရယ်ဖြစ်ကြ သည်။

"ကဲ . . အဲဒါနဲ့ပဲ လိုရင်းက ပျောက်သွားဦးမယ် . . စောစော က ဖြိုးမေးတဲ့ မေးခွန်းကို မင်းမဖြေရသေးဘူး ဝတ္တာ"





အောင်စိုးက သူ့ကို မေးဆတ်ပြရင်း ဆိုသည်။

"ရိုးရာ တာတက်ပွဲတွေ ဘာတွေအကြောင်းကနေစပြီး ရှင်းပြနေရင် မင်းတို့ ရှုပ်ကုန်မှာ သေချာတယ် . . . ဒီတော့ အကြမ်း ဖျင်းအနေနဲ့ ဘုရားပွဲတွေမှာ ဆိုကြ ကကြတာ . . . တာတက်ပွဲက ဘုရားဖူးရင်း လိပ်ခုတူးလို့ရတဲ့ ပွဲမျိုး . . . ဘုရားပွဲမှာပဲ တချို့က ဖူးစာရှာကြတယ် . . . အဲဒီလိုပွဲမျိုးမှာ ကခုန်တီးမှုတ်ကြရင်း ဆိုကြ တယ်လို့ပဲ မှတ်ထားပေါ့ . . . အခုနောက်ပိုင်းမှာတော့ ပြည်ထောင်စု နေ့လိုမျိုး အထင်ကရပွဲတွေမှာ သီဆိုကြတယ် . . . ကခုန်ကြတယ် . . . ကဲ ဘာသိချင်သေးလဲ"

သူ့စကားအဆုံးမှာ အောင်စိုးက 'ခနဲ့တိုင်းရင်းသားနဲ့ . . . တောင်ရိုးတိုင်းရင်းသားက တူလား' ဟု မေးသည်။

"ဟာ . . . မတူဘူး မတူဘူး . . . ခနဲ့က သပ်သပ် . . တောင်ရိုးက သပ်သပ်ပဲ . . . လေယူလေသိမ်းကအစ ဝတ်ဆင်တဲ့ ဝတ်စုံအဆုံး မတူဘူးကွ . . . အဝတ်အစားဆိုတဲ့နေရာမှာ ခေါင်း ပေါင်းကစပြီး ကိုယ်မှာဝတ်တဲ့ အဝတ်အစားကအဆုံး မတူဘူး . . . ဥပမာ- ခနဲ့အမျိုးသမီးဝတ်စုံက အင်္ကျီနဲ့ ထဘီနဲ့ . . . တောင်ရိုး အမျိုးသမီးဝတ်စုံက ဂါဝန်လို ဝတ်စုံမျိုး . . တောင်ရိုးအမျိုးသမီးတွေ က ငွေခြေချင်းတို့၊ ငွေလက်ကောက်တို့ကို ဝတ်တယ် . . . ခနဲ့က အဲဒီလို ခြေချင်းတွေ ဘာတွေမဝတ်ဘူး . . . နောက်ကြုံတော့မှ ရိုးရာဝတ်စုံ အပြည့်ဝတ်ထားတဲ့ ခနဲ့မောင်မယ်တွေရဲ့ပုံရယ် . . . တောင်ရိုးမောင်မယ်တွေရဲ့ ဓာတ်ပုံကို ငါပြမယ်"

သူ့စကားအဆုံးမှာ အားလုံးက ခေါင်းညိတ်ကြသည်။

"ပြီးတော့ ငါတစ်ခုမေးဦးမယ် . . . ခနဲ့မှာ အိုးစည်ရှိတယ် . . ရှမ်းမှာကလည်း အိုးစည်ရှိတယ် . . . တချို့က ခနဲ့အိုးစည်နဲ့ ရှမ်းအိုးစည်ကို အတူတူပဲတဲ့ . . . တချို့ကတော့လည်း မတူဘူး



www.burmeseclassic.com


www.burmeseclassic.com



. . . ခနုအိုးစည်က သတ်သတ် . . . ရှမ်းအိုးစည်က သတ်သတ်တဲ့ . . . အဲဒါ ဟုတ်လား"

ဧွှေးသောင်က မေးစေ့ကို ပွတ်ရင်း မေးသည်။

"ဟုတ်တယ် . . . ခနုအိုးစည်နဲ့ ရှမ်းအိုးစည်နဲ့က မတူဘူး . . . မိနုအိုးစည်က ရှမ်းအိုးစည်လောက် မရှည်ဘူး . . . ရှမ်းအိုးစည်က အလျား ရှည်တယ် . . . သွယ်တယ် . . . ရှမ်းအိုးစည်ကို လမ်းလျှောက်ရင်း တီးမယ်ဆိုရင် တီးတဲ့လူတစ်ယောက်တည်း လွယ်ပြီး တီးလို့ သိပ်အဆင်မပြေဘူး . . . နောက်ကနေ တစ်ယောက်က အိုးစည်ကို ကူမထားပေးမှ ပိုအဆင်ပြေတယ် . . ခနုအိုးစည်ကတော့ ရှမ်းအိုးစည်လောက် အလျားမရှည်တဲ့အတွက် တီးတဲ့လူက လွယ်ထားရင် မြေကြီးနဲ့ လွတ်လွတ်ကျွတ်ကျွတ်ဖြစ်နေတယ် . . . လမ်းလျှောက်ရင်း တီးမယ်ဆိုရင်လည်း သူကရတယ် . . . လွယ်လွယ်ကူကူ မှတ်ထားလို့ ရပါတယ် . . . ခွဲခြားသိဖို့လည်း လွယ်တယ် . . . ရှမ်းအိုးစည်က သွယ်တယ် . . . ရှည်တယ် . . . ခနုအိုးစည်က အလျားသိပ်မရှည်ဘူး . . . ရှမ်းအိုးစည်လောက် မသွယ်ဘူး . . . ခနုအိုးစည်နဲ့ ရှမ်းအိုးစည်ကို ယှဉ်ပြီးထောင်ထားရင် ရှမ်းအိုးစည်က သိသိသာသာရှည်နေတာကို တွေ့ရလိမ့်မယ် . . . ဒီမှာကွာ . . . ငါ ပုံဆွဲပြမယ် . . . နောက်ကြုံရင် မင်းတို့ ခွဲခြားတတ်အောင်လို့"



တော် ဝင် မြို့ မ ဓာ အုပ် တိုက်



စက္ကူအလွတ်ပေါ်၌ သူဆွဲပြသောပုံကိုကြည့်ပြီး ဧွှေးသောင်က ခွီးခနဲ ရယ်သည်။

"ဘာရယ်တာလဲကွ . . . မပီပြင်လို့လား . . . ငါက သဘောတရားကို ဆွဲပြတာလေကွာ . . . ပန်းချီဆရာမှ မဟုတ်တာ . . . ဒီလောက်ပဲ ရတော့မှာပေါ့"

"ငါရယ်တာက အဲဒါကို ရယ်တာမဟုတ်ဘူး . . . မင်းဆိုလိုချင်တဲ့ အိုးစည်နှစ်မျိုးရဲ့ ကွဲပြားခြားနားမှုကို ငါသိပါတယ်ကွ . . . ဒါပေမယ့် မင်းက အိုးစည်ကို လွယ်တဲ့ ကြိုးပါထည့်ပြီး ဆွဲထားတဲ့ ပုံစံက အိုးစည်ပုံမပေါက်ဘဲ လက်ကိုင်ကိုင်းနဲ့ ဖန်ခွက်ပုံပေါက်နေလို့ကွ"

ဧွှေးသောင်၏ စကားကြောင့် သူတို့အားလုံး ရယ်ဖြစ်ကြသည်။

"မင်းကသာ ဖန်ခွက်ပုံလို့ မြင်နေတာ . . . ငါကျတော့ အဲဒီလို မမြင်ဘူး"

" အင်း . . . ဖွဲ့စမ်းပါဦး"

အောင်စိုးက သူဆွဲပြထားသော စက္ကူဖြူကို ကိုင်ကာ ကြည့်ရင်း ဆိုသည်မို့ သူတမင်ပင် 'ဖွဲ့စမ်းပါဦး' ဟု ဆိုဖြစ်သည်။ ဆရာသမားက . . .

"မင်းထည့်ထားတဲ့ အိုးစည်ကို လွယ်တဲ့ ကြိုးကို ဆန့်ကျင်ဘက်မှာ ထပ်ထည့်လိုက်ရင် ဆုဖလားနဲ့ တူသွားရော . . . ပေး ငါဆွဲပြမယ်"

ပြောပြောဆိုဆိုပင် ဆရာသမားက စက္ကူလွတ် နောက်တစ်ရွက်ပေါ်မှာ ပုံတစ်ပုံကို ဆွဲပြသည်။

တော် ဝင် မြို့ မ ဓာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com





ပြီး 'တွေ့လား' ဟု တခွီခွီ ရယ်ရင်းဆိုသည်။

"ဘာပဲပြောပြော အောင်စိုးဆွဲထားတဲ့ပုံက ဝဏ္ဏရဲ့ပုံလောက် အသက်မဝင်ဘူး . . . ဝဏ္ဏရဲ့ပုံက ကြည့်လိုက်တာနဲ့ အဓိပ္ပာယ်ကို ချက်ချင်းသိတယ်"

အမှတ်တမဲ့ ဝင်၍ဆိုသော ဖြိုး၏စကားကြောင့် အောင်စိုးက 'အောင်မာ အောင်မာ' ဟု မချိုမချဉ်ဖြင့် ရေရွတ်သည်။

သီတာက 'သိမှာပေါ့ သိမှာပေါ့ . . . စိတ်ချင်းဆက်သွယ်မှုတွေက ရှိချင်ရှိနေမှာကိုး' ဟု သူမဘာသာ သူမရေရွတ်သလိုလိုဖြင့် ဆိုသည်။

သီတာ့စကားကြောင့် သူမ၏ မျက်နှာက ရှမ်းအမ်းအမ်းကြီး ဖြစ်ကာ သွားသည်။ မလုံမလဲဖြင့် ဖျတ်ခနဲ သူ့ဆီ လှည့်အကြည့်မှာ သူ့ရင်တွေ ကဲတုန်ကရင်ကြီး ဖြစ်ကာသွားသည်။



"မနေ့ည ကကွာ . . . အိပ်မက်ထဲမှာ အွန်စောက ငါ့ကို L-ဆိုင်းဇီ သီချင်းလေးပုဒ်ဆိုပြီး ငါ့ကို ချော့တယ်"

အစမရှိ အဆုံးမရှိ ဆိုလိုက်သော ဒွေးသောင်၏ စကားကြောင့် သူရော အောင်စိုးပါ ကြောင်တောင်တောင်ဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်ကြသည်။

"ဘာပြောတယ်. . . ဒွေးသောင် . . အွန်စောက L-ဆိုင်းဇီနဲ့ သီချင်းလေးပုဒ်ကို မြန်မာလိုဆိုတယ် ဟုတ်စ"

"ဟုတ်တယ် မြန်မာလို ပီပီသသကြီး ဆိုရုံတင်မကဘူး . . . အသံလေးကလည်း ဆိုင်းဇီလို ချိုချိုလေးကွ"

ဒွေးသောင်၏ ချေပမှုအဆုံးမှာ အောင်စိုးက 'မင်းအိပ်မက်ကလည်း ကြုံကြုံဖန်ဖန် မဖြစ်နိုင်တာကိုမှ ရွေးမက်တတ်တယ်' ဟု ဆိုသည်။

"ဩော် သူငယ်ချင်းရာ . . . အိပ်မက်ပဲ ဥစ္စာ မဖြစ်နိုင်တာတွေ ဖြစ်နိုင်တာတွေ ရွေးပြီးမက်နေရဦးမှာလား . . . သူ့ မက်ချင်သလို မက်မှာပေါ့ကွ"

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒွေးသောင်က ထိုသို့ လေပြေထိုးသည်။

"သူ မက်ချင်သလို မက်တာတော့ မဖြစ်နိုင်ဘူး . . . မင်း မက်ချင်သလို မက်တာပဲ ဖြစ်မယ်"

အောင်စိုးကလည်း နည်းနည်းလေးမှ အတိမ်းအစောင်း မခံ၊ တစ်ခွန်းချင်းပြန်၍ ပက်သည်။

"ကဲပါ သူငယ်ချင်းရာ အိပ်မက်ထဲမှာပဲ ဥစ္စာ . . . ထား ပေးလိုက်စမ်းပါ . . . ကဲ ကဲ ဆက်ပြော ဒွေးသောင် . . . မင်း အိပ်မက်ထဲမှာ အွန်စောက မြန်မာသံ ပီနေလိုက်တာများ အညာသူ တစ်ယောက်လိုပဲလား"

သူ့အမေးကို ဒွေးသောင်က ခေါင်းရမ်းသည်။

"ဟင့်အင်း သယ်ဂျင်း . . . မင်းပြောသလို မဟုတ်ဘူးကွ . . . သူ့လေသံက ချင်သံဝဲဝဲလေး . . . ဆိုင်းဇီလိုပဲ"

"ဩော် . . . အေးပါ . . . အေးပါကွာ ဆက်ပြောစမ်းပါဦး . . . သူက L-ဆိုင်းဇီရဲ့ ဘယ်သီချင်းလေးပုဒ်ကို ဆိုတာတုံး"

သူ တမင်ပင် ဖော်လို လိုက်ပေးဖြစ်သည်။

"ဒီလိုကွ . . . အိပ်မက်ထဲမှာ ငါက ခရီးတစ်ခုထွက်ဖို့ ဖြစ်လာတယ်"

"အဝီစိကိုလား"

ဒွေးသောင်၏ စကားကို အောင်စိုးက ငေါ့သည်။

"မင်းအသာနေစမ်းပါ . . . အောင်စိုးရ . . . ဒီလိုကွ ဝဏ္ဏရ . . ငါက ဘယ်ကို ခရီးထွက်မှန်းတော့ မသိဘူး . . ထွက်တော့ ထွက် တယ် . . . အဲ ဓာတ်ရှင်တွေထဲမှာလိုပဲ မီးခိုးလိုလို မြူလိုလိုတွေ အုံ့ ဆိုင်းနေတော့ ဘယ်နေရာမှန်းကို မသဲကွဲဘူး"

"အင်း ဆက်ပါဦး"

သူ ဒွေးသောင်၏ စကားကို ထောက်ပေးဖြစ်သည်။

တော် ဝင် မြို့ မ စာ အုပ် တိုက်



"အဲဒီမှာ ငါက ကျောပိုးအိတ်လေးနဲ့ အိမ်ထဲက ထွက်အလာ အွန်စောလေးက ငါ့နောက်က အပြေးတစ်ပိုင်း လိုက်ထွက်လာတယ် . . . ပြီးတော့ ကုလား ဓာတ်ကားတွေထဲက ကုလားမင်းသမီးလေးလို လက်ကိုဆန့်ပြီး သီချင်းဆိုတယ် . . . သူဆိုတဲ့ သီချင်းက 'မလွမ်းရဲ သေးဘူး မောင်ရယ်' တဲ့ . . . ငါ ခရီးထွက်မှာမို့ သူက ဆိုတာ"

"ဩော်"

အောင်စိုးက မျက်နှာကြီး ရှုံ့မဲ့ကာဖြင့် 'ဩော်' ဟုခပ်ထေ့ ထေ့ရေရွတ်သည်။

"အဲဒါနဲ့ မင်းက မသွားဖြစ်တော့ဘူးလား"

သူ တမင်ပင် သကောင့်သား ဒွေးသောင်၏စကားကို ထပ်၍ ဖော်လိုလိုက်ဖြစ်သည်။

"ဘယ်ကလာ . . . သွားဖြစ်တာပေါ့ ငါလည်း သူ့ကို ပြုံးနည်းနည်းနဲ့ ကျောခိုင်းပြီး ထွက်အလာမှာ အွန်စောက သီချင်း နောက်တစ်ပုဒ်ကို ဆက်တိုက်ဆိုတယ် . . . 'လှည့်ကြည့်ပါဦးလား' နောက်တစ်ပုဒ်က 'အရူးမလုပ်ပါနဲ့' တဲ့ . . .

"အွန်စောလေး သနားပါတယ် . . . သူ့ခမျာ ကျွန်ုပ်၏ ဆိုသလို ဖြစ်ပြီး အတော်ပင်ပန်းရှာမှာပဲ"

ဒွေးသောင်၏ စကားအဆုံးမှာ အောင်စိုးက နှိပ်ကွပ်ပြန် သည်။

"ဟကောင် အောင်စိုး . . . မင်း အသာနေစမ်းပါ . . အခု ငါ့အိပ်မက် . . က အကြောင်းအရာတစ်ခုလုံးရဲ့ အထွဋ်အထိပ်ကို ရောက်နေပြီကွ"

"အေးပါကွာ . . . ငါ နွားရေ့ ထွန်မကျူးတော့ပါဘူး"

"ဘာကွ . . . မင်းက ငါ့ကို နွားလို့ ပြောတာလား"

အောင်စိုး၏ စကားကြောင့် ဒွေးသောင်တစ်ယောက် ရှုံ့မဲ့

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှဲရှဲဖြစ်ကာ သွားသည်။

"မပြောပါဘူး သယ်ဂျင်းရာ . . . စကားအဖြစ် ပြောတာပါကွာ"

"မင်းရဲ့ စကားအဖြစ်ပြောတာကလည်း လွန်ကို လွန်လွန်းတယ် . . . စောစောကကျတော့ ကျွဲပါးစောင်းတီး ဆိုတဲ့ စကားပုံနဲ့ ငါ့ကို ကျွဲနဲ့ နှိုင်းတယ် . . . ဟော အခုကျတော့ နွားရှေ့ထွန်ကျူး ဆိုပြီးတော့ နွားနဲ့နှိုင်းတယ်"

"ကဲပါ ဋ္ဌေးသောင်ရာ . . . မင်းအွန်စောနဲ့ အဆင်ပြေနေတာကို သူ့ဘာသာသူ မနာလိုဖြစ်နေတာပါကွာ . . . ခေါက်ထားလိုက်စမ်းပါ . . . ကဲ ကဲ မင်းရဲ့ ဇာတ်လမ်းလေးကို ဆက်ပါဦးကွ . . . ဇာတ်က တကယ့်အမြင့်ဆုံးအနေအထားကို ရောက်နေပြီ"

နောက်ဆုံးတော့ သူပဲ ကြားမှဝင်ကာ ပြန်ဖြေပေးဖြစ်သည်။ မဟုတ်လို့ကတော့ ထုံးစံအတိုင်း သကောင့်သားနှစ်ကောင် တစ်ယောက်နှင့်တစ်ယောက် ဖွဲ့၍ဆုံးတော့မည်မဟုတ်။

ဋ္ဌေးသောင်က အောင်စိုးမျက်နှာ ပြောင်ချော်ချော်ကို 'နေနှင့်ဦးပေါ့ကွာ' ဟူသော သဘောဖြင့် ခပ်ထန်ထန်ကြည့်သည်။ ပြီး သူ့ဘက်ကို လှည့်ကာ . . .

'ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး' ဟု ဆိုရင်း ခေါင်းကို ကုတ်သည်။

"အွန်စောကို မင်းက ကျောခိုင်းပြီးအထွက်မှာ အွန်စောက သီချင်းနှစ်ပုဒ်ကို ဆက်တိုက်ဆိုတယ်ကွာ . . . 'လှည့်ကြည့်ပါဦးလား' ရယ် 'အရှုံးမလုပ်ပါနဲ့' ရယ် . . ."

သူ၏ အပြောကို သကောင့်သားက 'အေး ဟုတ်တယ် မှတ်မိပြီ' ဟု ဆိုရင်း လက်ဖျစ်တီးသည်။

"အဲဒီနောက်မှာ သူကလည်း အငိုတစ်ဝက်နဲ့ ငါ့ကိုတား . . .





ငါကလည်း စိတ်မကောင်းစွာနဲ့ပဲ မဖြစ်နိုင်တော့လို့ပါနဲ့ ငြင်းပေါ့ကွာ . . . နောက်ဆုံး ငါလည်း အပြီးအပိုင် လှည့်အထွက်မှာ သူတနှုတ်ဆက်တဲ့ သီချင်းတစ်ပုဒ်ကို ဆိုတယ် . . . ဆိုင်းဂီရဲ့ သီချင်းပဲ"

"နှုတ်ဆက်ထွက်ခွာသူလား"

"မဟုတ်ဘူး"

"ဒါဖြင့် 'ပြန်လာခဲ့' "

"အဲဒါလည်း မဟုတ်ဘူး"

အောင်စိုးက သူခန့်မှန်းသော သီချင်းများ မဟုတ်သည်မို့ 'ဒါဖြင့် ဘာလဲကွာ' ဟု မေးသည်။

" 'တိတ်တိတ်လေးပဲ ချစ်သွားမယ်' တဲ့ကွ"

ပြောပြီး တခွိခွိနှင့် သူ့ကိုယ်သူ သဘောကျနေသော ဋ္ဌေးသောင်ကို မေးငေါ့ပြရင်း 'ဦးနှောက်မကောင်းတော့ဘူး' ဆိုသော အမူအရာကို အောင်စိုးက သူ့အားလုပ်ပြသည်။ ပြီး 'မှားပါတယ်' ဟု အရယ်တစ်ဝက်ဖြင့် ရေရွတ်သည်။

"ဒါနဲ့ စကားမစပ် ဖြိုးနဲ့ မင်းနဲ့ အခြေအနေက ဘယ်လိုလဲဝကွ"

ဋ္ဌေးသောင်က တခွိခွိရယ်နေရာမှ တိခနဲ ရပ်ကာ သူ့ဘက်လှည့်ရင်း မေးသော အမေးကြောင့် ရုတ်တရက်ကြီးမို့ သူကြောင်သွားရသည်။

"ဘာကို ပြောတာလဲ"

ပြန်မေးသော သူ့အမေးကြောင့် ဋ္ဌေးသောင်က . . .

"အောင်မာမာ . . . မင်းက ရှုးချင်ယောင်ဆောင်နေသေးတယ် . . . ဘာလဲ မင်းက မင်းလုပ်ရှားထားသမျှ ငါတို့မသိဘူး ထင်လို့လား"

"မဟုတ်သေးဘူး . . . ငါ ဘာကို ရှုးချင်ယောင်ဆောင်နေ



www.burmeseclassic.com

www.burmeseclassic.com



တုံး . . . မင်းတို့ ဘာတွေပြောနေကြတာတုံး"

"အောင်မယ်မယ် . . . မင်း ညတိုင်း ဖြိုးဆီ ဖုန်းဆက်ဆက်နေတာတွေ . . . သူ့အိမ်သွားတာတွေ ငါတို့ မသိဘူးထင်လို့လား"

အောင်စိုး၏ စပ်ဖြီးဖြီးဖြင့် အဆိုကြောင့် 'ဩော် . . ဒါလား' ဟု သူရေရွတ်ဖြစ်သည်။

"မတိုက်ဆိုင်သေးလို့ မပြောပြတာပါကွာ . . . ပြောပြရလောက်အောင်လည်း ဘာမှ ထူးခြားတာမျိုးမရှိဘူးလေကွာ . . ဖုန်းဆက်တယ်ဆိုတာကလည်း ဖြိုးဆီမှ မဟုတ်ပါဘူး . . . သီတာ့ဆီလည်းငါဆက်တာပဲ. . . နောက် မင်းတို့နှစ်ကောင်ဆီလည်း အမြဲတမ်းဆက်နေတာပဲလေ . . . အိမ်လည်တယ်ဆိုတာကလည်း ကြုံလို့သွားတာပါ . . . တမင်သွားတာမဟုတ်ဘူး"

သူ ပျာပျာသလဲပင် ဖြေရှင်းဖြစ်သည်။

"ဩော် . . . သူ့ပေါင်ကို သွားကြည့်တာလား"

"အေး သူ့အဘွားကို ကြည့်ရင်းနဲ့"

ဌေးသောင်က ပြောင်ချော်ချော်ဖြင့် 'မနု'လို ဆိုသော စကားကို သူက တမင်မြန်မာလို ပြင်ပြောဖြစ်သည်မို့ သကောင့်သားနှစ်ကောင်က 'ဒီလိုကျတော့လည်း ဟုတ်လားပဲ' ဟု ဆိုသည်။

"ဒါဆို သူ့ပေါင်နဲ့ တွေ့ခဲ့လား"

"အေး သူ့အဘွားနဲ့ ဆုံခဲ့တယ်"

ဌေးသောင်တို့ နှစ်ကောင်က မနုလိုဆို သူက မြန်မာလိုပြောမို့ သုံးကောင်သား ဘာရယ်မဟုတ် ရယ်ဖြစ်ကြသည်။

"ငါ ကံကောင်းတယ်ကွ"

"ဘာဖြစ်လို့လဲ"

သူ့စကားကြောင့် အောင်စိုးက 'ဘာဖြစ်လို့လဲ' ဟုမေးသည်။

"သူ့အဘွားက အစိုးရဝန်ထမ်းဆိုတော့ ပင်စင်မယူခင်က

တော် ဝင် မြို့ မ စာ အုပ် တိုက်



နယ်စုံလျှောက်သွားရတယ် မဟုတ်လား . . . အဲဒါ ပင်းတယဘက်မှာ နှစ်နှစ်လောက် နေခဲ့ဖူးတော့ မနုအခေါ်အဝေါ်တွေ တော်တော်များများ သိနေတယ် . . . အဲဒီမှာ ပြန်ပြောကြ ပြုကြနဲ့ ငါ့ကို တော်တော်ခင်သွားတယ် . . . ငါ့ကို နောက်လည်း လာလာလည်ပါဦးတဲ့"

"နိပ်တာပဲ"

သူ့စကားအဆုံးမှာ ဌေးသောင်က ထိုသို့ရေရွတ်သည်။

"နေပါဦး မင်းက ဘယ်လိုကနေ ဘယ်လို ဆက်စပ်မိပြီး ဖြိုးတို့အိမ်ကို ရောက်သွားတာတုံး"

အောင်စိုးက နားမလည်နိုင်သော ပုံစံမျိုးဖြင့် အမေးရှိသည်။

"ဟာ မင်းတို့ကို ငါဖုန်းဆက်ပြီးခေါ်တဲ့နေ့ကလေကွာ. . . မင်းတို့ မလာကြဘူးလေကွာ . . . ဒီ တနင်္လာနေ့တုန်းက"

"အေး ဟုတ်တယ် . . . အဲဒီနေ့က ငါတို့မလာဖြစ်ဘူး . . . သီတာနဲ့ ဖြိုးကတောင် စိတ်ဆိုးနေသေးတယ် . . . ဟုတ်သားပဲ. . အဲဒီနေ့က ဖြိုးတို့အိမ်မှာ ရွှေတောင်ခေါက်ဆွဲကျွေးမယ်လို့ ခေါ်ထားတာပဲ"

သူ့စကားကြောင့် အောင်စိုးက လက်ဖျစ်တီးရင်းဆိုသည်။

"အေး . . . အဲဒီနေ့က . . . အဲဒီနေ့က . . . "

"ဟုတ်ပြီ ပြောစမ်းပါဦး . . . ဘယ်ကနေ ဘယ်လို စကားစမိပြီး "OK" သွားကြတာတုံး"

"ဒီလိုကွ . . . "

www.burmeseclassic.com

www.burmeseclassic.com



"ဝဏ္ဏရေ ... ဟိုနှစ်ကောင်က မလာဖြစ်ဘူးထဲ့ . . အခုပဲ ငါ့ကို ဖုန်းဆက်တယ်"

တစ်ခါမှ မရောက်ဖူးသော သူမ၏အိမ်ကို ရောက်ရောက်ချင်းမှာပင် သူမက တံခါးဖွင့်ပေးရင်း ဆိုသည်။

"သိတာနဲ့ ကေခိုင်တော့ ရောက်ပြီ"

တစ်ဆက်တည်းမှာပင် သူမက ဆိုသည်။

"မနေ့ညက ငါဖုန်းဆက်တော့ လာခဲ့မယ်လို့ ပြောတာပဲ ဒီနှစ်ကောင် ဘာကိစ္စရှိနေလဲ မသိဘူး . . . ငါ အခု ဖုန်းဆက်ပြီး ကောလိုက်ဦးမယ်"

"နေပါစေဟာ . . . ဘာကိစ္စရှိနေလဲမှ မသိတာ . . . ဆက်မနေနဲ့တော့ . . . ကြုံတော့မှပဲ ငါ အပြတ်ကောပစ်လိုက်မယ်"

သူ့စကားအဆုံးမှာ သူမက 'နေပါစေ' ဟု တားသည်။ ယောက်ျားလေးမှာ သူတစ်ယောက်တည်းမို့ အားလုံးထဲမှာ ကြောင်တောင်တောင်ကြီး ဖြစ်ကာနေသည်။ ထို့ကြောင့် ဆရာသမားနှစ်ကောင်ကို ကောင်းကောင်းကြီး မေတ္တာပို့ဖြစ်သည်။





"လာ ဝဏ္ဏ ခဏထိုင်ဦး . . . ငါကော်ဖီသွားယူလိုက်ဦးမယ်"

"အာ . . . ရပါတယ်ဟာ"

"ဘာဖြစ်လို့တုံး . . , အားနာလို့လား"

"မဟုတ်ဘူး . . . ခေါက်ဆွဲ သိပ်မစားနိုင်တော့မှာစိုးလို့ . . . အဟဲ"

အရယ်တစ်ဝက်ဖြင့် ဆိုသော သူ့စကားအဆုံးမှာ သူမက ဆတ်ခနဲ မျက်စောင်းထိုးသည်။ ထိုမျက်စောင်းကား သူ့ရင်ကို အတိုင်းအဆမရှိ တုန်ခါစေသော မျက်စောင်း။ ပြီး 'ခဏလေး' ဟု ဆိုကာ အိမ်နောက်ဘက်သို့ ဝင်သွားသည်မို့ ဧည့်ခန်းထဲမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ထိုစဉ်မှာပင် အိမ်ပေါ်မှ ဆင်းလာသော သူမ၏အဘွားနှင့် ဝဆုံခြင်းဖြစ်သည်။ ဧည့်ခန်းထဲမှာ ကြောင်တောင်တောင်ဖြင့် ထိုင်နေသော သူ့ကိုကြည့်ပြီး သူမ၏အဘွားက ပြုံးသည်။ အသက်ရှစ်ဆယ်ကျော်ဟု မထင်ရလောက်အောင် အဘွားက သွက်သွက်လက်လက်ပင် အိမ်ပေါ်မှ ဆင်းလာသည်။

"မြေးရဲ့ သူငယ်ချင်း ထင်တယ်"

အဘွား၏ စကားကြောင့် သူ 'ဟုတ်ကဲ့' ဟု ဖြေဖြစ်သည်။ အဘွားက သူနှင့် မျက်နှာချင်းဆို ဆိုဖာမှာ ဝင်ထိုင်ရင်း-

"အဘွားရဲ့ မြေးနဲ့က ကျောင်းအတူတူပဲလား"

"မဟုတ်ဘူးအဘွား . . . ပြင်သစ်စာသင်တန်း တစ်ခုမှာ ဆုံကြတာပါ . . . ကျွန်တော်က တောင်ကြီးတက္ကသိုလ်ကနေ ကျောင်းပြီးတာ ခင်ဗျ"

"သြော် . . . သားက ရှမ်းတိုင်းရင်းသားလား"

"မဟုတ်ဘူး ခင်ဗျ . . . ကျွန်တော်က ဓနုနဲ့ တောင်ရိုး



www.burmeseclassic.com

www.burmeseclassic.com



ကပြားပါ . . . အဖေက တောင်ရိုးတိုင်းရင်းသား အမေက ဓနုပါ"

"ဩော် အဘွားလည်း ဝန်ထမ်းဘဝတုန်းက ပင်းတယဘက်မှာ နှစ်နှစ်နေခဲ့ဖူးတယ်"

"ဟုတ်လား အဘွား ကျွန်တော်လည်း ပင်းတယကပဲ"

ဝမ်းသာအားရဖြင့် ဆိုရင်း စကားပြော ကောင်းနေတုန်း သီတာတို့ သုံးယောက် ကော်ဖီပန်းကန်ကိုင်ရင်း ရောက်ချလာသည်။

"သားရဲ့ အဘိုးတွေ အဘွားတွေရော ရှိကြသေးလား"

"ဟုတ်ကဲ့ အားလုံးရှိကြသေးတယ် အဘွား"

"သူတို့က ဝန်ထမ်းလား"

"အဘိုးတွေ အဘွားတွေ အကုန်လုံးက ကုန်သည်ပွဲစားတွေပါ"

"ဩော် . . အေး ဝန်ထမ်းလားလို့ မေးတာက ဝန်ထမ်းဆိုရင် အဘွားနဲ့ သိချင်သိနေမှာလေ . . . ဒါနဲ့ မင်းတို့ဘက်မှာ အဘွားကို အပေါင်လို့ ပြောကြတယ်နော်"

"ဟုတ်ကဲ့"

အဘွား၏ စကားကြောင့် သူမနှင့်အတူ သီတာတို့ပါ ပါးစပ်ကြီးတွေ ဟရင်း အံ့ဩကာ သွားကြသည်။

"ဟင် အဘွားက ဓနုစကားတွေ သိနေတယ် ဟုတ်လား"

ဖြိုး၏ အမေးကြောင့် အဘွားက ပြုံးသည်။

"အေး သမီးရဲ့ ဖေဖေနဲ့ မေမေ အိမ်ထောင်မပြုခင်တုန်းကတည်းက အဘွားက အဲဒီမှာ နှစ်နှစ်လောက် နေခဲ့ဖူးတာကိုး သမီးရဲ့"

"ဟုတ်သားပဲ . . . ဖေဖေပြောပြဖူးတယ် . . . အဘွား တာဝန်ကျတဲ့ ရှမ်းပြည်နယ်ဘက်ကို သွားလည်ဖူးတယ်တဲ့ . . . နောက်ပိုင်း မရောက်ဖြစ်တော့ဘူးလို့ ပြောဖူးတယ်"





ဖြိုးက သူမ၏အဘွားကို ဖက်ထားရင်းက ဆိုသည်။

"သားတို့ဆီမှာ 'နှစ်' ကို 'နေ'လို့ သုံးကြတယ်နော် . . . ဥပမာ နှစ်ခုဆိုရင် နေခု . . . နှစ်ယောက်ဆိုရင် နေယောက် . . . အဲဒါမျိုး"

"ဟုတ်တယ် . . အဘွားက တော်တော်မှတ်မိနေသေးတာပဲ"

သူ့စကားကြောင့် အဘွားက ပြုံးသည်။ ပြီး

"အဘွား အဘွားနဲ့ လုပ်မနေပါနဲ့ . . . မင်းတို့ဆီ ခေါ်သလို 'အပေါင်' လို့ပဲ ခေါ်ပါ . . . ရပါတယ် . . . အဆင်ပြေသလိုသာ ခေါ်"

"ဟုတ်ကဲ့"

"နောက်လည်း မကြာမကြာလာလည်နော် သား . . အဘွား တောင်ကြီးမှာရော ပင်းတယမှာပါ တာဝန်ကျဖူးတော့ အဲဒီဘက် မိတ်ဆွေတွေ အများကြီးပဲ . . . တစ်ခါတလေများ သူတို့ကိုယ်တိုင် ဖြစ်ဖြစ် . . . သူတို့ရဲ့ သားသမီးတွေပဲဖြစ်ဖြစ် လာလည်ရင် ရှေး ဟောင်းနှောင်းဖြစ်တွေပြောတော့ ပြောလို့ကို မဝဘူး . . . အဲဒီဘက် လယ်ယူလေသိမ်းတွေ ပြန်ပြန်ကြားရတော့ ဘာပဲဖြစ်ဖြစ် အဲလွမ်း တာပေါ့ကွယ် . . . မကြာ မကြာ လာလာလည်နော် သား"

"ဟုတ်ကဲ့"

သူမ၏ အဘွားက စကားတွေ အရှည်ကြီးဆိုရင်းက ခေါင်း တဆတ်ဆတ်ညိတ်သည်။ စကားတွေဆိုနေစဉ်မှာပင် သူမတို့ မှ ကောင်မလေးတစ်ယောက်က 'မ . . ခေါက်ဆွဲပြင်ထားပြီးပြီ' ဟု ဆိုသည်။

"ကဲ ကဲ သွားစားလိုက်ကြဦး . . . အဘွားကတော့ မကြိုက် စားတော့ဘူး ကဲ ကဲ သွားစားကြ"

သို့နှင့် ထမင်းစားခန်းဆီ သူတို့ထွက်လာဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးတို့အဘွားကတော့ မပြောချင်ဘူး"

ခေါက်ဆွဲစားနေရာက မချိုမချဉ်ဖြင့် ဆိုသော သီတာ၏ စကားကြောင့် သူမက 'ငါ့အဘွားက ဘာဖြစ်လို့လဲ' ဟု မေးသည်။

"ဘာဖြစ်ရမှာလဲ ... အမြဲလိုလိုရောက်တတ်တဲ့ ငါတို့ ကေခိုင်တို့ကိုကျတော့ တစ်ခါမှ ဒီလိုစကားတွေ အများကြီး မပြောဖူးဘူး ... ဒီနေ့မှ ရောက်ဖူးတဲ့ ဝဏ္ဏကိုကျတော့ ပြောလိုက်တာများ ရေပက်မဝင်ပဲ"

"ဟုတ်ပ"

သီတာ၏ ပြောင်ချော်ချော်ဖြင့် ဆိုသော စကားအဆုံးမှာ တော်တန်ရုံ သိပ်စကားမဆိုတတ်သော ကေခိုင်ကပါ 'ဟုတ်ပ' ဟု ထောက်ခံသည်။ ကေခိုင်က သူတို့လို ခဏ ခဏ ဆုံတတ်သူမဟုတ်။ သုံးခါချိန်းမှ တစ်ခါလောက်သာ လာတတ်သူ၊ ဆုံကြပြန်လျှင်လည်း ဘော်ဒါတွေ ဆယ်ခွန်းလောက် ပြောကြဆိုကြမှ သူက တစ်ခွန်းလောက်သာ ဆိုတတ်သူ ဖြစ်သည်။

"ရှေးရေစက်တွေပေါ့ ကေခိုင်ရယ် ... ရှေးရေစက်တွေပေါ့"

အနှောင့်အသွားမလွတ်သော သီတာ၏ စကားကြောင့် ကေခိုင်က ခွီခနဲရယ်သည်။ သူမကတော့ မျက်နှာကြီး နီပြီး 'သီတာနော်' ဟု ဟန့်သည်။ သီတာက မကြားယောင်ပြုကာ ခေါင်းကို ဟန့်သည်။

"အဟမ်း အဟမ်း ကေခိုင် ... ငါ့ကို ရေခွက်လေး လှမ်းစမ်းပါဟယ် ... ရှေပ်သီးထည့်တာ များသွားလို့လား မသိဘူး... ရင်ထဲမှာ ပူစပ်ပူလောင်ဖြစ်နေတယ် ... အဟမ်း .. အ .. ဟမ်း"

ရင်ဘတ်ကို ဖိရင်းဆိုသော သီတာ၏ စကားကြောင့် ကေခိုင်ကတော့ ရယ်ပြီးရင်းရယ်လို့သာ နေသည်။

တော်ဝင်မြို့မစာအုပ်တိုက်



"ဟဲ့ ... ဝဏ္ဏ ... စားလေ"

ရောယောင်ပြီး ပြုံးဖြစ်သော သူ့ကို သူမက 'စားလေ' ဟု ဆိုသည်။

"စားပါတယ်ဟ"

"မလာတဲ့ နင့်သူငယ်ချင်း နှစ်ယောက်စာပါ နင်စားရမယ် ... ဒါပဲ"

သူ့စကားအဆုံးမှာ သီတာက ဝင်၍ ဆိုသည်။

"ဟုတ်တယ် ... မလာ လာအောင် ရအောင် ခေါ်ခဲ့တာ မဟုတ်ဘူး ... မျှော်တဲ့လူက မျှော်နေတဲ့ဥစ္စာ ..."

ဒီတစ်ခါ နှိပ်ကွပ်လိုက်သူကတော့ သူမဖြစ်နေပြီး ရှက်ကိုးရှက်ကန်းဖြင့် ရေသီးသွားသူမှာ သီတာဖြစ်နေသည်။ ထူးထူးခြားခြား မရှက်စဖူး အရှက်ထူးနေသော သီတာ့ထံမှ ရှက်ဝဲဝဲအမူအရာကို သူ မြင်ဖူးခြင်း ဖြစ်သည်။

သူမကတော့ နှိပ်ကွပ်လိုက်ရသူမို့ ရှက်အမ်းအမ်းဖြစ်နေသော သီတာ့ကို မျက်စပစ်ရင်း ကေခိုင်နှင့် နှစ်ယောက်သား ပြုံးစိစိ [illegible]တွေ လုပ်နေကြသည်။

သူမ ပြုံးလိုက်တိုင်း ဖျတ်ခနဲ ဖျတ်ခနဲ ခဏမျှသာ မြင်ရသော ဘယ်ဘက်ပါးပြင်မှ ပါးချိုင့်ငယ်ကတော့ သူ့ရင်ကို ပိုလို့ လှုပ်ခါနေစေခဲ့သည်ကတော့ အမှန်။

www.burmeseclassic.com

www.burmeseclassic.com





အဲဒီနေ့က အဖြစ်အပျက်ကတော့ အဲဒါပဲ . . . ကဲ အခု ငါမေးတဲ့အလှည့်ကို ရောက်လာပြီ . . . မင်းတို့နှစ်ကောင်က အမြီးဖွက်တာ ကျွမ်းတယ် . . . ဒီလောက် ပေါင်းနေတာတောင် သီတာ့ကို ဘယ်သူလိုက်နေမှန်း ငါ အခုထိ မသိသေးဘူး . . . ကဲ ကဲ ဝန်ခံစမ်းပါ . . . ဒွေးသောင် မင်းလား"

"အာ . . . သွားစမ်းပါ . . . ငါက ဟိုစကားပုံကို လက်ကိုင်ထားတဲ့လူကွ"

"ဘာစကားပုံတုံး"

အောင်စိုးက ဒွေးသောင်၏စကားကို ထောက်ပေးသည်။

" . . . 'ကက်တလုံးနီယမ်း' စကားပုံလေ . . . "The Love of a maid's is water in a basket" တဲ့"

ဘာဆက်ပြောဦးမည် မသိသည်မို့ ဆက်ပြီး နားစွင့်နေသော သူနှင့် အောင်စိုးကို ဒွေးသောင်က ဖျတ်ခနဲ မချိုမချဉ်ဖြင့် ကြည့်သည်။

"ဘာကြည့်နေကြတာလဲကွ . . . အ . . . ဟော် သိပြီ သိပြီ





ငါ ဘိုလိုမှတ်လိုက်လို့ မင်းတို့နှစ်ကောင် လိုက်မမီဘဲ ဖြစ်သွားကြတာကိုး . . . အေးပါ မင်းတို့နှစ်ကောင် လန်းဂွစ်ရှ် . . . ပိုင်းမှာ အတော်လေး အားနည်းပြီး . . . စ . . ပီ . . . ကင် မရဘူးဆိုတာ ငါမေ့သွားတယ် . . . sorry sorry . . . ငါစောစောက ပြောတဲ့ စကားပုံထဲက maid ဆိုတာက အပျိုမလေးကိုပြောတာ . . . 'မိန်းမပျိုလေးတစ်ယောက်ရဲ့ အချစ်ဆိုတာ ဆွဲခြင်းတစ်လုံးထဲက ရေပါ'တဲ့ . . . မိန်းမပျိုတွေရဲ့ အချစ်က တကယ်တော့ အရေမရ အဖတ်မရ လို့ ပြောတာ . . . နားလည်ကြလား မသိဘူး . . မင်းတို့နှစ်ကောင်က အတွေးအခေါ်ပိုင်းမှာလည်း အတော်လေးနိမ့်ကြတာဆိုတော့ ဘာပဲပြောပြော လူရာဝင်အောင် အင် . . . တာ . . နေ . . ရှင် နယ် Proverb လေးတွေလည်း လေ့လာကြဦးကွ . . . အဲ Proverb ဆိုတာ 'စကားပုံ' ကို ပြောတာနော် . . . တော်ကြာနေ ဘာမှမသိဘဲ နားမလည်ဘဲ ဖြစ်နေမှာစိုးလို့ . . . "OK" နော်"

စကားကြီး စကားကျယ်တွေ လျှောက်ပြောနေသော ဒွေးသောင်ကို ကြည့်ပြီး သူရယ်ဖြစ်သည်။ အောင်စိုးကတော့ ဖုန်းခနဲနေအောင် ဒွေးသောင်ကို နားရင်းအုပ်လိုက်ပြီး 'ဟိုစာအုပ် ဒီစာအုပ်တွေထဲက အလွတ်ကျက်ပြီး လာရွတ်ပြနေတာများ မသိဘူးထင်လို့လား . . . အင်္ဂလိပ်စကားပြောရင် မင်းပါးစပ်ကို လက်နဲ့အုပ်ပြီးမှ ပြော . . . တံတွေးစင်တယ်ကွ' ဟု နှိပ်ကွပ်သည်။

"အဲဒါနဲ့ လိုရင်းက ပျောက်တော့မယ် . . ကဲ ဒွေးသောင် ဟုတ်ရင် အောင်စိုး မင်းလား . . . သီတာ့ကို ကြိတ်ပိုးနေတာ"

သူ့အမေးအဆုံးမှာ အောင်စိုးက ရှက်အမ်းအမ်းဖြင့် 'အေး' ဟု ဝန်ခံသည်။

"ကြည့်စမ်း . . . ကြည့်စမ်း ဘီလူး လေနိုးလည်တာ လူမိလို့ ရှက်နေတဲ့ပုံစံနဲ့ . . . ရှက်နေတာ ရှက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးကို ကြည့်ပြီး ဋ္ဌေးသောင်က ပိုးစိုးပက်စက် နှိပ်ကွပ်သည်။ ဋ္ဌေးသောင်၏ စကားကြောင့် သူရော အောင်စိုးပါ ရယ်ဖြစ်ကြသည်။

"ပြောစမ်းပါဦး ဘယ်က ဘယ်လို သီတာ့ကို ခိုက်သွားတာတုံး ... အခုမှ ဆိုင်းမဆင့် ဗုံမဆင့်နဲ့ ... ဟိုတုန်းကတည်းက မလှုပ်ရှားဘဲ အခုမှ ..."

ဋ္ဌေးသောင်၏ အမေးကို အောင်စိုးက ချက်ချင်းမဖြေသေး၊ အတန်ကြာမှ ...

"အေးကွာ ... တွေ့ပါများလာလို့လားတော့ မသိဘူး ... သီတာရဲ့ ဆွဲဆောင်မှုတွေက တစ်နေ့ထက် တစ်နေ့ ပိုလာတယ်ကွ ... ပိုလှလာတယ်"

အောင်စိုးက မျက်နှာကြက်ဆီ မော့ကြည့်ရင်း ခာတ်ရှင်တွေထဲက မင်းသားလိုအက်တင်ဖြင့် ဆိုသည်။

"အင်း ... ဒီလိုဆိုတော့လည်း ငါကျက်ထားတဲ့ ... အဲလေ ... ငါ လေ့လာထားတဲ့ Estonian စကားပုံတစ်ခုကို အကွက်ဆိုက်တုန်း အဲလေ ... ကြုံတုန်း ပြောပြရသေးတာပေါ့"

"အင်း ... ပြောပါဦး ... ဒါပေမယ့် တံတွေး မစင်အောင်တော့ ထိန်းပြောပေါ့ကွာ"

"အောင်မာ ... ငါ စ ... ပီ ... ကင် ပြောတာကို မနာလိုမဖြစ်စမ်းပါနဲ့ ... ဒါမျိုးက တော်တန်ရုံ နောလစ်ရှ် ... နဲ့ ပြောနိုင်တာ မဟုတ်ဘူး"

အောင်စိုး၏ စကားကို ဋ္ဌေးသောင်က ချက်ချင်းပြန်ပက်သည်။ ပြီး ...

" Estoniam စကားပုံက ဘာပြောလဲဆိုတော့ကာ ...

"... "A Woman is attractive only as long as you





have not yet had her" တဲ့။ ကဲ ... လန်းဂွစ်(ရှ်)ပိုင်းမှာ အားနည်းတဲ့ မင်းတို့ကိုအဓိပ္ပာယ်တစ်ခါတည်းပြောပြမယ် ... မိန်းမတစ်ယောက်ဟာ မင်းပိုင်ဆိုင်ခွင့် မရသေးတဲ့ အချိန်အထိတော့ ဆွဲဆောင်မှု ရှိနေပါတယ်" တဲ့ ... ဆိုလိုတဲ့သဘောကတော့ ပိုင်ဆိုင်သည်း ပိုင်ဆိုင်ရော ဆွဲဆောင်မှု မရှိတော့ဘူး ဆိုတဲ့သဘော"

"အဲဒါကတော့ ခံယူချက်အပေါ်မှာပဲ မူတည်ပါတယ်ကွာ ... သူတို့လည်း သူတို့ခံယူချက်နဲ့ သူတို့ ငါကလည်း ငါ့ခံယူချက်နဲ့ ငါပဲ ... ဒါ ... မတူနိုင်ဘူး"

ဋ္ဌေးသောင်၏ စကားကို အောင်စိုးက လက်မခံ။

"အဲဒါတော့ ငါလည်း အောင်စိုးကို ထောက်ခံတယ် ... လူအမျိုးမျိုး စိတ်အထွေထွေ ဆိုသလိုပေါ့ကွာ ... ခံယူပုံချင်းကတော့ တူနိုင်ဘူး ... တကယ်ချစ်တယ်ဆိုရင် ပိုင်ဆိုင်ပြီးတဲ့ အချိန်မှာပဲဖြစ်ဖြစ် ... မပိုင်ဆိုင်ရသေးတဲ့အချိန်မှာပဲဖြစ်ဖြစ် ချစ်တာကတော့ ချစ်မှာပါပဲကွာ... ချစ်နေသရွေ့ကတော့ ဆွဲဆောင်မှုက ရှိနေမှာပဲ"

"ဒါပေါ့ ... ပြောပြလိုက်စမ်းပါ ဝဏ္ဏရာ"

သူ့စကားအဆုံးမှာ အောင်စိုးက 'ဒါပေါ့' ဟု ဆိုသည်။

"နေပါဦး ... မင်းက ငါတို့နှစ်ယောက်ကိုကျတော့ ဟိုပြောဒီပြောနဲ့ ... ပြောစမ်းပါဦး ... မင်းကရော ဘယ်သူ့ကိုလဲ"

"မကြာမီ လာမည် မျှော်ပေါ့ကွာ"

သူ့အမေးကို ဋ္ဌေးသောင်က အထက်ပါအတိုင်းဆိုသည်။

"မျှော်မနေပါဘူး ဋ္ဌေးသောင်ရာ ... မင်းအကြောင်းမသိတာလိုက်လို့ ... မင်းချိန်လိုက်သမျှ ကောင်မလေးတွေက သူများနောက် ပါသွားတာချည်းပဲ ... တစ်ယောက်နဲ့မှ ဖြစ်ဖြစ်မြောက်မြောက်မရှိသေးဘူး ... နောက်လည်း ဒီအတိုင်းပဲ သွားမှာပါ ... နေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးက ငွေးသောင်ကို အထက်ပါအတိုင်း နှိပ်ကွပ်သည်မို့ သကောင့်သား ငွေးသောင်က 'စောင့်ကြည့်လိုက်စမ်းပါ' ဟု ပြန်၍ ဆိုသည်။

ဆရာသမားနှစ်ယောက် ငြင်းခုန်နေသည်ကို ကြည့်ရင်း သူ ရယ်ဖြစ်သည်။ သူသည်လည်း ချိန်ပါကြီး တစ်ယောက်များဖြစ်နေလေမည်လားမသိ။ သူ သိထားသလောက်တော့ သူမသည် ရည်းစားမရှိသေး။



[illegible]မင်းအိမ် ကို လာခဲ့သမျှတွေထဲမှာ ဒီတစ်ခေါက် အတန်ဆုံး

"ဘာဖြစ်လို့လဲကွ"

"မင်းညီမရှိနေလို့တဲ့ . . . ဟော့ . . . ကဲ ရှင်းလား"

ငွေးသောင်၏ စကားကို သူက ပြန်အမေး အောင်စိုးက ထံ၌ ဖြေပေးသည်။ အင်းရိုးရာ ငါးထမင်းချဉ်နှင့် ဝက်သားချဉ်စားချင်သည်ဟု ဝိုင်း၍ ပူဆာကြသည်မို့ သူ့အိမ်မှာလူစုကာ လုပ်စားဖြစ်ကြသည်။ ထိုအကြောင်းကြောင့်ပင် ငါးထမင်းချဉ်နှင့် ဝက်သားချဉ်လုပ်ရာမှာ ကျွမ်းကျင်သော ညီမလေးကို သူခေါ်ထားခဲ့ခြင်း ဖြစ်သည်။

ညီမလေး မေဝသုန်နှင့်အတူ ဖြိုး၊ သီတာနှင့် ကေခိုင်က [illegible]မှာ ဝိုင်းကူနေကြသည်။ သူတို့သုံးကောင်က ညှော်ခန်းမှာ ကြက်သွန်ဖြူအခွံ ဝိုင်းနွှာနေကြခြင်းဖြစ်သည်။

"အာ . . . ငါ . . ညီမလေး ဝယ်ခိုင်းထားတာ မေ့နေတာပါကွ"

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဘာဝယ်ခိုင်းထားလို့လဲ"

"မင်းတို့တွေ ပြန်ရင် မင်းတို့အိမ်အတွက် ဝက်သားချဉ်တို့ ဘာတို့ ထည့်ပေးလိုက်မလို့ကွာ . . . အဲဒါ တစ်ခါသုံးဖော့ဗူးလေးတွေ ဝယ်မလို့ ဉစ္စာ . . . မေ့နေတယ် . . . ဒီလမ်းထိပ်က စတိုးဆိုင်မှာ ဝယ်လို့ရတယ် . . . ကဲ မင်းတို့နှစ်ကောင်ပဲ သွားဝယ်လိုက်ကြတော့ . . . အဲဒီဆိုင်က အတော်စုံတယ် . . . . အသီးအရွက်က အစ ဝယ်လို့ရတယ် . . သူက Mart အငယ်စားဆိုပေမယ့် မီးဖိုချောင်သုံးပစ္စည်းနဲ့အသီးအရွက်တွေ အစုံရှိတယ်"

သူ့စကားအဆုံးမှာ ဌေးသောင်က . . 'ကဲပါကွာ . . . . ငါတစ်ယောက်တည်းပဲ သွားဝယ်ပေးမယ်' ဟုဆိုသည်။ ထိုစဉ်မှာပင် ညီမလေးနှင့် ဖြိုးတို့နှစ်ယောက် မီးဖိုခန်းထဲမှ ထွက်လာကြသည်။

"ငရုတ်သီးစိမ်း သွားဝယ်ကြမလို့"

သူမတို့နှစ်ယောက်ကို ကြည့်နေကြသည်မို့ ညီမလေးက ဈေးဝယ်သွားမည့်အကြောင်း မမေးရပါဘဲ ဆိုသည်။

"အတော်ပဲ . . . ဟိုကောင် ဌေးသောင် လမ်းထိပ်ကို သွားမှာ . . . ညီမလေး သူ့ကိုပဲ တစ်ခါတည်း ပါးချလိုက်တော့"

သူ့စကားကြောင့် သူနှင့် ညီမလေး မေဝသုန်ကလွဲ၍ ကျန်လူအားလုံး ပါးစပ်တွေ ဟ,ကာ အံ့အားတွေသင့်ကုန်ကြသည်။

"ဟာကောင်"

ဌေးသောင်က မျက်လုံးကြီးပြူးကာ 'ဟာကောင်' ဟုရေရွတ်သည်။ သူကတော့ ဌေးသောင်ကို သက်သောင့်သက်သာပင် ကြည့်ရင်း . . . .

"ဩော် . . . အကြွေမရှိလို့လား . . . ညီမလေး အကြွေရှိတယ် မဟုတ်လား . . အကြွေပေးပြီး ဒီကောင့်ကို ပါးချလိုက်"

သူ့စကားအဆုံးမှာ ညီမလေးက သူမလက်ထဲမှ ပိုက်ဆံ





အိတ်ငယ်ကို ဖွင့်ကာ အကြွေကိုရှာသည်။ ကျန်လူအားလုံးကတော့ သူ့ကိုတစ်လှည့် အကြွေရှာနေသော ညီမလေးကို တစ်လှည့် ပြူးတိပြူးကြောင်ဖြင့် ကြည့်နေကြသည်။

"ဟာကောင် ဝဏ္ဏ . . . အကြွေပေးပြီးတော့ ဘာပြုတယ်"

ဌေးသောင်ကမျက်လုံးပြူးဖြင့် အကြွေရှာနေသော ညီမလေးကိုလှမ်းကြည့်ရင်း သူ့ကို မေးသည်။

"အကြွေပေးပြီးတော့ မင်းကိုပဲ တစ်ခါတည်း ပါးချလိုက်လေ"

"ဟ . . . ဘာလဲကွ"

တကယ်တော့ သူတို့မောင်နှမနှင့် ဌေးသောင်တို့ကြား နားလည်မှု လွဲနေကြခြင်းသာ ဖြစ်သည်။

'ပါးချလိုက်' ဟူသောစကားသည် တကယ်တော့ ဌေးသောင်ထင်သလို ပါးကို ရိုက်ခိုင်းခြင်းမဟုတ်။ 'ပါး' ဆိုသည်မှာ အမှာပါးခြင်းကို ဆိုလိုသည်။ ဥပမာ - ရှေးအခါကဆိုလျှင် 'စာလွှာပါးလိုက်သည်' တို့ 'စကားပါးလိုက်သည်' တို့ ဆိုသော အပြောတွေ ရှိသည်။ တစ်ခုခုကို လူကြုံမှာသော (သို့မဟုတ်) ထည့်သောသဘောပင်။ 'ချလိုက်' ဆိုသော စကားလုံးမှုကား 'လုပ်ချလိုက်ပြန်ပြီ' အေး လုပ်ချလိုက်တော့' 'ရိုက်ချလိုက်တော့' ဆိုသာ အဓိပ္ပာယ်ဖြစ်သည်။ ထို့ကြောင့် 'ပါးချလိုက်' ဟူသော စကားကို သူတို့မောင်နှမ ဆိုလိုသည်က 'ငွေအကြွေပေးပြီး လူကြုံမှာလိုက်မည်' ဆိုသော သဘော။ သို့သော် ကျန်လူများ ထင်နေသည်က တခြားဖြစ်နေသည်။

"အကြွေမရှိဘူး အစ်ကို . . . ရပါတယ် တစ်ထောင်တန်ပေးပြီးတော့ပဲ ပါးချလိုက်တော့မယ်"

"ရတယ် . . အဆင်ပြေသလို လုပ်"

သူတို့မောင်နှမ ပြောသမျှကို နားထောင်ရင်း ကျန်လူများအား



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများ ပြူးသည်ထက် ပြူးကာလာသည်။

"မင်းတို့ မောင်နှမကွာ . . . သွေးအေးအေးနဲ့ ငါ့ကို . . ."

ငွေသောင်းက အံ့ဩလွန်း၍ထင့်။ စကားပင် ဆုံးအောင် မပြောနိုင်တော့။

"ဟ ဘာလဲကွ . . . မင်းဈေးဝယ်သွားမယ့်အတူတူမို့လို့ အဆင်ပြေအောင် ပါးချလိုက်လို့ ငါပြောတဲ့ဥစ္စာ . . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွ . . . ဘာအမှားအယွင်းမှ ဘာရန်ငြိုးရန်စမှုလည်း မရှိဘဲနဲ့ ငါ့ကို ဘာကိစ္စ ပါးရိုက်ခိုင်းရတာတုံး . . . ပါးချလိုက် . . . ပါးချလိုက်နဲ့"

ငွေသောင်း၏ မချိတင်ကဲ စကားကို ကြားတော့မှ သူနှင့် ညီမလေး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်ကြသည်။ ပြီး ခွီးခနဲ ပြိုင်တူ ရယ်ဖြစ်ကြသည်။

"မင်းတို့က ရယ်တောင် ရယ်ကြသေးတယ်နော်"

ငွေသောင်းက မခံချိမခံသာဖြင့် စကားနာထိုးသည်မို့ မောင်နှမနှစ်ယောက် ရယ်ဖြစ်ကြပြန်သည်။

"ဒီလိုကွ . . . မင်းကို ပါးချလိုက်လို့ ပြောတာက ပါးရိုက်ခိုင်းတာမဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ . . . ငါ နားနဲ့ ဆတ်ဆတ်ကြားတာ . . . ပါးချလိုက်တဲ့ . . ပါးချတာတောင် ရိုးရိုးမဟုတ်ဘူး . . . အကြွေပေးပြီး ပါးချလိုက်ဆိုတာကော . . . တစ်ထောင်တန်ပေးပြီး ပါးချလိုက်ဆိုတာကော စုံနေတာပဲ . . . မင်းတို့ပါးစပ်က ပြောပြီး ရိုက်နေတာနဲ့တင် ငါ့ပါးက အတော့်ကို ထူပူနေပြီ"

ငွေသောင်း၏ စကားကြောင့် သူရော ညီမလေးပါ မျက်ရည်စို့သည်အထိ နောက်ထပ် အားရပါးရ ရယ်ဖြစ်ကြသည်။

သူတို့ မောင်နှမကရယ်လေ ကျန်လူများက အံ့အားသင့်လေ





ဖြစ်လို့နေသည်။

"ဒီလိုဟေ့ ဒီလိုဟ . . . ငါ သေသေချာချာရှင်းပြမယ် × × × × × × × × × × × × × × × )

'ပါး' ဆိုသည်မှာ အမှာစာပါးတာမျိုး . . . လူကြုံပါးခြင်းနှင့် လမ်းကြုံမှာခြင်းကိုသာ ဆိုလိုကြောင်း အတော်ကြီး အာပေါက်အောင် ရှင်းပြတော့မှ ကျန်လူများ အားလုံးက 'ဒီလိုကိုး' ဟု သဘောပေါက်သွားကြသည်။

"ကဲ ကဲ မင်းကို အခု အကြွေပေးပြီး ပါးချလိုက်လို့ ရပြီလား"

"ရပြီဟေ့ ရပြီ"

သူ့အမေးကို သကောင့်သားက ဆောင့်ကြီးအောင့်ကြီးဖြင့် 'ရပြီ' ဟု ဆိုသည်။ အောင်စိုးကလည်း -

"အတော်ပဲ ငွေသောင်းရေ . . . ငါလည်း အကြွေရှိတယ် မှာစရာရှိလို့ . . . မင်းကို အကြွေပေးပြီး ပါးချဦးမှပဲ . . . ရတယ်တော့ဟုတ်လား"

ဟု ဆိုရင်း ရယ်သည်။ ကျန်လူများကပါ ဝိုင်းရယ်ကြသည်မို့ ငွေသောင်းခမျာ မရယ်ချင်ရယ်ချင် အောင့်သီးအောင့်သက်ပုံစံဖြင့် လိုက်ပါရော၍ ရယ်သည်။ ပြီး အောင်စိုးကို ကြည့်ကာ . . .

"အခုမှ သတိရတယ် . . . ဟကောင် အောင်စိုး မင်းက ဈေးဝယ်တာ ကျွမ်းတယ် . . . ဒီတော့ မင်းပဲ ဈေးသွားဝယ်လိုက်ပါလား . . . အခု ငါ့မှာ အကြွေငါးဆယ်ရှိနေတယ် . . . ငါလည်း ပိုက်ဆံငါးဆယ်ပေး မှာစရာရှိတာ မှာပြီး မင်းကို ပါးချဦးမှပဲ . . ကဲ အောင်စိုး . . . မင်း ဈေးဝယ်သွားမှာ မဟုတ်လား"

ငွေသောင်း၏ အမေးစကားကို အောင်စိုးက "No ...No"ဟု ငြင်းသည်။ ပြီး 'ဈေးဝယ်ဖို့ တက်ကြွနေတာ မင်းလေ' ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး အခုတော့ မတက်ကြွတော့ဘူး . . . မင်းပဲ ဝယ်တော့"

"မင်းပဲ သွားဝယ်ပါ . . . ဒီမှာ မင်းကို ပိုက်ဆံပေးပြီး ပါးချလိုက်ဖို့စောင့်နေတဲ့ လူက အများကြီးပဲ . . . ဒီမှာ ငါတောင် မင်းကို ပါးချဖို့ အကြွေကိုင်ထားပြီးပြီ . . . ကဲ ကဲ အချိန်လင့်တော့ မယ် သွားတော့"

"မသွားဘူးကွာ"

"သွားပါကွာ"

" sorry ပဲ . . . မင်းသွားပါလား"

နှစ်ကောင်သား 'မင်းသွား' 'ငါသွား' နှင့် လုပ်နေကြသည်မို့ အချိန်က ကုန်လာသည်။

"ကဲ ကဲ မင်းတို့နှစ်ကောင်စလုံး သွားကွာ . . . အချိန်ကုန်တယ်"

သူ့စကားကြောင့် နှစ်ကောင်စလုံးက 'အေး . . . အဲဒါကောင်းတယ်' ဟု ပြိုင်တူရေရွတ်ကြသည်။

အောင်စိုးက 'ငရုတ်သီးစိမ်းနဲ့ တစ်ခါသုံးဗူးပဲ မဟုတ်လား။ ဘာတွေ ဘယ်လောက်ဝယ်ခဲ့ရမှာတုံး' ဟုမေးသည်။

'ငရုတ်သီးစိမ်းက နှိုဆီဗူးတစ်ဗူး . . . တစ်ခါသုံး ဖော့ဗူးက ငါးဗူး"

ညီမလေးက လက်ငါးချောင်း ထောင်ပြရင်း ဆိုသည်။ ခေါင်းညိတ်ရင်း တစ်ယောက်ပခုံး တစ်ယောက်ဖက်ကာ အိမ်ထဲမှ ထွက်စပြုနေသော သကောင့်သားနှစ်ယောက်ကို သီတာက လှမ်းအော်သည်။

"ဟဲ့ . . . ငါ အကြွေပေးပြီး ပါးချဦးမယ်လေ" ဟု။



"ဟိုတစ်နေ့ က ဝဏ္ဏတို့အိမ်မှာ မုန့်လုပ်စားကြတာ ငါးထမင်းနယ်တို့ ဘာတို့ကလည်း ကောင်းတယ် . . . နောက်ပြီး စကြ နောက်ကြနဲ့ ပျော်စရာလည်း ကောင်းတယ်နော်"

လက်ဖက်ရည်ဆိုင်မှာ ထိုင်၍ ရောက်တတ်ရာရာတွေ ပြောကြရင်းက သီတာက ထ၍ဆိုသည်။ ဖြိုးက 'အေးဟ' ဟုဆိုသည်။

"နင်တို့တော့ မသိဘူး . . . ငါကတော့ ဒီကောင့်ညီမရဲ့ လက်ရာကို တသသနဲ့ဖြစ်နေပြီ . . . ပြဿနာပဲ . . . အခု အဲဒီ လက်ရာကို နေ့တိုင်း တောင့်တနေတယ် . . . ဘယ်လိုလုပ်ရမလဲ"

ဖွေးသောင်က သူ့ကို မျက်စပစ်ရင်း သီတာတို့ဘက် လှည့်ကာ ပြောင်ချော်ချော်ဖြင့် ဆိုသည်။ သဘောကတော့ ရှင်းသည်။ သူ့ညီမကို အီစီကလီ လုပ်မည်ဆိုသည့်သဘော။

အီလည်လည်ကြီး ဖြစ်သွားသော သူ့ကို ကြည့်ရင်း သီတာတို့က ရယ်သည်။

"ဒီကောင့်ညီမအိမ်မှာ ဒရဝမ်လိုတယ်လို့ ကြားတယ် . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ မင်းသွားလုပ်ပါလား . . . မင်း နေ့တိုင်း သူ့ညီမချက်ထားတဲ့ ထမင်းဟင်းလည်း စားရမယ် . . . သူ့ညီမကိုလည်း နေ့တိုင်းမြင်ရမယ် . . . မင်းရုပ်မင်းရည်နဲ့ ဒရဝမ်အလုပ်နဲ့ကလည်း လိုက်ဖက်ကိုက်ညီမှုလည်း ရှိတယ်ဆိုတော့ကွာ . . . ဘယ်လိုပြောရမလဲ"

"ဘယ်လိုမှ မပြောနဲ့ . . ငါ . . . အဟုတ်မှတ်လို့ နားထောင်နေတာ . . ငါ့ကိုများ ဒရဝမ်လုပ်လေးဘာလေးနဲ့ . . မင်းလုပ်ပါလား"

"ငါက လုပ်စရာမလိုဘူး . . . မင်းပဲ လုပ်သင့်တာ . . . မင်းစောစောက်ပြောတယ်လေ . . . သူ့ညီမရဲ့ လက်ရာကို နေ့တိုင်းတောင့်တတယ်လို့"

အောင်စိုးကလည်း စပ်ဖြီးဖြီးနှင့် ပြန်၍ ဆိုသည်။

"ဒါဖြင့် သူ့ညီမရဲ့ လက်ရာကို နေ့တိုင်းစားရဖို့က ဒီပြင်နည်းလမ်း မရှိတော့ဘူးလား"

အောင်စိုးကို ကြည့်ကာ ဌေးသော်က မျက်နှာကြီးရှုံ့မဲ့ရင်း မေးသည်။

"အေး မင်းအတွက်တော့ ဒီနည်းလမ်းက အသင့်တော်ဆုံးပဲလေ . . . ဖြစ်ချင်တာထက် ဖြစ်သင့်တာ ဖြစ်နိုင်တာကိုပဲ စဉ်းစားရမယ်လေ . . . သယ်ဂျင်းရ"

"တော်ကွာ တော်ပါ"

'တော်ပါ' ဟု ဆိုရင်း ဌေးသောင်က တခွီးခွီးဖြင့် ရှက်ရယ်ရယ်သည်။ ထိုစဉ်မှာပင် ကေခိုင်တစ်ယောက် သူတို့အုပ်စုထိုင်နေရာဆီ ရောက်ကာလာသည်။ ရောက်ရောက်ချင်းမှာပင် လက်မှာဆွဲလာသော အထုပ်ကို ဖြိုးဆီသို့ လှမ်းသည်။

"မနေ့ကမှ ရောက်တာဟ . . . သိလား ဖြိုး . . . ဒီကောင်က ဈေးကြီးတော့ သိပ်အများကြီးလည်း မှာမထားဘူး . . . တသုတ်ကုန်မှ တစ်သုတ်မှာရတာ . . . သူက မရောင်းရလို့ ပိုက်ဘောမိရင်





ခံလွယ်ဘူး . . . ဒီဗိုင်းအသစ်ထွက်တာနဲ့ ဒီဗိုင်းအဟောင်းက ဈေးကျတာမြန်တယ်"

လက်ကလည်း ပေးရင်း နှုတ်မှလည်း ဆိုသည်။ ဖြိုးက အိတ်ထဲမှ ပိတ်စကို ဆွဲထုတ်ပြီး ဖြန့်ကာ ကြည့်သည်။

"ဈေးကြီးလို့လား မသိဘူး တော်တော်လှတာပဲ"

သီတာက ပိတ်စကို ကိုင်ကြည့်ရင်း ဆိုသည်။

"ကဲ ငါလည်း အလုပ်ရှိသေးလို့ ပြေးလိုက်ဦးမယ်"

"ဟ . . . အအေးလေး ဘာလေးသောက်ဦးမှပေါ့"

ဘားသော့ကို ကိုင်ကာ ထသွားမည်ပြုသော ကေခိုင့်ကို သူက လောကွတ်စကားဆိုဖြစ်သည်။

"သွားစရာလည်း ရှိသေးတယ် . . . လုပ်စရာတွေကလည်း တစ်ပုံကြီးဟ . . . နောက်မှ ဆုံကြမယ် သွားပြီ အားလုံး တာ့တာ"

ပြောပြောဆိုဆိုပင် ကေခိုင်တစ်ယောက် ကားပေါ်တက်ပြီး မောင်းထွက်ကာ သွားသည်။ သူမတို့ မိန်းကလေးနှစ်ယောက် ပိတ်စကို အိတ်ထဲမှ ယူကာ ထုတ်၍ ဖြန့်ကြည့်ကြသည်။

"တော်တော်လှတာပဲ"

"ဒီဗိုင်းက အသစ်မို့လား မသိဘူး . . အတော်မိုက်တယ်"

ပိတ်စကို ဟိုလှန်ဒီလှော လုပ်နေကြသော သူမတို့နှစ်ယောက်၏ လက်ထဲမှ ပိတ်စကို ဘာရယ်မဟုတ် ကိုင်ကြည့်ဖြစ်ရင်း လွှတ်ခနဲ စကားတစ်ခွန်းကို သူဆိုဖြစ်သည်။

"ဒီပိတ်စက ညံ့တယ်နော်"

"ဘာ"

သူ့စကားကြောင့် ပိတ်စကို ပွတ်သပ်နေရာက 'ဘာ'ဟု အလန့်တကြား သူမဆိုသည်။ ပြီး သူ့ကို မျက်မှောင်ကြုတ်ကာ ကြည့်ရင်းမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ဈေးကြီးပြီး ဒီလောက်ရှားတဲ့ ပိတ်စကိုများ ဘာပြောတယ် ဝဏ္ဏ"

"ဩော် . . . ညံ့တယ်လို့ ပြောတာပါဟာ . . . ဒါလေး ပြောတာနဲ့ပဲ နင်က ဘာလိုင်းကြီး ဒေါ်တွေ ထဖောင်းနေတယ်"

သူ၏ တုံ့ပြန်စကားကြောင့် သူမပို၍ ဒေါကန်သွားဟန် တူသည်။

"ငါ့ပိတ်စကို ညံ့တယ်လို့ ပြောစရာလား . . . ဒီပိတ်စမျိုးက တော်တန်ရုံလူ ဝတ်နိုင်ဖို့ မပြောနဲ့ . . . မြင်ဖူးဖို့တောင် မလွယ်ဘူး . . . နင်ဘာသိလို့လဲ"

ပိတ်စကို လက်မှာကိုင်ထားရင်း ခေါင်းကိုမော့လျက် သူမ ဆိုသည်။

"ငါကလည်း သိတယ်လို့ မပြောပါဘူးဟ . . . ပိတ်စက တော်တော်လေး ညံ့နေလို့ ညံ့တယ်ဆိုတာလေးပဲ ပြောတာ . . . အမြင်နဲ့ ပြောတာမဟုတ်ဘူး . . . ကိုင်ကြည့်ပြီးမှ ပြောတာ"

သူ့စကားကြောင့် သူမက စိတ်ပျက်လက်ပျက်ပုံစံဖြင့် သူ့ကိုကြည့်သည်။ တကယ်တော့ သူသတိတစ်ချက် လွတ်သွားခြင်းဖြစ်သည်။ သူတို့ဆီမှာက ပိတ်စ(သို့)အကျီတို့ကို 'ညံ့နေတော့တာပဲ'၊ 'တော်တော်ညံ့တယ်' ဟု ဆိုခြင်းမှာ နူးညံ့ခြင်းကို ဆိုလိုသည်။ ညံ့ဖျင်းခြင်း၊ အရည်အသွေးမကောင်းခြင်းကို မဆိုလို။ ကောင်းသည် နူးညံ့သည်ဟုသာ ဆိုလိုခြင်းဖြစ်သည်။ သို့သော် သူက ကိုယ့်မြို့ကိုယ့်ရွာလို အောက်မေ့ကာ သတိလက်လွတ်ပြောမိလိုက်ခြင်းသာ ဖြစ်သည်။ ဤသည်ကို နားမလည်သည်မို့ သူမကလည်း သူမ၏ ရှားပါးသော အဖိုးတန်သော ပိတ်စကို ကွာလတီမကောင်းဟု ပြောသည်အမှတ်နှင့် စိတ်ခုနေခြင်းဖြစ်သည်။

"နင်ပြောတဲ့ ပုံစံက ငါကပဲ အညံ့စား၊ အဖျင်းစားတွေကို





ဈေးကြီး ပေးပြီး ဘုမသိ ဘမသိနဲ့ ဝတ်နေတဲ့အတိုင်းပဲ . . . တော်နိုင် သိရင် သူမဖွည်းကို မကောင်းပြောတယ်ဆိုပြီး စိတ်ဆိုးမှာ သေချာ တယ်"

"ဟ ငါက မကောင်းဘူးမှ မပြောတာ . . . ညံ့တယ်လို့ ပြောတာလေ"

"အေး ညံ့တယ်ဆိုကတည်းက မကောင်းဘူးလို့ ပြောတာပဲ ပေါ့" ဟု သီတာက ဝင်၍ ဆိုသည်။ ထိုအခါမှ သူ . . . သူတို့ကြားမှ နားလည်မှု လွဲနေခြင်းကို ကောင်းကောင်းကြီး သဘောပေါက်တော့ သည်။

"အာ . . . ငါပြောတာက အဲဒီလို ညံ့မဟုတ်ဘူးဟ . . ဒီလို . . . ငါ ရှင်းပြမယ် × × × × × × × × × × × ×"

သူဆိုလိုသော 'ညံ့' မှာ 'နူးညံ့' ခြင်းကိုသာ ဆိုလိုကြောင်း သူမတို့အားလုံးကို အတော်ကြီး ရှင်းပြရသည်။

ထိုအခါမှ မရွှေချော၏ မျက်နှာက ပြန်၍ ကြည်လင်ကာ လာသည်။ သီတာက 'ဖြစ်ရမယ်' ဟု ဆိုသည်။

"မဆိုးဘူးဟ . . . ဒီကောင်နဲ့ နေရတာ ငါတော့ ခနုစကား တော်တော်များများ ပြောတတ်နေပြီ . . . 'သူ့ပေါင် ငါ့ပေါင်'တို့ . . . 'ပါချလိုက်ဦးမယ်' တို့၊ 'ညံ့တယ်' တို့ . . . ဘာပဲပြောပြောပေါ့ကွာ . . . ခနုမလေးတစ်ယောက်ကို ဒီအတိုင်းကြီး ဘုမသိဘမသိနဲ့ ယူတာ ထက်စာရင်တော့ ခနုစကားနည်းနည်း သိပြီးတော့ ယူတာက ပိုကောင်း တာပေါ့ကွာ . . . ဟုတ်တယ် မဟုတ်လား ဝဏ္ဏ"

"အေး"

ကျေနပ်ပါစေတော့ဟု ဆောင့်ကြီးအောင့်ကြီးဖြင့် 'အေး' သော သူ့ကို ရွှေသော်င်က ကြည့်ပြီး သဘောတကျဖြင့် အာခေါင်ခြစ် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ စကားမစပ်ပေါ့ကွာ . . . ငါ အိမ်ပြန်တော့မယ်"

"ဟ . . . မြှုန်း ဒိုင်းကြီး ဘယ်လိုဖြစ်တာလဲ . . . ဖြည်းဖြည်း ပေါ့"

ရုတ်တရက်ကြီး ထရပ်သော အောင်စိုးကို ကြည့်ကာ သူ ဆိုဖြစ်သည်။

"ငါမေ့နေတာကွ . . . စောစောက ငါ့အစ်မရဲ့ယောက်ျား ဖုန်းဆက်တယ် . . . ငါ့အစ်မမွေးပြီးပြီတဲ့ . . . အိမ်မှာပဲ မွေးဖြစ် သွားတယ်တဲ့ . . . အဲဒါ ပြန်ကြည့်မလို့"

"မင်းရဲ့ အနောင်ကတော့ လူဖြစ်ပြီပေါ့"

ခေါင်းတညိတ်ညိတ်ဖြင့်ဆိုသော သူ့စကားကြောင့်အောင်စိုး အပါအဝင် အားလုံးက ကြောင်သွားကြသည်။

"ဘာ . . . ဘာ 'အနောင်' လဲကွ"

"ဩော် . . အေး . . . အနောင်ဆိုတာ အစ်မရဲ့ ယောက်ျား ကို ပြောတာ"

"ဩော်"

သူ့စကားအဆုံးမှာ အားလုံးက 'ဩော်' ဟုရေရွတ်သည်။

"ငါတော့ ဝေါဟာရတစ်ခု အသစ်တတ်ပြန်ပြီဟေ့"

အောင်စိုး ထွက်သွားပြီး မကြာမီမှာပင် ဌေးသောင်က ကော်လံကို ယောင်ကာ စပ်ဖြီးဖြီးဖြင့် သူ့ကို နောက်သည်။ ပြီး ပြောင် ချော်ချော်နှင့်ပင် . . .

"ဒါဖြင့် ညီမရဲ့ ယောက်ျားကျတော့ ဘယ်လိုခေါ်လဲ" ဥပမာ ကွာ . . . ငါနဲ့ မင်းညီမ မေဝသုန်နဲ့ ရသွားခဲ့ရင်ပေါ့ကွာ . . . မင်း ငါ့ကို ဘယ်လိုခေါ်မလဲ"

"လာပါဦး လို့ ခေါ်မှာပေါ့ကွ"

"ဩော် . . . ဒီလိုလား . . . အာ မဟုတ်သေးပါဘူး . .





ခင်းတလည်း"

ဌေးသောင်က ခေါင်းကို ကုတ်ရင်းဆိုသည်။ ပြီး . . .

"ဟကောင် ဝဏ္ဏ၊ ငါအကောင်းမေးတာကွ . . . မင်းကို နောက်နေတာ မဟုတ်ဘူး . . . ညီမရဲ့ ယောက်ျားဆိုရင် ဘယ်လို ခေါ်လဲ"

"အေး ညီမယောက်ျားကို ဘယ်လိုခေါ်လဲတော့ မသိဘူး . . . မင်း အစ်မနဲ့ ငါနဲ့ ရရင် မင်းက ငါ့ကို 'အနောင်' လို့ခေါ်ရ မှာတော့ သိတယ်"

"တမင်ပြန်နှိပ်ကွပ်သော သူ့စကားကြောင့် ဌေးသောင်က 'ဟာကွာ' ဟု ဆိုရင်း ခေါင်းကို ကုတ်သည်။

"အင်း ဘာလိုလိုနဲ့ အောင်စိုးမှာတောင် 'သားတော်' လား 'သမီးတော်' လား မသိဘူး ရသွားပြီပေါ့"

တွေးရင်းဆိုဖြစ်သော သူ့စကားကြောင့် သီတာက ဆုပ်ပြန်ပြီ . . . ဘယ်က သားတော် သမီးတော်တုန်းဟ . . . အဆန်း ဲ ဟု ဆိုသည်။

"အေး . . . ငါလည်း ဒီနေ့ ဘာဖြစ်တယ်မသိဘူး . . မေ့ နေပြီး အကျင့်ပါနေတဲ့အတိုင်း 'မနု' ဝေါဟာရနဲ့မဲ ပြောပြောဖြစ် နေတယ် . . . ဒီလိုဟ . . တူကို ငါတို့ဘက်မှာ 'သားတော်' လို့ခေါ် တယ် . . . တူမကိုတော့ 'သမီးတော်' လို့ခေါ်တယ်"

"ငါတို့ကတော့ ရှေးတုန်းက ဘုရင်တွေရဲ့ သားတွေ သမီး တွေကိုပဲ သားတော် သမီးတော် ဆိုပြီး ခေါ်တာ ကြားဖူးပါတယ်"

ဖြိုးက မျက်မှောင်ကြီးကုတ်ကာ ဆိုသည်။ သီတာက 'အေးလေ' ဟု ထောက်ခံသည်။

"အေးဟ ငါလည်း နင်တို့ပြောသလိုပဲ တစ်ခါတလေ တွေး ခဲ့တယ် . . . . ဒါပေမယ့် ငါတို့ဘက်မှာတော့ တူကို 'သားတော်



www.burmeseclassic.com

www.burmeseclassic.com



တူမကို 'သမီးတော်' လို့ပဲ သုံးနေကြတုန်းဟ . . . တကယ်ပါ ငါ မဝါဘူး"

သူ့စကားအဆုံးမှာ ဒွေးသောင်တို့ သုံးယောက်သား မျက်လုံးတွေ အလိုလိုပြူးကုန်ကြပြန်သည်။

"…'မဝါဘူး' ဟုတ်လား ..'မညာဘူး' လုပ်စမ်းပါ"

"အေး . . . ငါတို့ဘက်မှာ လိမ်တာ ညာတာကို ဝါတယ်လို့ ပြောတယ်ကွ . . . မလိမ်ပါဘူး မညာပါဘူးဆိုရင် 'မဝါပါဘူး' ပေါ့ကွာ . . . အဲဒီလို . . မင်းတို့ဆီမှာတော့ သို့မဟုတ်ကို (ဝါ) ဆိုပြီးတော့ သုံးတယ်မဟုတ်လား . . ငါတို့ဆီမှာကတော့ ညာတာကို (ဝါ) လို့ သုံးတယ် . . ."

". . . . ဖြစ်ရမယ် . . . ဘာပဲပြောပြော . . နင်တို့ ဓနုစကားက စိတ်ဝင်စားစရာကောင်းတယ်နော်"

ဖြိုးက အထက်ပါအတိုင်း ရေရွတ်သည်။

"ဓနုစကားပဲ စိတ်ဝင်စားတာလား . . . 'ဓနု' ကောင်လေးကိုရော စိတ်မဝင်စားဘူးလား"

သူ့ရင်ထဲမှ တွေးနေမိသော စကားတို့ကို အကြားအမြင်ရနေသလို ရုတ်တရက်ကြီး ဝင်ပြောပေးသော သီတာ့ကို သူအံ့လည်း အံ့သြ၊ ကျေးဇူးလည်း တင်သွားမိသည်။ သူမက ရဲခနဲဖြစ်သွားသော မျက်နှာကို ငုံ့ပစ်ရင်း သီတာပေါင်ကို ဆွဲဆိတ်သည်။

သီတာကတော့ တဟားဟားဖြင့် ရယ်သည်။ သူကတော့ မရယ်ဖြစ်။ ထိုအချိန်၌ အရှက်သည်းနေသော သူမ၏ မျက်နှာနီရဲရဲကို သူ့ရင်ထဲ ဆွဲပွေ့ကာထားချင်စိတ်တို့ဖြင့်သာ ရင်တစ်ခုလုံး ပြောင်းဆန်ကာ ခုန်နေခဲ့သည်။



* ပုသိမ်မြို့ မန်ကျည်းကွက် ရေတက်လည်းမြို့ ညလည်းမြို့
မြို့နေရတ်နှင့် ချစ်လေမြင်း ချစ်လေမြင်း။
* မိနဲ့မောင်မှာ ရေတက်လည်းဆုံ ညလည်းဆုံ
ဆုံနေရတ်နှင့် မွှေးလေမြင်း မွှေးလေမြင်း။

* ထနောင်းပင်မျိုး မိုးအေးအတူနိုရ ကောင်းဝူးသော
ကောင်းဝူးသော မယ်လည်းအမျိုး မောင်အမျိုး
အတူနေရ ကောင်းဝူးသော ကောင်းသွားသော။

(ဓနုရိုးရာထေးသံများမှ)

*(ကောင်းဝူးသော = ကောင်းသွားသား)
" ဝူး = သွား ၊ သော = သား "

www.burmeseclassic.com





ဘာရှာလဲကွ

သူ့လက်ထဲမှ စာရွက်ကို ပြောပြောဆိုဆိုဖြင့်ပင် လှမ်းယူရင်း ရွှေရောင်က မေးသည်။ ပြီး အောင်စိုးနှင့် နှစ်ကောင်သား ထိုစာရွက်ကို အသံထွက်ကာ ဖတ်ကြသည်။

"ဒါ ဓနုရိုးရာ တေးတွေ မဟုတ်လား . . . ဘာလုပ်မလို့လဲ"

အောင်စိုးက စာရွက်ကို ကိုင်ထားရင်းက မေးသည်။

"ဘာရယ် မဟုတ်ပါဘူးကွာ. . . စိတ်ကူးပေါက်လို့ လျှောက်ရေးကြည့်တာ"

သူ့အဖြေကြောင့် အောင်စိုးက 'ဒီလိုလား' ဟု ဆိုရင်း စာရွက်ကို နောက်တစ်ကြိမ် ဖတ်ပြန်သည်။ ပြီး -

"ဒီ ပထမတစ်ပုဒ်မှာ ပါတဲ့စာသားရော ဒုတိယပိုင်းမှာ ပါတဲ့ ဓယားရေးက ယောကျ်ားရော မိန်းမပါ သံပြိုင်ဆိုကြတာလား"

"မဟုတ်ဘူးကွ . . . ဒါက ကောင်မလေးကို ကောင်လေးက ကဗျာစပ်ပြီး လှူဖို့လှည့်တဲ့သဘော . . . ဒါကိုပဲ ကောင်မလေးက လတ်ာနဲ့ပဲ ပြန်ပြီး တုံ့ပြန်တာမျိုး ရှိတယ် . . . ဥပမာ - ဒုတိယတစ်ပုဒ်ကို ယောကျ်ားလေးက ဆိုလိုက်တယ်ဆိုပါစို့ . . ထနောင်းပင်





အောက်မှာ မိုးမယိုတာမို့ အတူနားခိုကြရင် 'မကောင်းဘူးလားတဲ့ . . . ဒီလိုပဲ အပျိုလူပျိုဖြစ်တဲ့ မောင်နဲ့မယ်လည်း အတူပေါင်းသင်းကြရင် မကောင်းဘူးလား လို့ ကမ်းလှမ်းတာ . . . တစ်နည်းပြောရင် ချစ်ရေးဆိုတာပေါ့ကွာ . . . အဲဒီမှာ မိန်းကလေးက ဒီလိုမျိုး ပြန်တယ် . . . ငါရေးပြမယ် . . .

"အိန်တိုင်သစ်နု . . . အရင်းထားလို့ အဖျားစု
သစ်နု အိန်တိုင် ခိုင်လေလော ခိုင်လေလော . . .
သဘောတူလို့ ယူမယ်ဆိုရင် အိန်ထောင်ပြုမင်းမှုကို
ပိန်နိုင်လေလော ပိန်နိုင်လေလော . . ."

သူရေးပြသော စာပုဒ်ကို ကြည့်ပြီး 'အောင်စိုး' က ' . . . အိန် ဆိုတာ ဘာတုန်း' ဟုမေးသည်။

"အိန် ဆိုတာ အိမ်ကို ပြောတာ . . . အဲဒီစာပုဒ်ရဲ့ သဘောက သစ်သားကို အရင်းမှန်းမသိ အဖျားမှန်းမသိ အိမ်တိုင်ကို စိုက်ရင် အဲဒီအိမ်တိုင်က ခိုင်ပါ့မလားတဲ့ . . . အဲဒီလိုပဲ မယ်က သဘောတူကြည်ဖြူလို့ ယူမယ်လို့ ဆုံးဖြတ်ခဲ့ရင် အိမ်ထောင့်တာဝန်တွေကို ပိုင်ပိုင်နိုင်နိုင်ထိန်းသိမ်းနိုင်ပါ့မလားလို့ ပြန်မေးတာ . . . ပိန်ဆိုတာ က ပိုင်ကို ဓနုလို အသံထွက်တာ"

သူ့စကားအဆုံးမှာ သကောင့်သားနှစ်ကောင်က ခေါင်းတညိတ်ညိတ်လုပ်သည်။ အောင်စိုးက . . .

"ငါတို့ ကြားဖူးတဲ့ 'ပင်စိမ်းသီး နေစာလောင် . . . မိန်းမ ထက်ဆောင်ပေးရအောင် . . ပင်စိမ်းသီးပိုးထိုး . . . တောင်ကြီးသူမ ရအောင်ပိုး ရအောင်ပိုးဟေ့ ရအောင်ပိုး . . .' ဆိုတာမျိုးတော့ ကြားဖူးတယ်နော်" ဟုဆိုသည်။

"ဟုတ်တယ် အဲဒါကျတော့ သံချပ်ပုံစံမျိုး . . . သူက အတာ တဲ့အချိန်မျိုးမှာ ဆိုကြတာ . . . သူက မြူးမြူးကြွကြွ ပုံစံဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



တရုတ်လူတွေက ဘွတ်ဘွက်လက်လတ် ကလို့ရတာပေါ့ကွာ”

သူ့စကားအဆုံးမှာ ငွေသောင်းက . . .

“မင်း တစ်ခါတုန်းက ပြောဖူးတယ် . . . သီချင်းတွေဆိုပြီး ကကြတာ ဘာပွဲလဲ . . . မင်းပြောဖူးတယ်လေ . . . အဲဒီပွဲတွေမှာ ဆုတောင်းကြတယ်ဆိုတာ . . .”

“အဲဒါ တာတက်ပွဲကို ပြောတာ . . . ကဲ မထူးပါဘူး ‘ခနု’ တိုင်းရင်းသား ‘တောင်နိုး’ တိုင်းရင်းသားအကြောင်း ပြောမှတော့ ‘တာတက်’ ပွဲကို ချန်ထားလို့မရဘူး . . . မရရအောင်ရှင်းပြရတော့မှာပဲ . . . ဒီလိုကွ . . . တာတက်ပွဲဆိုတာ ငါတို့ဘက်က နိုးရာနှစ်သစ်ကူးတဲ့ပွဲကိုခေါ်တာ . . . အတာသင်္ကြန် အတက်နေ့ကနေ စပြီးတော့ ကဆုန်လပြည့်နေ့အထိ ပွဲတော်ကာလကို သတ်မှတ်တယ် . . . ပွဲတော်ကာလအတွင်းမှာ ကိုယ့်ရဲ့ ရပ်ရွာမှာရှိတဲ့ စေတီပုထိုးတွေ . . . ဘုန်းကြီးကျောင်းတွေမှာ အလှူလုပ်ကြတယ် . . . လှူဖွယ်ဝတ္ထုတွေကို ပဒေသာပင်လုပ်ပြီး လှူကြတယ်”

“ဟုတ်ပြီ . . . အဲဒီပွဲမှာ အတီးအမှုတ် အကအခုန်တွေနဲ့ ပဒေသာပင်ကြီးတွေ ထမ်းပြီး လှည့်ကြတာ အဲဒီလိုလား”

ငွေသောင်းက လက်ဖျစ်တီးရင်း ဆိုသည်မို့ သူခေါင်းညိတ်ဖြစ်သည်။

“အဲဒီ ပဒေသာပင်တွေမှာ ကျတော့ ဘာတွေ ချိတ်ဆွဲကြတုန်း”

အောင်စိုးက သူ့နားရွက်သူ ပွတ်ရင်းမေးသည်။

“အစုံပဲတွေ . . . အက်န်းတို့ ဘာတို့လို ရဟန်းသံဃာတွေရဲ့ အသုံးအဆောင်တွေ . . . နောက် ဥယျာဉ်ခြံထွက် အသီးအနှံတွေ . . ဝတ္ထုငွေတွေပေါ့ကွာ . . . တချို့ အမျိုးသမီးတွေဆိုရင် သူတို့ရဲ့ ဆံပင်တိုတောင် ဖြတ်ပြီး လှူကြတာ ကြုံဖူးတယ်”





“အဲဒီ တာတက်ပွဲက တစ်ရွာထဲမှာ လုပ်တာလား”

ငွေသောင်းက သူ့အား မေးသည်။

“ငါတို့ဆီမှာတော့ ထင်ရှားတဲ့ တန်ခိုးကြီးဘုရားတွေရှိတဲ့ ရွာတွေမှာ အလှည့်ကျလုပ်ကြတယ် . . . ဥပမာ . . . ‘က’ ကကြီးရွာမှာ လုပ်တယ်ဆိုရင် ကျန်တဲ့ ‘ခ’ ခွေးတို့ ‘ဂ’ ငယ်တို့ ‘င’ တို့ အဲဒီလိုပေါ့ကွာ . . . ပတ်ဝန်းကျင်ရွာတွေက လာလည်ကြ ပတ်ကြ လှူဒါန်းကြပေါ့ကွာ . . . နောက်တစ်ရွာကိုပြောင်းပြီး လုပ်တဲ့ပွဲရောက်ရင်လည်း ကျန်တဲ့ရွာတွေက အပြန်အလှန်လာလည်ကြ . . . လှူဒါန်းကြနဲ့ပေါ့ကွာ”

“ဒါဖြင့် တစ်ရွာပြီး တစ်ရွာ ပွဲတွေဆက်နေမှာပေါ့”

ဟု အောင်စိုးက ဆိုသည်။

“ဒါပေါ့ကွာ . . . အဲဒီ အများကောင်းမှုဖြစ်တဲ့ ပဒေသာပင်တွေကို အတီး အမှုတ် အက အခုန်တွေနဲ့ သူတို့ ‘တာတက်ပွဲ’ ကျင်းပမယ့်စေတီ ဒါမှမဟုတ် ဘုန်းကြီးကျောင်းကို လှည့်ကြတာ ပျော်စရာကောင်းတယ် . . . ခနု အိုးစည်သံတွေကြားမှာ ကျား၊မကြီးငယ် မရွေးကကြ ခုန်ကြနဲ့ ရွာခံတွေလည်း ပျော် . . . တခြားရွာကလာတဲ့ ဧည့်သည်တွေလည်း ပျော်ပေါ့ကွာ . . . လူကြီးတွေအတွက်ကတော့ ဒီပွဲက နှစ်ကူးအလှူပွဲဆိုပေမယ့် လူငယ်တွေအတွက်ကတော့ ‘ဖူးစာဆုံ’ ပွဲပဲ ဆိုပါတော့”

“တယ်နိပ်ပါလားကွ . . . လုပ်ပါဦး ဆက်ပါဦး”

ငွေသောင်း၏ စကားအဆုံးမှာ အောင်စိုးက ‘စိတ်ဝင်စားရာအကောင်းဆုံးအဆင့်ကို ရောက်နေပြီ’ ဟု စပ်ဖြီးဖြီးဖြင့်ဆိုသည်။

“ဘုရားလည်းဖူး လိပ်ဥလည်းတူး ဆိုသလိုပေါ့ကွာ . . . လူငယ်ပိုင်းတွေအတွက်ကတော့ အလှူကတစ်ဖက် . . . ချစ်သူရှာတာက တစ်ဖက်ပေါ့ကွာ . . . အဲဒီမှာ စောစောက ငါဆိုပြတဲ့ သံချို



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘာတွေဆိုပြီး ကောင်မလေးတွေကို ယောကျ်ားလေးတွေက ရိုတ်ကြတယ် . . . ကောင်မလေးတွေကလည်း သံချပ်တွေ ဘာတွေဆိုပြီး ရှက်ကိုးရှက်ကန်းတွေနဲ့ တုံ့ပြန်ကြတာပေါ့ကွာ . . . ယောကျ်ားလေးတွေက ကောင်မလေးတွေကို လူပျိုလှည့်ရင် 'ပဲလှော်စေ့' တွေနဲ့ ပစ်ပြီး လူပျိုလှည့်ကြတယ်. . . ငါတို့ ဒီခေတ် စက္ကူမြားတွေနဲ့ နောက်သလိုမျိုးပေါ့ကွာ . . . 'တာတက်ပွဲ' ရဲ့ ထူးခြားချက်က အဲဒီလို 'ပဲလှော်စေ့' တွေနဲ့ မနာကျင်အောင် ပစ်ပြီး လူပျိုလှည့်တဲ့ ဓလေ့ပဲ . . . အဲဒီမှာ ကောင်မလေးတွေနဲ့ ရင်းနှီးမှုရှိသွားရင် အိမ်အထိတောင် လိုက်လည်လို့ ရတယ်"

"အာပါးပါး Good လှချည်လား"

အောင်စိုးက ပြောင်ချော်ချော်ဖြင့် ဆိုသည်။

"သူ့မိဘတွေက ကြည်ဖြူပါ့မလား"

ဌေးသောင်က အထက်ပါအတိုင်းမေးသည်။

"မဆိုးကြဘူးကွ . . . အကျွေးအမွေးနဲ့တောင် ဧည့်ခံသေးတယ် . . . ဒါပေမယ့် သာမန်ဧည့်သည်အနေနဲ့ပေါ့ကွာ . . . ပွဲတော်ကာလမှာက အိမ်ကို လာသမျှ ဧည့်သည်တိုင်းကို အကျွေးအမွေးနဲ့ ဧည့်ခံကြတာပဲ . . . အလှူလုပ်ကြတာပေါ့ကွာ . . အဲ ပွဲပြီးလို့ နောက်ပိုင်းမှာ ရင်းနှီးမှု ရသွားပြီဆိုတာနဲ့ အဲဒီအပျိုအိမ်ကို လူပျိုတွေ လူပျိုလှည့်လို့ ရပြီ . . . မိဘတွေကလည်း သူ့သမီးက ကြည်ဖြူလို့ကတော့ စိတ်မဆိုးတဲ့အပြင် စကား လွတ်လွတ်လပ်လပ်ပြောလို့ ရအောင် ရှောင်တောင် ရှောင်ပေးသေးတယ်"

"ကောင်းလိုက်တာကွာ . . . ရောက်ဖူးချင်တယ်ကွာ . . . တကယ်ပြောတာ"

ဌေးသောင်က အံကြိုးကြိတ်ရင်း ဆိုသည်။

"များသောအားဖြင့် လူပျိုလှည့်ကြတာကလည်း ညဖက်ပိုင်းမှာပဲ လှည့်ကြတာ . . . ငါတို့ဘက်မှာက ည ညဆို အေးတာကိုး . . . ဒီတော့ မီးပုံဘေးမှာပဲ လူပျိုလှည့်ကြတာပေါ့ကွာ"

"မီးပုံဘေးမှာ နှစ်ယောက်တည်း ထားခဲ့တာလား"

"အာ . . . အဲဒီလိုတော့ ဘယ်ဟုတ်မလဲ အောင်စိုးရ . . အဲဒီကောင်မလေးရဲ့ သူငယ်ချင်းတွေလည်း အဲဒီအိမ်မှာ စုပြီး ရှိချင်ရှိနေကြတာ . . . လာလည်မယ့်လူတွေနဲ့ အချိတ်အဆက်လုပ်ထားပြီးသားလေကွာ . . . ဘယ်သူ ဘယ်သူ လာလည်မယ် ဘယ်သူကဖြင့် အိမ်မှာ ရှိနေမယ်ပေါ့ကွာ . . . အဲဒီလိုမျိုး"

"အဲဒီမှာရော ကဗျာတေးသံတွေနဲ့ ရွတ်ကြသေးလား"

အောင်စိုးက အထက်ပါအတိုင်း မေးသည်။

"အေး . . . ရွတ်ကြတာပေါ့ကွ"

"ဥပမာလေး တစ်ခုလောက် လုပ်ပါဦး"

ဌေးသောင်က စကားထောက်သည်။

"တောင်ပေါ်ရေတွင်း နံပါးပက် ဝက်လူးအင်း
လူးအင်းသာလို့ ဝက်လာလော ဝက်လာလော . . .
နှမသတင်း မိုးလောက်ရွာလို့ ဖျာလောက်ခင်း
သတင်းသာလို့ မောင်လာလော မောင်လာလော . . ."တဲ့

. . . အဓိပ္ပာယ်ကတော့ကွာ . . . နှမက ချောလွန်း လှလွန်း သတင်းကြီးလွန်းလို့ အလည်လာခဲ့ပါတယ် ဆိုတဲ့ သဘော"

"ကောင်မလေးတွေက ဘာပြန်ပြောလဲ"

အောင်စိုးက စိတ်ဝင်တစားဖြင့် မေးသည်။

"ကောင်မလေး ပြန်ဖြေတဲ့ကဗျာတွေကတော့ အများကြီးပေါ့ကွာ"

"ငြင်းတဲ့ ကဗျာလေး ပြောပြကွာ"

ဌေးသောင်က ပွဲတောင်းသည်။





www.burmeseclassic.com

www.burmeseclassic.com



"အင်း ငြင်းတာဆိုရင်တော့ ဒီလိုမျိုးကွ . . .

တောင်ယာသခွား အခွံနွှေးလို့ အစိမ်းစား အအားဖြစ်မယ် ထင်ဘူးလေး . . . .

တစ်ကုန်းခွာ . . . တစ်ရွာသူ တစ်ရွာသား အိန်(အိမ်)သား ဖြစ်မယ်ထင်ဘူးလေး . . . တဲ့ အဓိပ္ပာယ်ကတော့ကွာ တောင်ယာထဲက သခွားသီးကို အခွံနွှာ(ခွာ)ပြီးတော့ အစိမ်းစားပေမယ့် အားမဖြစ်သလို . . . တစ်ရွာသားမို့လို့ အိမ်သားအဖြစ် လက်ခံလို့ မဖြစ်နိုင်ပါဘူးလို့ ငြင်းတာ"

"ဒီကောင် ဒွေးသောင်လို ပေတီးပေစုတ် အပေအတေမိုလို့ ငြင်းတာနေမှာပေါ့ . . . ငါ့လို ရုပ်ဖြောင့် သဘောကောင်းတဲ့ကောင်ဆိုရင်တော့ မီးစိမ်းပြမှာ သေချာတယ်"

အောင်စိုးက ခပ်တည်တည်ဖြင့်ဆိုရင်း ဒွေးသောင်ကို နှိပ်ကွပ်သည်။

"ငြင်းတယ်ဆိုပေမယ့်လည်း propose လုပ်တာကို ချက်ချင်းကြီး အဖြေမပေးနိုင်သေးလို့ မိန်းကလေး သဘာဝ သိက္ခာထိန်းတာ . . . ဒါမှမဟုတ် စဉ်းစားနေတာလည်း ဖြစ်နိုင်တာပဲ . . . ဟုတ်တယ်မဟုတ်လား ဝဏ္ဏ"

ဒွေးသောင်က အားကျမခံ ပြန်၍ဆိုသည်မို့ သူ အရယ်တစ်ဝက်ဖြင့် ခေါင်းညိတ်ပြဖြစ်သည်။

"ဒါနဲ့ စကားမစပ် မနက်ဖြန် ကေခိုင်တို့အိမ်မှာ မုန့်လုပ်စားကြမယ်တဲ့ . . . လာခဲ့ကြဦးတဲ့ . . . ဖြိုးကဖုန်းဆက်ဟယ်"

အောင်စိုးက 'စကားမစပ်' ဟု အစချီရင်း မနက်ဖြန်၏ အစီအစဉ်ကို ဆိုသည်။

"ငါ့ကိုကျတော့ ဖုန်းမဆက်ပါလား"

ရုတ်တရက်ဆိုသော သူ့စကားကြောင့် ဒွေးသောင်က





သရော်ပြုံး ပြုံးသည်။ ပြီး . . .

"ငါ့ဆီတိုလည်း ဆက်တယ် . . . မင်းဖုန်းက မအားလို့တဲ့ . . . မင်းရဲ့ဖြိုးက မင်းကို ပြောဖြစ်အောင် ပြောလိုက်ပါဦးတဲ့ . . . ချာ ဆက်ရှာပါတယ် ငါ့ကောင်ရာ"

ဒွေးသောင်ဆိုသော 'မင်းရဲ့ဖြိုး' ဆိုသည့် ဝေါဟာရကြောင့် သူ နည်းနည်းတော့ စိတ်မှာ ဘဝင်ကျသွားသည်။

ဒွေးသောင်ဆိုသလိုပင် ဖြိုးသည် သူ၏ဖြိုးပဲ ဖြစ်လိုက်ပါတော့ဟုလည်း သူတွေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဘက်မှာတော့ ‘တန်’ ဟူသော စကားလုံးကို ‘မတူဘူး မတန်ဘူး’ စသည်ဖြင့်လည်းကောင်း . . . ‘တန်ရာတန်ကြေး’ အနေဖြင့်လည်းကောင်း သုံးကြလိမ့်မည်ဖြစ်သည်။

သူတို့ဆီမှာ ‘တန်’ သည် အဓိပ္ပာယ်အမျိုးမျိုးရှိ၏။ ပထမ ‘တန်’ သည် ရပ်တန့်စေလို့အလို့ငှာ ဆိုလိုသော ‘တန်’ ဖြစ်၏။

ဒုတိယ ‘တန်’ မှာကား ဈေးနှုန်းနှင့် ပတ်သက်၍သော်လည်းကောင်း၊ အသုံးပြုမည့်ပစ္စည်းနှင့် သုံးမည့်သူ အရွယ် (size) မတော်လျှင်လည်းကောင်း အသုံးပြုသည်။ ငွေစက္ကူများကို ‘တန်’ ဟု ထည့်ပြောခြင်းကတော့ ရှင်းသည်။ ဥပမာ - ငါးရာတန်၊ တစ်ထောင်တန် စသည်။ ယင်းကတော့ ရှော့မရှိ။ ဈေးနှုန်းနှင့် ပတ်သက်၍သုံးသော ‘တန်’ ကတော့လည်း ရှင်းသည်။ ကုန်ပစ္စည်းနှင့် ကျသင့်ငွေကို ‘တန်’ ခြင်း ‘မတန်ခြင်း’ ကို သုံးသည်။

အရွယ် (size) မတော်ခြင်းများကိုလည်း ထို ‘တန်’ ကိုပင် အသုံးပြုသည်။ ဥပမာ- အင်္ကျီခပ်သေးသေးကို လူကောင်ကြီးကြီးက ဝတ်ခဲ့လျှင်သော်လည်းကောင်း၊ အင်္ကျီအပွကြီးကို လူကောင်ပိစိကွေး





က ဝတ်လျှင်သော်လည်းကောင်း၊ အဆင်ပြေပြေရှိရဲ့လား၊ အိုကေရဲ့လားဟု မေးချင်လျှင် ‘တန်လို့လား’ ‘တန်ရဲ့လား’ စသည်ဖြင့် မေးသည်။ ထပ်၍ ဥပမာပေးရလျှင် ဘော်ဒါတစ်ယောက်က အင်္ကျီ(သို့) ဘောင်းဘီတစ်ခုခု ဝယ်လာသည် ဆိုပါစို့။ ထိုအင်္ကျီ(သို့)ဘောင်းဘီကို ကျန်ဘော်ဒါတစ်ယောက်ယောက်က သဘောကျ၍ သူလည်း ဝယ်ရန်အတွက် ၎င်းအဝတ်အစား အဆင်ပြေမပြေကို ခဏ စမ်းဝတ်ကြည့်လျှင် ဝတ်ဆင်ကြည့်နေသူကို ပိုင်ရှင်က ‘တန်လား’ သို့မဟုတ် ‘အဲဒီအင်္ကျီနဲ့ နင်နဲ့ တန်လို့လား’ ဟု မေးလိမ့်မည်။

အင်္ကျီက size ကြီးလွန်းနေလျှင်သော်လည်းကောင်း၊ ငယ်လွန်းနေလျှင်သော်လည်းကောင်း ဖြစ်နေခဲ့သည်ရှိသော် ကြည့်ပေးသူက ‘အဲဒီအင်္ကျီက နင်နဲ့မတန်ဘူး’ ဟု သုံးနှုန်းသည်။ ဆိုလိုချင်သည်ကတော့ အဆင်မပြေ၊ မအိုကေခြင်းကိုသာ ဆိုလိုခြင်းဖြစ်သည်။ အင်္ကျီက တန်ဖိုးကြီး၍ မထိုက်တန်ဟု ဆိုခြင်းမဟုတ်။

ဝတ်ဆင်ကြည့်သူ ကိုယ်၌ကပင်လျှင် ‘ဒီအင်္ကျီနဲ့ ငါမတန်ဘူး’ ဟု ဆိုခဲ့သည်ရှိသော် အင်္ကျီက အပေါစားမို့ ၎င်းနှင့်မထိုက်တန်ဟု ဆိုခြင်းမဟုတ်။ Fit မဖြစ်ခြင်း သက်သောင့်သက်သာ မရှိခြင်းကိုသာ ဆိုလိုခြင်းဖြစ်သည်။

‘တန်’ ကို ထိုကဲ့သို့ သုံးနှုန်းကြောင်း သူ၏ဘော်ဒါများက သိကြ။ ကြုံကြိုက်မှု မရှိသဖြင့် သူကိုယ်၌ကလည်း ရှင်းမပြခဲ့ဖူး။

ရှင်းမပြခဲ့ဖူးသော ထို ‘တန်’ ဆိုသည့်စကားလုံးကြောင့်သာ အကြီးအကျယ် သူမ သူ့ကို စိတ်ဆိုးစရာ ဖြစ်ခဲ့မည်ဟု ကြိုသိခဲ့လျှင် ကောင်းမည်ဟု သူတွေးဖြစ်သည်။ ကေခိုင်တို့ အိမ်မှာ မုန့်လုပ်စားသည်ဆို၍ သူ အချိန်မီပင် နံနက်ခင်းက ရောက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





နောက်ကျကိုယ်တော်ကြီး လာနေပါပြီ . . . လာပြီ

အိမ်ထဲသို့ ဝင်ဝင်ချင်းမှာပင် ကေခိုင်က 'အားလုံးကိုလည်း' သူ ရောက်လာပြီဖြစ်ကြောင်း အသိပေးရင်း တပြိုင်နက်တည်း သူ့ကိုလည်း 'လာ' ဟု နှုတ်ဆက်သည်။

မုန့်စားနေစဉ် အချိန်မှာရော စားပြီးချိန်အထိပါ ဘာ ပြဿနာမှ မတက်သေး။ ပြဿနာတက်သည်က ကေခိုင်ကို နှုတ်ဆက်ကာ အားလုံးထဲအပြန် ဖိနပ်ချွတ်မှာ သူမနှင့်သူ ပြဿနာစတက်တော့သည်။

သူမက သူ စီးလာသော ဖိနပ်အသစ်ကို ကြည့်ပြီး ရုတ်တရက် ခိုးမွှမ်းသည်။

"ဟာ . . . ဝဏ္ဏရဲ့ ကွင်းထိုးဖိနပ်က လှထယ်တော့ . . . မှန်း ငါစီးကြည့်ရအောင်"

ပြောပြောဆိုဆို သူမက သူစီးရန်ပြင်နေသော သူ့ဖိနပ်ကို





ခပ်သွက်သွက်ပင် စီးကြည့်သည်။ ထိုအချိန်မှာ 'တန်'ဆိုသော စကားလုံးကို သူ သတိလက်လွတ်ပြောမိသွားခြင်း ဖြစ်သည်။

"ဖြိုး ငါ့ဖိနပ်နဲ့ နင်နဲ့ တန်လို့လား"

"ဘာ"

သူ့စကားကြောင့် သူမ 'ဘာ' ဟု မျက်နှာနီကြီးဖြင့် အော်သည်။ သူက မကြားလိုက်ဘူးအထင်နှင့် နောက်တစ်ခေါက် ထပ်ပြောဖြစ်သည်။ တစ်ကြိမ်တည်းနှင့် ကြားပုံမရသော သူမကို ခပ်ဆတ်ဆတ်ပင် . . .

"ငါ့ဖိနပ်နဲ့ နင်နဲ့ မတန်ဘူးလို့ ပြောတာ"

သူ့စကားကြောင့် သူမမျက်နှာပျက်သွားသည်။ ပြီး မျက်မှောင်ကြီးကုတ်ကာ 'နင် ငါ့ကို နောက်နေတာလား' ဟု ရုပ်တည်တည်ဖြင့် ပြန်မေးသည်မို့ သူနည်းနည်းတော့ ကြောင်သွားရသည်။ သူ 'နောက်' နေခြင်းမဟုတ်သည်ကတော့ အမှန်ပဲ ဖြစ်သည်။

"မနောက်ပါဘူးဟ . . . အတည်ပြောတာ . . . စီးကြည့်ပါ . . . မစီးစေချင်လို့ ပြောတာမဟုတ်ဘူး . . . မတန်လို့ မတန်ဘူး ပြောတာ"

သူ့စကားအဆုံးမှာ သူမက စီးထားသော ဖိနပ်ကို ဒေါနှင့်မောနှင့် ချွတ်ပစ်သည်။

ပြီး . . .

'ဘလိုင်းကြီးဟာ' ဟုဆိုကာ ဆတ်တောက်ဆတ်တောက်ဖြင့် သူမ၏ ကားပေါ်တက်ကာ မောင်းထွက်သွားသည်။ ဒီအချိန်အထိ သူ ဘာကိုမှ နားမလည်နိုင်သေး။

"နေပါဦး ဖြိုးက ဘာဖြစ်သွားတာတုံး"

ခေါင်းကို ကုတ်ရင်း လှည့်၍မေးသောသူ့ကို စောစောက သူနှင့် ဖြိုး အခြေအတင်စကားဆိုနေစဉ်အခါက ကြောင်တောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်ဖြင့် ပါးစပ်တွေ ဟကာနေသော ဒွေးသောင်တို့ အသက်ဝင်တာလာသည်။

"မင်းကွာ . . . ဘာကိစ္စ ဖြိုးကို မင်းဖိနပ်နဲ့ မတန်ဘူးတွေ ဘာတွေ ပြောလိုက်တာတုန်း"

အောင်စိုး၏ အမေးကြောင့် သူ တင်းသွားမိသည်။

"ဟ . . . မင်းတို့လည်း မြင်နေတာပဲလေ . . . ငါမေးဦးမယ် . . . ကဲ ငါ့ဖိနပ်နဲ့ သူနဲ့ တန်လို့လား"

သူ့အမေးကြောင့် ကေခိုင်က 'လုပ်ပြန်ပြီ' ဟု ဆိုသည်။

"နေပါဦး . . . မင်းတို့ကပါ ဘာဖြစ်နေကြတာတုန်း"

ခပ်ဆတ်ဆတ်မေးသော သူ့အမေးကြောင့် အားလုံး ပါးစပ်တွေ ဟကုန်သည်။

"ငါတို့က ဖြစ်နေတာမဟုတ်ဘူး . . . မင်းဖြစ်နေတာ . . မင်းက မင်းဖိနပ်နဲ့ သူ့ကို မတန်ဘူးလို့ ပြောရအောင် သူက နူနေ ဝဲနေလို့လား . . . မင်းဖိနပ်ကရော စိန်စီထားလို့လား . . . သိန်းထောင်ချီပေးထားရလို့လား . . . ကဲ"

ဒွေးသောင်က သူ့ကို ခပ်ငေါ်ငေါ်ကြီး ဆိုလိုက်တော့မှ ဖျတ်ခနဲ သူ 'တန်'ဆိုသော ဝေါဟာရကို နားလည်မှုလွဲနေကြပြီမှန်း သိလိုက်ရသည်။

"အာ . . သွားပြီ . . မဟုတ်ဘူး . . . ငါ ပြောချင်တာ အဲဒါ မဟုတ်ဘူး"

ဆံပင်ထဲ လက်ချိုသွင်းကာ ကုတ်ရင်း သူဆိုဖြစ်သည်။

"ဘာ မဟုတ်ဘူးလဲ . . . ငါတို့အားလုံး နားနဲ့ ဆတ်ဆတ်ကြားတာကွ . . . အခုမှ မင်းမငြင်းနဲ့"

"နေပါဦး . . . ငါရှင်းပြပါ့မယ်"

ဖွတ်ကြီးလက်ညှိုးထိုးကာ ဆိုသော အောင်စိုးကို သူ





သတ်ကာပြရင်း ဆိုဖြစ်သည်။ အောင်စိုးက 'ရှင်းမှာဖြင့် ရှင်း' ဟု ခပ်ဆောင့်ဆောင့်ဆိုသည်။

"ဒီလိုကွ . . . ငါပြောတဲ့ 'မတန်ဘူး' တို့၊ 'တန်လို့လား' လို့ ဆိုဘာမတွေက × × × × × × × ×"

အတန်ကြာသည်အထိ အာပေါက်အောင် ရှင်းပြတော့မှ အားလုံးက 'သြော်' ဟု ရေရွတ်ရင်း 'ပေါက်ပြီ သဘောပေါက်ပြီ' ဟု ဆိုကြသည်။

"ကဲ ငါတို့ အားလုံးကတော့ မင်း ဘာကိုဆိုလိုတယ်ဆိုတာ သိပြီ . . . ဒါပေမယ့် ဖြိုးကတော့ 'ကောက်'သွားပြီ . . . အဲဒါ မင်း သေအောင်ချော့ပေတော့"

အောင်စိုးက အားရဝမ်းသာ ဟန်ကြီးဖြင့် ဆိုသည်။ သူ ကေခိုင်နှင့် သီတာ့ဆီ အားကိုးတကြီးဖြင့် ကြည့်ဖြစ်သည်။ သီတာက ပြောင်ချော်ချော်ဖြင့် . . .

"ငါကတော့ ကြားနှစ်ကြားမဝင်ဘူး" ဟု ဆိုသည်။

"ကေခိုင် နင်ကတော့ ဒီကိစ္စမှာ [illegible]"

ကေခိုင်ကို ဆိုသော သူ့စကားကြောင့် [illegible] ဘာလဲဟ' ဟုဆိုသည်။

"နင့်အိမ်မှာ ဖြစ်တာဆိုတော့ နင်ကူညီ[illegible]ပေါ့။ ငါ ရှင်းပြတာလည်း ရှင်းပြတာပေါ့ . . . ဒါပေမယ့် နင်[illegible] [illegible]ထားရင်တော့ ပိုကောင်းတာပေါ့ . . . ဟုတ်တယ်မ[illegible]"

မျက်နှာငယ်နှင့်ဆိုသော သူ့ကို ကေခိုင်က အရယ်တစ်ဝက် [illegible] 'အေးပါဟာ' ဟုဆိုသည်။

"တွေ့လား သီတာ . . နင်က သူငယ်ချင်းကောင်း မပီသဘူး . . . ကေခိုင်က ဘော်ဒါကောင်းပီသတယ်" ဟု သီတာ့ကို သူဆို[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာမာ ငါက နင်မပြောလည်း ကူညီဖို့အစီအစဉ် ရှိပြီးသား . . . အခုတော့ နင်က ဒီလို အပြစ်တင်လာတော့လည်း မသိချင်ယောင်ဆောင်နေလိုက်ရုံပဲပေါ့"

"နောက်တာပါ သူငယ်ချင်းရာ. . နင်က ရုပ်ချော သဘော ကောင်းမှန်း ငါမသိဘဲနေပါ့မလား"

သီတာ့ကို သူပြောင်စပ်စပ်ဖြင့် ဆိုဖြစ်သည်။၏

"မင်းက သီတာ့ကို ရုပ်ချော သဘောကောင်းလို့ ဆိုတော့ ကေခိုင်နဲ့ ငါတို့က ရုပ်မချော သဘောမကောင်းဘူးလို့ မင်းပြောချင် တာလား . . . တွေ့မယ် . . . မင်းတော့လား"

ဗွေးသောင်က အရယ်တစ်ဝက်ဖြင့် နောက်သည်။ အားလုံး နှင့်အတူ ရယ်နေဖြစ်သော်လည်း ရင်ထဲမှာတော့ သိပ်နေလို့မကောင်း ချင်။ 'အဆင်ပြေပြေမှ ရှိပါ့မလား' ဟု တွေးမိနေသည်။ ကေခိုင်တို့ အိမ်မှ ပြန်လာပြီး တစ်ချိန်လုံး ဖုန်းခေါ်ကြည့်သော်လည်း သူမက ဖုန်းကို လုံးလုံးမကိုင်။ Massage လှမ်းပို့တော့လည်း ဘာတုံ့ပြန်မှု မှမရ။

'ဟူး' ခနဲ သက်ပြင်းကိုသာ သူချဖြစ်သည်။



ထမင်းစားပြီး တစ်မျိုးလို

အိပ်ယာဝင်လည်း တစ်မျိုးလို

ဆေးလိပ်တို ဆေးလိပ်တို။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ တက်သောညမှာပဲ သူ သူမတို့ အိမ်ရှေ့မှာ လျှောက်သံပြန်ပေးလုပ်ဖြစ်သည်။ ညတိုင်းလိုလို သူမက သူ့ကို မြင်သည်။

သို့သော် သူက လက်လှမ်းပြကာ နှုတ်ဆက်သော်လည်း သူမက မမြင်ဟန်ပြုသည်။ ဖုန်းဆက်သော်လည်း သူမက မကိုင်။ သူမနှင့် ဖုန်းမပြောရသည်မှာ သုံးရက်ရှိပြီမို့ သူနေမထိ ထိုင်မသာကြီး ဖြစ်လို့လာသည်။

တစ်ခုခု ရင်မှာ လိုနေသလိုမျိုး ဟာတာတာကြီး ဖြစ်လို့နေသည်။ သီတာတို့ဆီလည်း ဖုန်းခေါ် ရလွန်း၍ အားတောင်နာသည်။ သို့သော် မတတ်နိုင်။ အခုလည်း အားနာနာနှင့်ပင် ဖုန်းထပ်ခေါ်ဖြစ်သည်။

"ဟဲလို . . . ဝဏ္ဏ ပြော . . ."

"သီတာရေ . . . အခြေအနေ ဘာထူးခြားသေးလဲဟ"

"ဘာအခြေအနေလဲ . . . ကမ္ဘာ့စီးပွားရေး အခြေအနေလား"





"မနောက်ပါနဲ့ဟာ . . . ဒီမှာက ဗလောင်ဆူနေတာ"

"အေးပါ . . ငါတို့လည်း တတ်နိုင်သလောက် ပြောဆိုထားထို့ အခြေအနေတော့ ကောင်းနေပါပြီ . . . အခု ငါ သူနဲ့ချိန်းထားလို့ သွားနေတာ . . နင် သိတဲ့အတိုင်းပဲ ငါရယ်၊ သူရယ်၊ ကေခိုင်ရယ် သုံးယောက်ပေါင်းပြီး ဖက်ရှင်ဆိုင်တစ်ဆိုင်ဖွင့်မလို့ တိုင်ပင်ပြီး လုပ်ရောရှိတာတွေ လုပ်နေကြတာလေ . . . အခု ဆွေးနွေးစရာလေး တစ်ခု ရှိလို့ ငါတို့ထိုင် နေကြဆိုင်မှာ ချိန်းထားတယ် . . . နင်လာရင် သာခဲ့ . . . ဟိုရောက်ရင် မတော်တဆ ရောက်လာတာမျိုးပဲ ဖြစ်ပါစေနော် . . . ငါ ခေါ်ထားတဲ့ ပုံစံမဖြစ်စေနဲ့ . . "

"အေးပါဟာ . . . ဒါနဲ့ 'တန်' ကိစ္စရော ပြောထားပြီးပြီလား"

"ဘာတန်လဲ . . . သစ် 'တန်' တို့ဟာတို့လို 'တန်' ချိန်ကို ပြောတာလား"

"သီတာ မဖောက်စမ်းပါနဲ့ဟာ စကားအကောင်း ပြောစမ်းဆ"

သူ၏ ခပ်ဆတ်ဆတ် အပြောကြောင့် သီတာက 'တဟက်ဟတ်' ဖြင့် ရယ်သည်။ အတန်ကြာတော့မှ . . .

"ငါရော ကေခိုင်ပါ ဝိုင်းပြီး အာပေါက်အောင် ရှင်းပြထားပါတယ်ဟာ . . . အတော်ပဲ နင် ဆိုင်ရောက်ရင် ငါတို့သောက်ထားတဲ့ အအေးဖိုး နင်ရှင်းပေးရမယ် . . . အဲဒီ တန်ကိစ္စကြောင့် ငါတို့ နှစ်ယောက်လုံး အတော်အာခြောက်ထားရတာ ဆိုတော့"

"အေးပါဟာ . . . ရှင်းပေးပါ့မယ် . . ငါ အခု ဟိုနှစ်ကောင် ဆီက ဘယ်သူ့အားမလဲ မသိဘူး . . . အားတဲ့ကောင်ကို ခေါ်ပြီးတော့ ငါ လာခဲ့မယ်"

"တစ်ယောက်တည်းလာလည်း နင့်ကို ဘယ်သူမှ တိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘူး . . . မြန်မြန်တော့ လာနော် . . . တော်ကြာ နင့်ရဲ့ဖြိုးက စိတ် မြန်လက်မြန်ဆိုတော့ အမြန်ပြော အမြန်သောက်ပြီး အမြန်ပြန် ပြန် ဖြစ်သွားမှာစိုးလို့"

"အေးပါဟာ . . . အေးပါ"

"ဒါဖြင့် ဒါပဲနော်"

" OK သီတာ"

သီတာ့ဖုန်းကို ချပြီးသည်နှင့် ဋ္ဌေးသောင်၏ဖုန်းကို လှမ်း ခေါ်ဖြစ်သည်။ ကံကောင်းချင်တော့ ဋ္ဌေးသောင်နှင့်အတူ အောင်စိုး ပါရှိနေသည်။

အကျိုးအကြောင်းကို အကျဉ်းချုံးပြောပြပြီး ထိုင်နေကျ ဆိုင် ရှေ့မှ စောင့်မည့်အကြောင်း ပြောဖြစ်သည်။

သိပ်မကြာခင်မှာပင် သူတို့ထိုင်နေကျဆိုင်ရှေ့ကို သူ ရောက် သည်။ ကားပေါ်မှ မဆင်းဖြစ်သေးဘဲ ဋ္ဌေးသောင်တို့ နှစ်ကောင်ကို စောင့်ဖြစ်သည်။

ကြာကြာတော့ မစောင့်လိုက်ရ . . . အောင်စိုး၏ ကားဖြင့် နှစ်ကောင်သား ရောက်ချလာသည်။



သုံးယောက် သား ဆိုင်ထဲ ဝင်သွားချိန်တွင် သူတို့သုံးယောက် ထေမြင်ဆုံးမြင်သူမှာ ကေခိုင်ဖြစ်သည်။

"ဟာ့ အောင်စိုးတို့ပါလား . . . လာ . . ."

ဆိုင်အဝင်ဝကို ကျောခိုင်းကာ ထိုင်နေသော သူမက ဖျတ် လှည့်အကြည့်မှာ သူနှင့် အကြည့်ချင်းဆုံသည်။

"ငါက အခုပဲ လှမ်းခေါ်မလို့ လုပ်နေတာ . . . ကြည့်စမ်း တိုက်ဆိုင်ဆိုင်ကြီးကို ရောက်လာတယ်နော် . . . နင်တို့ အကြား တွေ ဘာတွေ ရနေကြတယ်နဲ့ တူတယ်"

သီတာက သူ့ဆီ တည့်တည့်ကြီး ကြည့်ရင်း ပြောင်ချော်ချော် ဆိုသည်။ သူတို့ လက်ဝါးချင်း ရိုက်ထားသည်ကို မသိသော ခိုင်က 'အေးဟ' ဟု ရေရွတ်သည်။

သူတို့အားလုံး ဝင်ထိုင်ပြီးသည်အထိ သူမက သူ့ကို လှည့်၍ ကြည့်၏။

"ရင်ပူတယ်ဟော့ . . . အအေးလေး ဘာလေး သောက်ဦး

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောပြောဆိုဆိုပင် သူမ၏ဘေးတွင် ဝင်ထိုင်ကာ သူမ၏ အအေးခွက်ကို ယူ၍ ပြောင်ချော်ချော်ဖြင့် သူယူ သောက်ဖြစ်သည်။ သူမက မျက်လုံးပြူးကြီးဖြင့် သူ့ကို ကြည့်သည်။ ခပ်ပြောင်ပြောင်ပင် 'အဟဲဟဲ' ဟု သူရယ်ပြလိုက်သောအခါ သူမမျက်နှာကို တည်၍ မထားနိုင်တော့။ နည်းနည်းတော့ ပြုံးစိစိဖြစ်ကာလာသည်။

"သီတာ . . . နင် ငါ့ကို စိတ်ကောက်နေတာလား . . . စိတ်ကောက်တဲ့ မျက်နှာကလည်း ပြုံးဖြီးဖြီးနဲ့ပါလား . . . အောင့်မထားပါနဲ့ဟာ . . . ရယ်ချင်နေရင် ရယ်ချလိုက် ရယ်ချလိုက်"

ပြောင်ချော်ချော်ဖြင့် ဆိုသော သူ့စကားအဆုံးမှာ သူမက ခွိုးခနဲ ရယ်သည်။ ပြီး 'ယောက်ျားလုပ်ပြီး စောင်းပြောတဲ့လူဆို ကြည့်လို့မရဘူး' ဟု မျက်နှာကို ကမန်းကတန်းတည်ရင်း ဆိုသည်။၏

"ဟုတ်တယ် ငါလည်း ဖြိုးနဲ့ အမြင်ချင်း တူတယ် . . . ငါလည်း အဲဒီလို လူမျိုးဆို ကြည့်လို့မရဘူး . . . ဟုတ်တယ်နော် ဖြိုး"

ပြောင်ချော်ချော်နှင့်ပင် အတင်းကြီး ရောနေသော သူ့ကို ကြည့်ပြီး သီတာတို့ရော ဒွေးသောင်တို့ပါ တခွိုးခွိုး ရယ်သည်။

"သူ့ကိုလည်း စကားမပြောဘဲနဲ့ ငှက်ကြီးစကားလိုက်ပြောနေတယ် ကြည့်ပါဦး"

သူမက ရှက်ရယ်ရယ်ရင်း ကေခိုင်တို့ဘက် လှည့်ကာ ဆိုသည်။ သူက မျက်နှာပြောင်လက်စနှင့်ပင် 'အေးလေ ကြည့်ဦး။ ဟုတ်တယ်နော် ဖြိုး' ဟု ဆိုဖြစ်သည်။ နောက်ဆုံးတော့ သူမက 'သွား' ဟုဆိုရင်း သူ့ပခုံးကို ထုကာ ရယ်သည်။

ရယ်နေသော သူမ၏ အပြုံးမျက်နှာကို မြင်ရတော့မှ သုံးလေးရက်ခန့် ပူလောင်ခဲ့ရသော ရင်တစ်ခုလုံးသည် အေးမြငြိမ်းချမ်းကာသွားခဲ့သည်ဟု ဆိုပါက ပိုနေမည်လား မသိ။





ပြေသွားသော သူမနှင့် သူသည် ကြာကြာတော့ ...င်ခဲ့ပြေလိုက်။ ထုံးစံအတိုင်း သူနှင့် သူမ၏ကြားမှာ နား လည်မှု ...ာက ကြံဖန်၍ ဖြစ်လာပြန်သည်။ သူတို့ဒေသမှာ 'မြင်' ဟူသော ...ဘာရကို 'မြင်' ဟု အသံမထွက်၊ မသုံး။ 'မြော်' ဟုသာ သုံးသည်။ ...ား ဟု ဆိုလျှင် 'မြော်လား' ဟု သုံးသည်။ 'မြင်နေရဲ့သားနဲ့' ...လျှင် 'မြော်နေရဲ့သားနဲ့' ဟု ဆို၏။ ယရစ် 'မြော်' ဖြစ်ကာ ... 'မျှော်' မဟုတ်။ သို့သော် မြော်နှင့် မျှော်ကား အသံထွက် ...တူပင် ဖြစ်သည်။ မြေပြန့်ဘက်မှာ 'မြော်' ကို 'ဖူးမြော်' ဟူသော ...သုံးမျိုးမှာသာ သုံးကြသော်လည်း သူတို့ဘက်မှာတော့ 'မြင်' ...မြော်' ဟုသာ သုံးသည်။

တစ်နေ့ ထုံးစံအတိုင်း အားလုံး ဆုံနေကျဆိုင်မှာ ထိုင်ရင်း ...ဘာင်း နှောင်းဖြစ်တွေ ပြန်ပြောကြရင်း တဟားဟား တဝါးဝါး ...ကျနေချိန်မှာ ဖြစ်သည်။ ဖြိုး သူ့ကို 'တန်' ကီစွနှင့် ပတ်သက် ...ခွန်ခဲ့သော ငါးရက်ခန့်က ဖုန်းမကိုင် စကားမဆိုနေစဉ်ကာ

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ရယ်စရာအဖြစ် ပြန်ပြောနေကြတုံး သူက. . .

"ဖြိုးက ဒီနေ့လို စိတ်ကောက်ပြီး အဲဒီနေ့ညမှာပဲ ငါ့ကို သူ မြော်တယ် . . . ဒါပေမယ့် မြော်ရဲ့သားနဲ့ . . သူမ မမြော်ချင်ယောင် ဆောင်တယ်"

"ဘာ . . . ငါက နင့်ကို မျှော်တယ် ဟုတ်လား"

သူ့စကားအဆုံးမှာ သူမက နားလည်မှုလွဲကာ သူ့ကို ခ ဆတ်ဆတ်ပြန်မေးသည်။ သူမ မသိသေးသော 'မြော်' ကို 'မျှော် နှင့် နားလည်မှု လွဲချော်နေမှန်း သူကလည်း မသိ။

"ဟုတ်တယ်လေ . . . ငါက နင့်အိမ်ရှေ့ကားလမ်းပေါ် လေဟာ . . . နင်က နင့်အိပ်ခန်းထဲကနေ လှမ်းမြော်နေတယ်"

"ဘာ . . . ငါက နင့်ကို ငါ့အိပ်ခန်းထဲကနေ မျှော်တယ် ဟုတ်လား"

မျက်နှာကြီး နီကာ ဆိုနေသော သူမ၏အမေးကို သူ ထိုအချိန်ထိ မရိပ်မိသေး။ 'အဟီး' ဟု ရယ်သွမ်းလိုက်ရင်း 'အေ ဟု ဆိုဖြစ်သည်။

"အေး . . . တစ်ညတည်းတောင် မဟုတ်ဘူး . . . နင် ပြန်မခေါ်တဲ့နေ့အထိ ညတိုင်း နင် ငါ့ကို မြော်ရဲ့သားနဲ့ မမြော်ချ ယောင်ဆောင်နေတာ ငါ မသိဘူး ထင်လို့လား"

"ဘာ ဘာပြောတယ် . . . ညတိုင်း ည . . . တိုင်း . . ငါ နင့်ကို ငါ့အိပ်ခန်းထဲကနေ မျှော်နေတယ် ဟုတ်လား"

"ဟုတ်တယ်လေ . . . အဟီး . . . နင်က အခုမှ ရှက် သေးတယ် . . . ဘာဖြစ်လဲဟာ . . . နင်မြော်တာ ငါသိတော့လ ဘာဖြစ်လဲ . . . အခု ပြန် OK သွားပြီပဲ ဥစ္စာ . . . ဟုတ်ဘူးလ . . . အ ဟဲ ဟဲ"

သူ့စကားကြောင့် သူမ ဝုန်းခနဲ ထရပ်သည်။ ဘေး

တော် ဝင် မြို့ မ စာ အုပ် တိုက်



ပ်အဟောင်းသားတွေ ဟာရင်း သူတို့နှစ်ယောက်ကို ကြည့်နေကြ သော သီတာက သူမကို 'ဖြိုး' ဟုဆိုရင်း ဆွဲသည်။ ငွေသောင်တ ကောင် ဝဏ္ဏ' ဟုဆိုရင်း သူ့ပခုံးနှစ်ဖက်ကို ဆွဲခါသည်။ ထိုအချိန် သူ ဘာကိုမှ နားမလည်နိုင်သေး။

သူမ ဘာကိစ္စ ဘလိုင်းကြီး ထ, ဒေါကန်နေပါလိမ့် ဟု ဖြစ်သည်။ သူက တဟီးဟီး တဟဲဟဲဖြင့် မျက်နှာချိုသွေးကာ နေသလောက် သူမက မျက်နှာတွေနီပြီး ဒေါတွေကန်နေသည်။

"နင် ငါ့ကို ဘယ်လိုအမျိုးအစားလို့ အောင့်မေ့နေလဲ ဝဏ္ဏ . . . ငါက နင့်ကို မျှော်ရအောင် နင်နဲ့ ငါနဲ့ ဘာဆိုင်လို့လဲ"

ဆောင့်ကြီးအောင့်ကြီး ထအော်သော သူမ၏ အသံကြောင့် ဆိုင်ထဲမှ စားသုံးသူ တော်တော်များများ၏ အကြည့်က သူ့ဆီ ပြုံကျ သည်မို့ သူရှက်သွားရသည်။ ထို့အတူ ထောင်းခနဲ လည်း ဒေါ သွားရသည်။

"ဟ . . ဆိုင်မှ မြော်ရမှာလား . . . နေပါဦး နင်က ဘာတွေ ဆိုင်းကြီး ထပြီး ဒေါကန်နေတာတုန်း . . . ဒါလေး ပြောတာကို"

"ဘာ . . . ဘာပြောတယ် . . . ဒါလေး ပြောတာကို ဟုတ် . . . မဟုတ်တာနဲ့ ပြောစရာလား . . . ညတိုင်း နင့်ကို မျှော် လို့"

သူမက ဆတ်ဆတ်ခါနေအောင် ဒေါသူပုံတွေ ထနေသော သုံးထဲမှ ရှိသမျှ အားအကုန် ခြစ်ကာ သူမအော်သည်။ ဘလိုင်း ခံရသည်က တစ်ကြောင်း၊ လူတွေ ဝိုင်းအကြည့်ခံရသည်တ ကြောင်းမို့ သူလည်း လေသံက အလိုလိုကျယ်ကာလာပြီး . . .

"ညတိုင်းမြော်နေလို့ မြော်တယ်ပြောတာပဲလေ . . . နင်တ ဘာရှုးချင်ယောင်ဆောင်နေတာလဲ"

"ဘာ . . ရှုးချင်ယောင်ဆောင်တယ် ဟုတ်လား"

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဟုတ်တယ်"

"ကဲ ဟာ . . . ဟုတ်ဦး"

"ဖုန်း"

"ဖုန်း"

'ကဲဟာ' ဟူသော သူမ၏ ကြိမ်းဝါးသံအဆုံးမှာ ရိပ်ခနဲ သူမလက်ထဲမှ သူမကိုင်နေကျ လက်ကိုင်အိတ်ကြီးပေါ်လာကာ သူ့ပခုံးကို ဖုန်းခနဲ နေအောင် နှစ်ချက်တိတိ ဆော်သည်။ သိုင်းပညာကလည်း အဆင့်မြင့်နေသည်လား၊ အတွင်းအားကပဲ ကောင်းလွန်းနေသည်လားတော့မသိ၊ တစ်ချက်ဆို ဆိုသလောက် သူ့ပခုံးတွေ အီဆိမ့်ကာ သွားသည်။

သီတာနှင့် ကေခိုင်က 'ဖြူးမလုပ်နဲ့' ဟုဆိုရင်း သူမကို ဆိုင်ပြင်သို့ဆွဲခေါ်ကာသွားသည်။ သူကတော့ အရိုက်ခံလိုက်ရခြင်းအပေါ် ဘာကြောင့်မှန်း မသိသည်မို့ ငူငူကြီးရပ်ကာ ကျန်နေခဲ့သည်။ ဌေးသောင်က 'ဝဏ္ဏ မင်း ဘာဖြစ်တာလဲ' ဟု အံ့ဩဟန်ဖြင့် မေးသည်။

"ငါ ဘာမှားလို့လဲကွ"

"ဘာကွ . . . ဘာမှားလို့လဲ ဟုတ်လား . . . မင်းပဲ ဖြူးကို အိပ်ခန်းထဲကနေ သူကပဲ မင်းကို မျှော်လင့်နေပါတယ်လို့ ဘလိုင်းကြီး သွားပြောတာလေ. . . အစောပိုင်းကတော့ နောက်နေတယ် ထင်တာ . . . နောက်မှ မင်းက အတည်ကြီး . . ."

ဌေးသောင်၏ စကားတို့ကို သူ ဆက်မကြားတော့ 'မဟုတ်ဘူး' ဆိုတာကိုပဲ သူ ကုန်းအော်ဖြစ်သည်။ သူဆိုလိုချင်သည်နှင့် သူမတို့ အဓိပ္ပာယ်ဖွင့်သည်က တစ်လွဲတွေ ဖြစ်ကုန်ပြီ ဖြစ်သည်။

"မဟုတ်ဘူးကွ . . . အာ . . . သွားပါပြီကွာ"

"ဘာဖြစ်ပြန်ပြီလဲ"





အောင်စိုးက ခေါင်းကို တဖြည်းဖြည်းကုတ်ရင်း မေးသည်။

"ငါပြောချင်တာက အဲဒီလို မဟုတ်ဘူးကွ . . . ငါပြောတဲ့ မြော်က ယရစ်မြော် (See). . ဆီး ကို ပြောတာ . . ယပင့်'မျှော်' hope (ဟုတ်ပ်) ကို ပြောတာမဟုတ်ဘူး . . . မင်းတို့လည်း ကြားဖူးတယ်မဟုတ်လား . . . ဖူးမြော်တာတို့ . . . ဖူးမြင်တာတွေ . . ဖူးတွေ့တာတို့ အဲဒီ မြင် ကိုပြောတာ . . . ငါတို့ဘက်မှာက မြင်တာတွေ့တာကို 'မြော်' လို့ပဲ ယရစ် မြော်ကို သုံးတာကွ"

"အဲဒါကို စောစောက တစ်ခါတည်း ရှင်းပြလိုက်ရောပေါ့ကွ . . . ဘာကိစ္စ ငေါင်တောင်တောင်ကြီး လုပ်နေတာတုန်း . . မင်းနဲ့တော့ ငါတို့ပါ နှလုံးရောဂါရလို့မ်မယ်"

ဌေးသောင်က တောင်လျှောက်လိုက် မြောက်လျှောက်လိုက်ဖြင့် ရေရွတ်သည်။

"ရှေ့ပြဿနာက ပြေလည်ရုံလာရှိသေးတယ် . . . နောက်ပြဿနာက စပြီ . . . ဒီတစ်ခါ ကြည့်ရတာတော့ တော်တော်ကြီးကို စိတ်ဆိုးသွားတဲ့ သဘောပဲကွာ"

စိတ်လေလေဖြင့် ရေရွတ်သော သူ့စကားအဆုံးမှာ အောင်စိုးက 'အေးကွာ' ဟု ရေရွတ်သည်။ ဌေးသောင်က ခါးမှ ၎င်းဖုန်းကို ထုတ်သည်။

"မင်းဆက်တဲ့ ဖုန်းဆိုရင်တော့ ကိုင်မှာမဟုတ်ဘူး . . . ငါ့ဖုန်းနဲ့ ဆက်ကြည့်ဦးမယ်"

ပြောရင်းဆိုရင်းဖြင့်ပင် ၎င်းက ဖုန်းခေါ်သည်။ ပြီး ခေါင်းကို ခါသည်။ ထို့နောက် ဖုန်းကို ထပ်ခါ ထပ်ခါ ခေါ်သည်။ ပြီး ခေါင်းကို ခါပြန်သည်။

"စက်ပိတ်ထားတယ်တဲ့ကွ"

"ဆက်မနေတော့နဲ့ သူငယ်ချင်း . . . အခုလို ထူထူနေ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ရှင်းပြလည်း သူ နားဝင်မှာ မဟုတ်ဘူး”

ငွေးသောင်ကို အောင်စိုးက ‘နားဝင်မှာ မဟုတ်ဘူး’ ဟု ဆိုသည်။ ငွေးသောင်က ‘ဒါလည်း ဟုတ်တာပဲ’ ဟု ဆိုရင်း ဖုန်း ရင်း၏ ခါးမှာ ပြန်ချိတ်သည်။

“ကဲ ဝတ္တာ . . ဘယ်လိုလုပ်မလဲ”

အောင်စိုးက သူ့ကို မေးဆတ်ရင်း မေးသည်။

“အခုထိတော့ စဉ်းစားလို့ မရသေးဘူး . . . ဒါပေမဲ့ ထုံးစံအတိုင်းပဲပေါ့ကွာ . . . သီတာနဲ့ ကေခိုင့်ကိုပဲ အားကိုးရတော့ မှာပဲ”

သူ့စကားကို ငွေးသောင်က ခေါင်းရမ်းပြသည်။

“ဒီတစ်ခေါက်တော့ သိပ်လွယ်မယ် မထင်ဘူး သူငယ်ချင်း

ငွေးသောင်၏ စကားကြောင့် သူ စိတ်တွေ လေးလံသွား သည်။ အရိုက်ခံလိုက်ရသော ပခုံးထက် ရင်ထဲမှ နာကျင်စွာ ပူလောင် နေမှုတို့က ခံရခက်ကာ နေသည်။

မျက်လုံးမှိတ်ထားသည့်ကြားက ဒေါသတို့ဖြင့် ပြည့်လျှမ်း သော သူမ၏မျက်နှာကိုသာ ထပ်ခါ ထပ်ခါ မြင်ယောင်နေမိသည်



Who is tired of happy days let him take a wife.

Dutch Proverb

ပျော်ပျော်ရွှင်ရွှင် နေရသည့်နေ့များကို ငြီး(ငြည်း)ငွေ့
နေသူအား မိန်းမတစ်ယောက် ယူခိုင်းလိုက်ပါ။

ဒတ်ချ် စကား

www.burmeseclassic.com

www.burmeseclassic.com



**နိုင်ငံတကာ** ရှိ ကြံကြံဖန်ဖန်စကားပုံများကို ရှာဖွေတတ်သော ငွေ့သောင်က သူ့အား စာရွက်တစ်ရွက်ဖြင့် ဒတ်(ချ်)စကားပုံ တစ်ခုကို ပြသည်။

၎င်းစကားပုံကို ဖတ်ရင်း ဘာရယ်မဟုတ် သူ ပြုံးဖြစ်သည်။

"မိန်းမယူဖို့ နေနေသာသာ ရည်းစားလေးထားဖို့ အစ ပျိုးရတာနဲ့ကိုပဲ တော်တော်စိတ်ရှုပ်နေရတယ် မဟုတ်လား ... အဲဒါပဲကွ **မိန်းမဆိုတာ မရှိမကောင်း ရှိမကောင်း ... မပေါင်းလည်း ခက်ပေါင်းလည်းခက်၏** တဲ့"

"အောင်မာမာ ... နင်က ဆရာကြီးလား"

ငွေ့သောင်၏ ရေရွတ်မှုမဆုံးခင်မှာ သီတာက 'ဆရာကြီး လား' ဟု ထ၍ ငေါ့သည်။

"ကဲ ကဲ အဲဒါနဲ့ လိုရင်းက ပျောက်တော့မယ် ... ကေခိုင် စောစောက စကားလေး ဆက်ပါဦး ... နင်တို့ နားချတော့ ဘာ ဖြစ်တယ် ..."

အောင်စိုးက ကေခိုင့်ဆီ လှမ်း၍ဆိုရင်း စကားစကို ပြန်ဖော် ပေးသည်။

ဖော် ဝင် မြို့ မ စာ အုပ် တိုက်



"ငါတို့ ဖုန်းဆက်ရင်လည်း ဝဏ္ဏအကြောင်းကို အပြောမခံ ဘူး . . . နားချပြန်ရင်လည်း နေစမ်းပါ ဆိုတာကြီးပဲ . . ဇွတ်ခုတော့ ရှိတယ်"

ကေခိုင်က စကားကို ဖြတ်ကာ ဆက်၍ မပြောသေးဘဲ အအေးကို ယူ၍ သောက်သည်။

ပြီး အတန်ကြာတော့မှ . . .

"ယပင့် 'မြော်' နဲ့ ယပင့်မျှော်ကိစ္စကိုတော့ သူသိသွားပြီ . . . သူ့အဘွားဆီကို မေးထားတာတဲ့"

"ဒါနဲ့များ ဘာဖြစ်လို့ ငါတို့ကောင်ဝဏ္ဏကို ပညာပေးထား တာတုံး"

ငွေ့သောင်က မကျေမနပ်ဖြင့် ဆိုသည်။

"မှတ်ထားကြ . . . ငါတို့မိန်းကလေးတွေက အမှားကို သိ ရင်လည်း ဘယ်တော့မှ ချက်ချင်းဝန်မခံချင်ကြဘူး . . . နည်းနည်း ခံပြီးတော့မှ 'sorry' နော် ဆိုတာမျိုးက လာမှာ . . လောလော ဆယ် သူလည်း ရှက်နေဦးမှာပေါ့ဟ . . စိတ်ရှည်ရှည်ထားမှပေါ့"

သီတာ၏ စကားကြောင့် သူ့ ရင်တွေ မွန်းကြပ်နေရာမှ နည်းနည်းတော့ ပြေလျော့ကာ လာသည်။

ပြေလျော့သွားသည်ဆိုသော်လည်း မတင်မကျကြီးတော့ ခံစားနေရသေးသည်။ ယပင့် 'မျှော်' နှင့် ယရစ် 'မြော်' ကို ကွဲပြား ခြားနားစွာ သိပြီးဖြစ်လျက်နှင့် သူ့ဖုန်းကို လုံးလုံးမကိုင်ခြင်းကို ဘာ ကြောင့်ဟု သူ နားမလည်။ သီတာဆိုသလို သူမဘာသာ သူမ ရှက်၍ များနေလေဆဲလားတော့ မသိ။

"ဒါကယ်ဆိုရင် နင်တို့ သူငယ်ချင်းက လွန်တာပေါ့ဟ . . ငါတို့ကောင်ကို အိတ်နဲ့လည်း ရိုက်သေးတယ် . . . တောင်းလည်း တောင်းပန်ဘူး"

ဖော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးက ပွစိ ပွစိ လုပ်သည်။

"နေပါဦး တောင်းပန်ရအောင် နင်တို့ သူငယ်ချင်းက ဆေးရုံတက်ရအောင် ကျိုးသွား ပဲ့သွားလို့လား . . . ရှက်လို့ ရှက်ရမ်းရမ်းပြီး မတော်တဆ ရိုက်မိသွားတာပဲ ဘယ်တတ်နိုင်မလဲ"

သီတာ၏ လျှောက်လွှဲချက်ကြောင့် အောင်စိုးက ရယ်သည်။ ပြီး . . .

"မထူးတော့ဘူး သီတာ . . . နင် ဖက်ရှင်ဆိုင် ဖွင့်မနေနဲ့ . ရှေ့နေရုံးခန်းပဲ ဖွင့်တော့ . ."

ဟုနောက်သည်။ တကယ်တော့ သီတာက ဥပဒေဖြင့် ကျောင်းပြီးထားသူ ဖြစ်သည်။

"အေး . . . ဘာပဲဖြစ်ဖြစ်ပေါ့ဟာ . . . လက်မောင်းက နာတဲ့ ဒဏ်ရာက ဆေးလေးလိမ်းပြီး ကြပ်ထုတ်လေးထိုးလိုက်ရင် သက်သာနိုင်ပေမယ့် ရင်ထဲမှာ ရတဲ့ ဒဏ်ရာကတော့ ဖန်တီးတဲ့သူ ကိုယ်တိုင် ကုမှ သက်သာမယ်ဆိုတာ နင်တို့ သူငယ်ချင်းကို ပြောလိုက် ဒါပဲ"

"ဌေးသောင်၏ ခေတ်ရှင်ဆန်သော ဒိုင်ယာလော့ဒ်အဆုံးမှာ ကေခိုင်က 'နင့်ဘာသာနင်ပဲ သွားပြော' ဟု ငေါ့သည် . . တဆက်တည်းမှာပင် သူမက . .

"မထူးတော့ဘူး ဝဏ္ဏ . . . ငါတို့ အပြင်ခေါ်ထုတ်လည်း မလာတဲ့အတူတူ နင်ပဲ သူတို့အိမ်သွားလိုက်တော့"

ဟု ဆိုသည်။ ပြီး . . .

"ဒါပေမယ့် ရောက်ရောက်ချင်း ပွားရမှာက သူ့ကို မဟုတ်ဘူး . . . သူ့အဘွားကို ပွားရမှာ . . . မနေ့က ငါတို့ သူ့အိမ်ရောက်သွားတော့ သူ့အဘွားက မှတ်မှတ်ရရ နင့်ကို မေးနေတယ် . . . နှစ်ခေါက်သုံးခေါက်ပဲ လာပြီးတော့ မလာတော့လို့တဲ့"

တော်ဝင် မြို့မ စာအုပ် တိုက်



"ဟုတ်တယ် ဟုတ်တယ် . . . ဆုံရင် ပြောလိုက်ပါဦးတဲ့ . . . အိမ်ကို လာလည်ပါဦးတဲ့ . . . ငါ့အမြင်ပြောရရင်တော့ ဖြိုးက စိတ်ကောက်ပြေနေပြီဟ . . . ဒါပေမယ့် သူ ရှက်နေသေးလို့ နင့်ကို ဘာတုံ့ပြန်မှုမှ မလုပ်သေးတာ . . . တကယ်လို့ နင်သာ သူ့အဘွားဆီ ခပ်တည်တည် သွားလည်ရင်းနဲ့ ရှုးချင်ယောင်ဆောင်လိုက်ရင်တော့ အဆင်ပြေသွားမယ် ထင်တယ်"

ကေခိုင်၏ စကားကို သီတာက ဆက်ပေးသည်။ သီတာ့ကို ကြည့်ရင်း 'ဖြစ်ပါ့မလား' ဟု မေးဖြစ်သည်။

"အေး ဝဏ္ဏမေးသလိုပဲ ဖြစ်ပါ့မလား . . . နင်တို့ သူငယ်ချင်းက ခြေသွက် လက်သွက် ခြေကြမ်း လက်ကြမ်းနဲ့ . . . ဟိုတစ်ခေါက်က အိတ်နဲ့ ဆော်တာတောင် ဒီကောင် နှစ်ရက်လောက် ဆေးလိမ်းလိုက်ရတယ် . . . ဒီတစ်ခါ သူ့အိမ်မှာဆိုတော့ လက်နက်တွေ အစုံရှိချင်ရှိနေမှာ . . . တော်ကြာ ဇရပ်ကျည်ပွေ့တို့ ဘာတို့နဲ့ တွေ့နေရင် ငါတို့ကောင် မလွယ်ဘူး"

အရွှမ်းဖောက်သော အောင်စိုး၏စကားကြောင့် တစ်ဖွဲ့လုံး တခွီးခွီးဖြင့်ရယ်ကြသည်။ သို့သော် ရယ်နေကြသူတွေထဲမှာ သူ မပါ။

"ငါ အာမခံပါတယ်ဟာ . . . ဖြိုးက ရှက်နေတာပါ . . စိတ်ကောက်နေတာ မဟုတ်ပါဘူး . . . ငါတို့ မိန်းကလေးအချင်းချင်း မသိဘဲနေပါ့မလား . . . ဘာမှ မဖြစ်စေရဘူး ဝဏ္ဏ . . ငါ လုံးဝ အာမခံတယ်"

သီတာက အခိုင်အမာကြီးကို ဆိုသည်။ သူ သက်ပြင်းမောဟိုသာ ဟင်းခနဲ ချဖြစ်သည်။ စိတ်ဆိုးပြေနေခဲ့လျှင်တော့ ကိစ္စမရှိ။ 'အဆင်မပြေခဲ့ရင်ကော' ဆိုသော မေးခွန်းက သူ့ရင်ကို မွန်းကြပ်နေစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာရယ် မဟုတ် ဖုန်းကို လျှောက်ကလိရင်းက သူမ၏ ဖုန်းနံပါတ်က ဖုန်းမျက်နှာပြင်မှာ ပေါ်လို့လာသည်။ မသိစိတ်ဖြင့် call လုပ်လိုက်သောအခါ သူမဘက်မှ ကိုင်လိုက်သည်ကို သူတွေ့လိုက်ရသည်။

လိုက်ခနဲ ဝမ်းသာသွားရရင်း မယုံရဲ ယုံရဲဖြင့် ဖုန်းကို နားထောင်ဖြစ်သည်။

"ဟ . . . ဟလို"

"ဘာလဲ"

သူမဘက်က ထူးသံက ခပ်ဆောင့်ဆောင့်။ သို့သော် နားဝင်ချိုပါသည်။ ဘာပြောပြော ဖုန်းမကိုင်သည်နှင့်စာလျှင် 'ဘာလဲ' ဟု ဖုန်းကို ခပ်ဆောင့်ဆောင့်ထူးသည်က အများကြီး ပို၍ကောင်းသည်ကိုး။

"ဟို . . . နင့် . . နင့်ပေါင် အဲလေ နင့်အဘွားက ငါ့ကို မေးနေတယ်ဆို . . . မလာလို့ ဆိုပြီးတော့"

"အဲဒါဘာဖြစ်လဲ"





သူမ၏ လေသံကတော့ ခုထိ ပျော့ပျောင်းသေးခြင်း မရှိ။ အခေါက်ခေါက်နှင့်ပင် 'အဲဒါ ဘာဖြစ်လဲ' ဟု ဆိုသည်။

"ငါ . . . ငါကလည်း နင့်ပေါင် . . . အဲ . . . နင့်အဘွားကို အရမ်းတွေ့ချင်နေတာ . . . တိုက်တိုက်ဆိုင်ဆိုင်ပေါ့ဟာ . . . အဘွားကလည်း ငါ့ကို မေး . . . ငါကလည်း အဘွားနဲ့ စကားလေး ဘာလေး ပြောချင်ဆိုတော့ . . ."

"အဲဒီတော့ ဘာဖြစ်လဲ"

"မရောက်တာကြာပြီ . . . မတွေ့တာကလည်း ကြာပြီဆိုတော့ အဘွားကို သတိရရနဲ့ လာလည်ရရင်ကောင်းမလားလို့ . . သိသယ်မဟုတ်လား . . ငါက အရမ်းသတိရနေတာ ဟာ"

သူ့စကားကြောင့် သူမဘက်က ရယ်သံသဲ့သဲ့ကို သူကြားနေသည်။ အခြေအနေ သိပ်မဆိုးလှဟု သူတွေးဖြစ်သည်။

တဆက်တည်းမှာပင် စကားတွေဆက်ထည့်ရမည်ဟု သူ ဖြစ်သည်။

"အဲဒါ ငါလာလည်မယ်နော် ဖြိုး"

"လာခဲ့ပေါ့ . . . နင်က အဘွားဆီလာတာပဲ ဥစ္စာ . . မလာပြောပါဘူး"

အဓိပ္ပာယ်နှစ်မျိုး နှစ်ခွ ထွက်သောစကားကို ဆိုရင်း သူမ 'ဒါပဲလား' ဟု ခပ်မာမာမေးသည်။

"ပြီးတော့ . . . ဟို . . နင် . . ငါ့ကို . . ."

"ငါ အဘွားကို ပြောထားပေးမယ်နော် ဒါပဲ"

သူ့စကားကို ကြားသိနေသည်မို့လားတော့ မသိ။ သူမက လူညီတျကာ စကားစကို ဖြတ်ပြီး ဖုန်းချသွားသည်။

အောင့်သက်သက် နင်တင်တင်ဖြင့်ပင် သူ ကျေနပ်လိုက်သည်။ မည်သို့ပင်ဆိုစေ သူမ၏ ရယ်သံလွင်လွင်ကို အသေအချာ

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသည်ကိုး။

သချာမှုတစ်ခုကတော့ သူမသူ့အပေါ်မှာ စိတ်ကောက်ပြေနေပြီဆိုတာပဲဖြစ်သည်။

ဘေးဘီမှာ ရင်ဖွင့်စရာ တစ်ယောက်မှမရှိသည်မို့ အောင်စိုးဆီ သူဖုန်းခေါ်ဖြစ်သည်။

"အေး ဝဏ္ဏ ပြော"

"ဟကောင်ရေ . . . ဖြိုး ငါ့ကို စိတ်ကောက်ပြေသွားပြီကွ . . . စောစောက × × × × × × × × × ×"

ဖြစ်ကြောင်းရယ်ကုန်စင်ကို သူ နုတ်သံမနှောပါဘဲ ပြောဖြစ်သည်။

အောင်စိုးက 'တော်သေးတာပေါ့ကွာ' ဟု ဆိုသည်။

"အေး ဒါပဲ ဟကောင်ရေ . . . ငါ ငွေသောင်ဆီ သတင်းပို့လိုက်ဦးမယ် . . . Good Night"

"အေးပါ အေးပါ . . . Good Night Good Night"

အောင်စိုးက အရယ်တစ်ဝက်ဖြင့် ဖုန်းချသွားသည်။ သူ ငွေသောင်ဆီ ဖုန်းခေါ်ဖြစ်သည်။

ဘာရယ်တော့ မဟုတ်။ ရင်ဖွင့်စရာ ဟူ၍ သူတို့နှစ်ကောင်သာ ရှိသည်ကိုး။



"သစ်သီး" အချို့၊ မုန့်အချို့နှင့် အဘွားခံတွင်း တွေ့နိုင်မည့် စားသောက်စရာတို့ကို ဝယ်ပြီး ညနေသုံးနာရီခန့်မှာ သူ ဖြိုးတို့အိမ်ကို ရောက်ချသွားသည်။

တံခါး လာဖွင့်ပေးသော သူမက သူ့လက်ထဲမှ အထုပ်တို့ စူးစမ်းသလို ကြည့်နေသည်မို့ သူ့လက်ထဲမှ အထုပ်အား ကမန်းကတမ်း မြှောက်ပြရင်း 'အဘွားဖို့' ဟု ဆိုဖြစ်သည်။

"လူသက်သက် လာလည်း ရပါတယ်"

"အာ ဘယ်ဟုတ်မလဲ . . . အဘွားနဲ့ မတွေ့ရတာလည်း ကြာပြီ ဆိုတော့ . . . ဘာရယ်မဟုတ်ဘူး ဝယ်လာတာ"

အဆီအငေါ် သိပ်မတည့်လှသော သူ့စကားအဆုံးမှာ သူမက ဆတ်ခနဲ မျက်စောင်းထိုးသည်။

အိမ်ထဲအဝင်မှာပင် ဧည့်ခန်းထဲ၌ ထိုင်နေသော အဘွားအား 'ဘယ်သူပါလိမ့်' ဟု လက်ဝါးကို မိုးကာ ကြည့်ရင်း မေးသည်။

"သားပါ အဘွား"

တော်ဝင် မြို့ မ ဓာ အုပ် ကျွန်

www.burmeseclassic.com

www.burmeseclassic.com



"သြော် . . မောင်ခနေ့လေးပါလား . . . ဟိုတစ်နေ့ကတောင် သိတာတို့ လာတော့ မေးနေသေးတယ် . . . အဘွားက သတိတွေ ရနေတာ"

အဘွားက လက်ထဲမှစာအုပ်ကိုဘေးမှာချရင်း ဝမ်းသာအား ရဖြင့် ဆိုသည်။

"ဒီမှာ အဘွားအတွက် ဝယ်လာတာ"

"အမလေး မလိုပါဘူး သားရယ် . . . အဘွားက စကား ပြောရရင်ကိုပဲ အားရှိနေပါပြီ . . . သားကို အဘွားက မေးနေတာ . . ဖြိုးလေး ပြောတာက သားခရီးထွက်နေတာဆို"

"ဗျာ"

အဘွား၏ စကားကြောင့် သူ အံ့အားသင့်သွားရသည်။ သူမ ဘက် ဆတ်ခနဲကြည့်တော့ သူမက မလုံမလဲဖြင့် အဘွားမမြင်အောင် မျက်စိတစ်ဖက်မှိတ်ပြသည်။ မှိတ်ပြရသော အကြောင်းအရင်းက သူမဖြီးထားသည့်ကိစ္စကို 'အဘွားမသိစေနဲ့' ဆိုသည့် သဘော။

"အင်း . . . အဲ ဟုတ်တယ် အဘွား . . . သား ခရီးသွား နေတာ"

"အေးကွယ် . . . ဘာရယ်တော့ မဟုတ်ပါဘူး . . . သားနဲ့ တွေ့ရင် သားတို့ရှမ်းပြည်နယ်ဘက်က အကြောင်းလေးတွေ ပြန်ပြော ရတော့ အလွမ်းပြေတာပေါ့ကွယ်"

"ဟုတ်ကဲ့ . . . ဒါနဲ့ အဘွား အဲဒီမှာနေတုန်းက ရေခဲတာ တွေ . . . ဘာတွေ ကြုံခဲ့သေးလား"

"ကြုံတာပေါ့ သားရယ် . . . အမလေး မင်းတို့ဘက်က အေးချက်ကတော့ကွယ် ရေကို တစ်ရက်တစ်ကြိမ် မချိုးရဲဘူး . . ဘယ့် နှယ်ကွယ် Aircon အခန်းထဲမှာ ရေခဲရေနဲ့ ရေချိုးရသလိုပဲ"

"ဟုတ်တယ် ရေတွင်းထဲက ဒါရိုက် ခပ်ချိုးတဲ့ရေမှပဲ နည်း





နည်းနွေးတာ . . . ဒါတောင် မနက်စောစောမှ နွေးတာ . . . နေမြင့် တာနဲ့ ရေတွင်းထဲက ရေလည်း အေးသွားတာပဲ"

"အေးကွယ် . . သိလား သမီး . . . အဲဒီမှာကနေကလည်း သူ့ဘာသာ သူသာပူနေတာ . . အနွေးဓာတ်က သိပ်မရဘူး . . . တစ်ခါတလေ ကျတော့လည်း ဒီရန်ကုန် နွေရောက်ရင် သားတို့ ရှမ်းပြည်နယ်ဘက် အရမ်းလာချင်တာ . . ဟိုက နွေရာသီက ရန်ကုန် ဆောင်းထက်တောင် အေးတာဆိုတော့လေ . . . အဘွားက အအေး ကြိုက်တယ်"

"ဟုတ်လား . . . သားလည်း အအေးကြိုက်တယ်"

အဘွားက ပြောရင်း သူမကိုပါ လှမ်းလှမ်းရင်း စကား ဆို သည်။ သူမက သူ့ကို တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်ပြီး အဘွား ဘက်ကိုသာ မျက်နှာမူထားသည်။

"အဘွား အဲဒီကို ရောက်စတုန်းကဆိုရင် သားတို့ဘက်က ပြောတဲ့စကားတွေ တော်တော်နဲ့ နားမလည်ဘူး . . . ဓနုတွေ . . တောင်ရိုးတွေက မြန်မာတွေနဲ့ စကားပြောရင် ထိန်းပြီး ဖြည်းဖြည်း ပဲပြောတာဆိုတော့ နားစိုက်ထောင်ရင် နားလည်သေးတယ် . . သူတို့ အချင်းချင်းကျတော့လည်း ပြောလိုက်ကြတာများ နားထောင်လို့တို ခရဘူး . . နားမလည်တော့ဘူး × × × × × × × × ×"

အဘွားက စကားကောင်းနေသည်မို့ စကားက တော်တော် နှင့် မဖြတ်။ သူမက ကြားထဲမှနေ နာရီတကြည့်ကြည့် ဖြစ်ကာနေ သည်။

"အဘွား . . . အဘွားက စကားကောင်းနေ . . တော်ကြာ ဘွားဘွား အပြန် မိုးချုပ်နေဦးမယ်"

နောက်ဆုံးတော့ သူမက လက်မှ နာရီကို ပင့်ကြည့်ရင်း ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဟုတ်သားပဲ အဘွားကလည်း စကားကောင်းနေတာနဲ့ နာရီကို မကြည့်မိဘူး . . . သားကို အားနာစရာကွယ်"

"အာ . . မဟုတ်တာ အဘွားကလည်း . . တစိမ်းတွေကျနေတာပဲ"

အနှောင့်အသွား မလွှတ်သော သူ့စကားကြောင့် သူမက ဒိုင်းခနဲ အဘွားမမြင်အောင် မျက်စောင်းထိုးသည်။ သူ့စကားအသွားအလာက ဘာလိုလိုဖြစ်နေသည်ကိုး။

"သားရေ . . . နောက်ကိုလည်း အချိန်ရရင် လာလည်ဦးနော်"

အဘွားက ထရပ်ရန် ပြင်သော သူ့ကို နှုတ်ဆက်သည်။ တစ်လက်စတည်း 'ဖြိုး သားငယ်ကို အိမ်ရှေ့လိုက်ပို့လိုက်ဦး' ဟုဆိုသည်။

"အာ . . . မပို့လည်း ရပါတယ် အဘွားရဲ့ . . သား သွားတော့မယ်နော် . . . အဘွား"

"အေး အေး . . . မမေ့နဲ့နော် . . . အချိန်ရရင် လာလည်ဦး"

"စိတ်ချ အဘွား စိတ်ချ . . . နောက်ဆို ခဏ ခဏ လာလွန်းလို့ အဘွားမျက်စိတောင် နောက်ဦးမယ်"

အစိပ္ပာယ်နှစ်ခွ ထွက်သော သူ့စကားကြောင့် သူမက သူ့ကို မျက်စောင်းဖြင့် ကြည့်သည်။ ဘာမှသိပုံမရသော အဘွားကတော့ ရယ်လို့သာ နေသည်။



[illegible]သို့ လမ်းလျှောက်ကာ လိုက်ပို့သော သူမက တော်တော်နှင့် စကားမဆိုသေး။

"ဖြိုး နင်စိတ်ကောက်ပြေပြီလား . . . တော်သေးတာပေါ့ . . . ဒီတစ်ခေါက်တော့ အဘွားကယ်ပေလို့ အဘွားကိုအကြောင်းပြီး မနည်းကြီး စကားပြန်ပြောအောင်လုပ်ထားရတာ . . . နောက်တစ်ခါဆိုရင်တော့ နင်နဲ့ စကားပြောရင် သေသေချာချာ ဂရုတစိုက်နဲ့ ပြောမှ ဖြစ်မယ်"

"အံမယ် . . နင်ပြောတဲ့ ပုံစံက ငါကပဲ ပြဿနာရှာနေတဲ့အတိုင်းပဲ"

"အေးပါ . . . ဟုတ်ပါတယ် . . နင်က ပြဿနာမရှာပါဘူး . . နင်က အင်မတန် သည်းခံစိတ်ရှိတဲ့ အရာရာကို နားလည်နိုင်လွှတ်တတ်တာပါ"

ခပ်ရိရိ ဆိုသော သူ့စကားကြောင့် သူမက တစ်ဖော်သို့ လှည့်ရင်း မျက်ပြူး ပြူးသည်။ ပြီး 'ယောက်ျားလုပ်ပြီး စကားကို စောင်းပြောတာ တော်တော်ဝါသနာပါတာပဲ' ဟုပြည်ညည်းစွာ လမ်းလျှောက်ရင်း မျက်စဲစဲဖြင့် ဆိုသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ဖူး မှတ်ဖူး၊ ကြားဖူး နာဖူးသမျှတို့တွင် မိန်းမတို့၏ အလှဆုံးအချိန်ကား ရှက်ပြုံးပြုံးချိန်ဟု ဆိုသည်။

ဟုတ်တန်ရာ၏။

သူမကား ညနေခင်း နေဖျန်းပက်ထားသော နေခြည်တို့၏ အောက်တွင် အလှကြီး လှကာနေသည်။ သူ စိုက်ကြည့်နေသည်ကို မနေတတ်တော့ဘူးလား မသိ သူမက . . .

"ဘာကြည့်တာလဲ"

ဟု မေးသည်။ ပြီး . . . .

ဘာမှပြန်၍ မဆိုသော သူ့ကို သူမက 'စကားစောင်း ပြောတတ်တယ်လို့ ပြောတာကို မကျေနပ်ဘူးလား' ဟု မေးသည်။

"မဟုတ်ပါဘူးဗျာ . . . နင်က မမြင်ရတာ ကြာလို့လား မသိဘူး . . ဟို . . . ပိုလှလာသလားလို့"

သူ့စကားကြောင့် သူမက ရှက်ဝဲဝဲနှင့်ပင် ဟက်ခနဲ ရယ်သည်။ ပြီး . . .

"နင့်ကို မုန့်ဝယ်ကျွေးမယ်များ ထင်နေလား . . ငါ့ကို လှတယ်လို့ပြောတာ နင်တစ်ယောက်တည်းပဲ ရှိသေးတယ် . . . ဒါပေမယ့် နင့်ကို မယုံရဘူး . . . နင်က စကားအကောင်းပြောတာ မဟုတ်ဘူး . . . ဒီတစ်ခါလည်း ရွဲ့ပြီးစောင်းပြီးပြောတာ မဟုတ်လား"

ပြောပြီး သူမက ခပ်တိုးတိုးရယ်သည်။ သူမက ရယ်လေ သူမ၏ ဘယ်ဘက်ပါးမှ ပါးချိုင့်လေးက ခွက်ဝင်လေဖြင့် သူ့ရင်ခုန်သံကို ရှူးလောက်အောင် စည်းချက်မှားစေသည်။

"နင်က ငါပြောသမျှစကားတွေကို ဘယ်တော့မှ အကောင်းမြင်မှာလဲဟ . . . ငါ ဘာပြောပြော နင်က အကောင်းမြင်တယ်ဆိုတာကို မရှိဘူး"

သူ့စကားကို သူမက 'ရှိဘူး . . ဘာဖြစ်လဲ' ဟု ကလေး

တော် ဝင် မြို့ မ စာ အုပ် တိုက်



တစ်ယောက်လို နှုတ်ခမ်းကို ချွန်ရင်းဆိုသည်။

သူမကို ကြည့်နေရင်းက သူ့ရင်ခုန်သံကို သူချုပ်ထိန်းနိုင်စွမ်း မရှိတော့။ ရင်ခုန်သံတို့က ပြောင်းဆန်ကာနေသည်။

"ဖြိုး"

"ဘာလဲ"

သူခေါ်သည်ကို သူမက ခပ်ဆတ်ဆတ်ပင် ထူးသည်။

"နောက်တစ်ခေါက်မှာ တကယ်လို့များ ငါစကားအပြောအဆို မှားသွားရင် နင် ချက်ချင်းကြီး စိတ်မကောက်နဲ့နော် . . . နင်စိတ်ဆိုးပြီး မခေါ်မပြောပဲနေရင် ငါ မနေတတ်ဘူးဟာ"

သူ့စကားကြောင့် သူမက ဆတ်ခနဲ သူ့ကို မော့ကြည့်သည်။

"အတည်ပြောတာ ဖြိုး . . . နင် စိတ်ဆိုးနေတယ်ဆိုတာနဲ့တင် ငါ့မှာ ရူးမလောက်ဖြစ်နေတာ . . . မခေါ်မပြောပဲနေတော့ ဒါ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ဘူး"

"မပိုပါနဲ့"

ခံစားချက်အပြည့်ဖြင့် ဆိုဖြစ်သော သူ့စကားကို သူမက 'မပိုပါနဲ့' ဟု ဆိုရင်း ရယ်သွမ်းပစ်သည်။ ဘာရယ်မဟုတ် ရင်ထဲမှာတော့ ကျင်တင်တင်ကြီး ခံစားလိုက်ရသည်။ သူ့ခံစားချက်တွေကို သူမ မသိချင်ယောင်ဆောင်နေသည်လား၊ သို့မဟုတ် သိရဲ့သားနှင့် တမင်ပင် မသိကျိုးကျွံပြု၍ ရယ်သွမ်းနေသည်ပဲလား၊ မခွဲခြားတတ်တော့၊ ရင်ထဲမှာ မေးခွန်းတို့ဖြင့် ပြည့်ကြပ်ကာနေသည်။

"ဖြိုး"

"ဘာလဲ"

"နင်မသိချင်ယောင်ဆောင်နေတာလား"

"ဘာကိုလဲ . . . အစမရှိ အဆုံးမရှိနဲ့"

သူမက မျက်လုံးကို ဝင့်ကာ ကြည့်ရင်းဆိုသည်။

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ခံစားချက်တွေက နင့်အပေါ်မှာ သူငယ်ချင်းတစ်ယောက် ထက်ပိုနေပြီ ဆိုတာကိုလေ"

"လာမနောက်နဲ့နော် ဝဏ္ဏ . . . ငါ စိတ်မဆိုးချင်ဘူး"

"နောက်နေတာ မဟုတ်ဘူး မြို့ . . . ငါ အတည်ပြောနေတာ . . . နင့်ကိုငါ မြတ်မြတ်နိုးနိုးနဲ့ကို ချစ်နေမိပြီ မြို့"

"ဘာ"

သူ့စကားအဆုံးမှာ သူမက 'ဘာ' ဟု နီမြန်းသော မျက်နှာဖြင့် ရေရွတ်ရင်း သူ့ကို မျက်မှောင်ကြုတ်ရင်း ကြည့်သည်။ သူ ထင်ထားသည်က ရည်းစားစကားပြောလိုက်လျှင် သူမ ရှက်သွားလိုက်မည်ဟု။

သို့သော် . . .

အထင်နှင့်အမြင်က တက်တက်စင်အောင် လွဲသည်။

'ဘာ' ဟု ရေရွတ်ရင်း သူမ ဒေါသထနေသော ပုံစံဖြင့် သူ့ကို ခပ်စူးစူးကြည့်ကာ နေသည်။

"ငါ့ ချစ်နေတာကို နင်မသိတာလား . . . မသိချင်ယောင်ဆောင် . . ."

"တော်တော့ ဝဏ္ဏ . . ."

သူ့စကားမဆုံးခင်မှာပင် သူမက ဖြတ်၍ တားသည်။ မြို့ စူးရှနေသော မျက်လုံးဖြင့် သူ့ကိုကြည့်ရင်း . . .

"နင် တော်တော်တရားလွန်တာပဲ ဝဏ္ဏ . . . နင် အခွင့်အရေးသိပ်ယူလွန်းတယ် . . . ငါ့အိမ်အထိလိုက်ပြီး ရည်းစားစကားပြောတာ မလွန်လွန်းဘူးလား"

"မဟုတ်ဘူး . . . ငါ . . . ငါ ရှင်းပြ"

"တော်ပြီ . . . နင် ငါ့ကို အထင်သေးလွန်းတယ် . . . တော်ပါပြီဟာ"

တော် ဝင် မြို့ မ တာ အုပ် တိုက်



ဆတ်ခနဲပင် သူမ လှည့်ကာထွက်သွားသည်။

စကားကိုဖြတ်ကာ လှည့်ထွက်သွားသော သူမကို ကြည့်ရင်း သူ့ရင်တွေ နာကျင်ကာနေသည်။

'နေပါဦး' ဟုလည်း ပြောအားမရှိတော့။ တားလို့လည်း ရတော့မည်မဟုတ်။ ပြီးပြီပေါ့။

အနေအထားက ထင်မထားသောနေရာမှ ဖောက်ထွက်ကာသွားသည်။ ရည်းစားစကားလေး ပြောလိုက်ရုံနှင့် ဤမျှ စိတ်ဆိုးသွားလိမ့်မည်ဟု သူထင်မထားခဲ့မိ။

သူ နာကျင်စွာပင် သူမတို့အိမ်ကို ကျောခိုင်းရင်း ထွက်ခဲ့ရသည်။ ဝမ်းနည်းမှုတို့က ရင်ကို လာလာ၍ ဆောင့်နေသည်။

'ဒါ ချစ်ခြင်းရဲ့ ရလဒ်လား' ဟု သူ စိတ်လေစွာ တွေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခါနဲ့ပဲ အခုထိ မင်းရဲ့ ဖုန်းကိုမကိုင်တာ ဆယ်ရက်ရှိပြီဆိုပါတော့"

ခရီးသွားနေရာမှ ပြန်လာသော ဋ္ဌေးသောင်က သူ့စကားအဆုံးမှာ ဆိုသည်။

"မင်းက ခရီးသွားနေလို့တော်သေးတယ် . . ငါ့မှာ ဒီကောင့်ရဲ့ ကြက်လည်လိမ်ထားသလို ပုံစံကို နေ့တိုင်းကြည့်ပြီး စိတ်ဆင်းရဲနေတာ . . . ကိုယ်လည်း ဘာမှမတတ်နိုင်တဲ့ကိစ္စဆိုတော့ . . . ဒါနဲ့ ဖြိုးက ဘာလဲကွ . . . ငါ့ဖုန်းကိုပါ Busy ပြပြထားတယ်"

ဋ္ဌေးသောင်ကိုပြောရင်း အောင်စိုးက ခေါင်းကို ကုတ်သည်။

"သီတာနဲ့ ကေခိုင့်ဆီကရော ဘာမှမကြားဘူးလား"

"မင်းနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ ခရီးထွက်သွားကြတာလေကွာ . . . မနက်ဖြန်မှ ပြန်ရောက်မှာ"

ဋ္ဌေးသောင်၏ အမေးကို သူ စိတ်ပျက်ပျက်ဖြင့် ဖြေသည်။

"အေးကွာ . . သူတို့ ပြန်ရောက်ရင် အကူအညီတစ်ခုခုတော့ ရမှာပါ"

ဓာတ် ဝင် မြို့ မ စာ အုပ် တိုက်



"ဒီလိုပဲ မျှော်လင့်ရတာပဲကွာ"

အောင်စိုး၏ အဆိုကို သူ စိတ်လေလေဖြင့် ပြောဖြစ်သည်။ မျက်လုံးကိုမှိတ်ကာ ခုတင်ပေါ်လှန်ချပြီး နေကြည့်သော်လည်း မျက်လုံးထဲမှာ စိတ်ဆိုးနေသော သူမ၏ ပုံရိပ်ကို ပြန်ပြန် မြင်ယောင်နေသည်။

"သူတို့ကို ဖုန်းမဆက်ကြည့်ဘူးလား . . . သူတို့ချင်းကတော့ ဘာပဲဖြစ်ဖြစ် အဆက်အသွယ် ရှိနေမှာပါ"

"ထိုင်းကို သွားကြတာကွ . . . ဖုန်းကို ဘယ်လိုဆက်လို့ ရမှာတုန်း . . . သူတို့မနက်ဖြန် ပြန်ရောက်မယ်ဆိုတာတောင် သူတို့ သူငယ်ချင်းနဲ့ တွေ့လို့သိရတာ . . . သူတို့ ဖွင့်မယ့်ဆိုင်အတွက် လိုအပ်တာတွေ သွားဝယ်ကြတာ . . . ဆရာမကြီးဖြိုးက ဒီမှာ လိုအပ်တာတွေလုပ်ရင်း ကျန်ခဲ့တာ"

"အင်း မပြောတတ်တော့ပါဘူးကွာ"

ဋ္ဌေးသောင်နှင့် အောင်စိုး တစ်ယောက်တစ်ပေါက် ပြောနေသမျှက နားမှာ မကြားတစ်ချက် ကြားတစ်ချက်။

ကေခိုင်နှင့် သီတာ့ကို စောင့်နေရုံမှအပ အခြား နည်းလမ်းမရှိတော့။ အဘွားဆီ မျက်နှာပြောင်တိုက်ကာ သွားလည်၍ရသော်လည်း ဤမျှအထိ သူသတ္တိမရှိတော့။

သက်ပြင်းကိုသာ ခပ်ပြင်းပြင်း ဆောင့်ချဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှဖြစ် ရသေးဟယ်"

သီတာက သူ့ကို ကြည့်ရင်း ရေရွတ်သည်။

"ငါဖြင့် ယုံတောင် မယုံနိုင်ဘူး. . . ငါတို့ သူနဲ့ ဖုန်း တော… လျှောက်ဆက်နေတာပဲ . . . ဒီကိစ္စကို ပြောကို မပြောတာ . . ရှ… နေလို့လား ဘာလားတော့ မသိဘူးပေါ့ဟာ"

"အရေးမပါလို့ မပြောတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့"

ကေခိုင့်စကားအဆုံးမှာ ကြေကွဲစွာပင် သူဆိုဖြစ်သည်။

"ကဲ ကဲ ဒီလိုလုပ်"

"ဘယ်လိုတုန်း"

". . . . ."

သီတာက လက်ဖျစ်တီးရင်း ဆိုသောစကားကို အောင်စိုး… 'ဘယ်လိုတုန်း' ဟု မေးသည်ကို သီတာက ချက်ချင်းပြန်မဖြေ။

"ဟုတ်ပြီ ဒီလို လုပ်မယ်"

"လုပ်ပြန်ပြီ . . . ဘယ်လိုလုပ်မှာတုန်းလို့ မေးနေတ… လေဟာ"





"ဒီလိုဟ . . . ဒီနေ့လည်း ငါတို့ သူ့ဆီက ပြန်လာတာ. . . 'မလိုက်တော့ဘူးလား . . . ဝဏ္ဏတို့နဲ့ ချိန်းထားတယ်' ဆိုတော့ သူကမအားဘူးတဲ့ . . . အဲဒီအထိ ငါတို့က ဘာမှ မသိသေးဘူး . . . ဒီရောက်တော့မှ ဒီကိစ္စကို သိရတာ . . . ဒီတော့ ဒီကိစ္စကို အခု သူ့ဆီ ဖုန်းဆက်ပြီး အစ်ကြည့်မယ် . . . ဖုန်းကို Speaker ဖွင့်ပြီး ပြောမယ် . . . သူ့ရဲ့ သဘောထားကို နင်တို့ပါ Live သိရအောင်လို့ . . . ဘယ်လိုလဲ"

"OK နင့် Idea ကောင်းတယ်"

သို့နှင့် သီတာက သူမဆီ ဖုန်းဆက်ခေါ်သည်။ သူက လိုရမယ်ရ သူမ၏အသံကို Record လုပ်ရန် ဖုန်းကို ဖွင့်ကာထားသည်။

"တူ . . . တူ"

ဖုန်းက ဝင်သွားသော်လည်း တော်တော်နှင့် သူမက ဖုန်းမကိုင်။ အတန်ကြာတော့မှ . . . 'အေး သီတာ ပြော' ဟုဆိုသည်။

"အေး ငါ အခုပဲ အိမ်ပြန်ရောက်တာ . . . ဘာလဲ ဖြူ… နင်က ငါနဲ့ ကေခိုင်နဲ့ မသိအောင် လျှို့ထားတယ်ပေါ့"

"ဘာကိုလဲ"

"ဝဏ္ဏ နင့်ကို Propose လုပ်တဲ့ကိစ္စ"

". . . . ."

သူမဘက်က ဘာစကားသံမှ ထွက်မလာတော့၊ အားလုံး အသက်မရှူရဲအောင်ပင် ဖြစ်ကာ တိတ်ဆိတ်စွာဖြင့် နားထောင်နေကြသည်။

"ဟဲ့ . . . ဖြူ . . ဘာလဲ ငါတို့ကို မပြောပြချင်လို့လား"

"အာ . . . အဲဒီလို မဟုတ်ပါဘူးဟ . . ဒီလိုလုပ်ဟာ . . မနက်ဖြန် ငါတို့ ဆိုင်မှာ ဆုံကြမှာပဲ မဟုတ်လား . . . အဲဒီတော့မှ ငါပြောပြမယ် ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော်"

"တကယ်ပါ . . . စိတ်ချ"

"အေး"

ဖုန်းကို ပိတ်လိုက်ရင်း သီတာက သူ့ကို ကြည့်ကာ ပခုံးတွန့်ပြသည်။

သဘောတာ မတတ်နိုင်ဘူး ဆိုသည့်သဘော။

"ဒီလို လုပ်လို့ ရတယ်လေ . . . ငါပြောပြမယ် . . မနက်ဖြန် နင်တို့ ဆုံတဲ့အချိန်တျရင် သီတာက ဝတ္တုဖုန်းကို ခေါ်လိုက် . . ပြီးရင် မြို့နဲ့ အနီးဆုံးနေရာမှာ မသိမသာချထား . . . နင်တို့စကားပြောလို့ ပြီးလောက်ပြီဆိုတော့မှ ဖုန်းကို ပြန်ပိတ်လိုက် . . . မြိုးတော့ မသိစေနဲ့ပေါ့ဟာ . . . အေး အဲဒီမှာ မြိုးကို နင်တို့က သေသေချာချာ အစ်ကြဖို့တော့ လိုတယ်"

"အေးပါ"

"စိတ်ချ"

အောင်စိုး၏ Idea ကလည်း Good သည်။

"မင်းကလည်း နားထောင်ရင်းနဲ့ တစ်ခါတည်း Record လုပ်ထား ဟုတ်ပြီလား"

အောင်စိုးက ဆရာကြီးအထာဖြင့် ဆိုသည်။

"ကဲ ကဲ . . . ဒါဖြင့် လမ်းခွဲရအောင်"

"အေး . . . ဝတ္တု မနက်ဖြန် ဆယ်နာရီလောက် နော် . . တော်ကြာ ဖုန်း ကိစ္စမေ့နေမှာစိုးလို့"

"မမေ့ပါဘူးဟာ"

သူ စိတ်လေနေသည့်ကြားမှပင် ဆိုဖြစ်သည်။

"ဖုန်းကို အားတွေ ဘာတွေလည်း သွင်းထားကြဦး . . တော်ကြာ ဆင်ထားသမျှ အတုန်အလကား ဖြစ်ကုန်မယ်"

တော် ဝင် မြို့ မ ဓာ အချုပ် တိုက်



"အေးပါ"

လိုက်သတိပေးနေသော ငွေးသောင်း၏စကားကို သီတာတ 'အေးပါ' ဟု ဆိုသည်။

သူကတော့ မရေရာသောအဖြေတစ်ခုအတွက် ညတစ်ညကို ပင်ပန်းကြီးစွာ ဖြတ်သန်းရလိမ့်ဦးမည်။

သေချာတာတစ်ခုကတော့ သူ ဒီည အိပ်ပျော်တော့မည် မထင်။

www.burmeseclassic.com

www.burmeseclassic.com



[illegible] ဆိုင်ထဲ ဝင်သွားသည်ကို သူတို့ သုံးယောက်စလုံး မြင်နေရသည်။ သူကားယူလာလျှင် မှတ်မိနေမှာစိုး၍ ဘော်ဒါ တစ်ယောက်၏ ကားကို ငှားကာ ခပ်လှမ်းလှမ်းမှ စောင့်နေကြခြင်း ဖြစ်သည်။

ကြာကြာတော့ မစောင့်လိုက်ရ. . . သူ့ဖုန်းက ဝင်လာသည်။ ဝမ်းသာအားရဖြင့် ကြည့်လိုက်သောအခါ သီတာ့ ဖုန်းမဟုတ်ဘဲ အခြားဘော်ဒါ၏ ဖုန်းဖြစ်နေသည်။

"ဟကောင် . . ငါပြန်ဆက်လိုက်မယ်"

"ဘာဖြစ်လို့လဲကွ . . ဒီမှာ ပြောစရာရှိလို့ကွ ဝဏ္ဏရ"

"အေး . . နောက်မှပြောကွာ . . . ငါ အလုပ်ရှုပ်နေလို့"

"ဟ . . . ဘာလဲ"

"ဟကောင် . . . ဒါပဲကွာ . . ငါပြန်ဆက်ပါ့မယ်လို့ ဆို"

"အေးကွာ . . . အေးကွာ"

ဖုန်းကို စိတ်တိုတိုဖြင့် ချပစ်ရင်း သကောင့်သားကို စိတ်ထဲ





မှ မေတ္တာပို့ဖြစ်သည်။ အောင်စိုးနှင့် ဒွေးသောင်ကတော့ သူ့ကို ကြည့် ရင်း တခွီးခွီး ရယ်သည်။

ဖုန်းက နောက်တစ်ကြိမ် ဝင်လာပြန်သည်။ ဒီတစ်ခါတော့ သီတာ၏ဖုန်း အမှန်အကန်။ သူ ဖုန်းကို နားမှာကပ်ပြီး နားထောင် ရန်ပြင်ဖြစ်သည်။

"ဟကောင် Speaker ဖွင့်ပြီး နားထောင်လေကွာ . . . ငါ တို့လည်း နားထောင်မှာပေါ့ကွ"

"ဟ . . . ဒီဘက်က အသံတွေ ဟိုဘက်ဖုန်းမှာ သွားမြည်နေ လို့ ပြဿနာတက်နေဦးမယ်"

"မဖြစ်ပါဘူး . . အဲဒါနဲ့ပဲ ဖုန်းက miss call ဖြစ်တော့မယ် . . . တစ်ခါတည်း Record လုပ်ထား"

နောက်ဆုံးတော့ သကောင့်သားနှစ်ကောင်၏ သဘော တော်အတိုင်း သူ Speaker ကို ဖွင့်ဖြစ်သည်။

"ပြော . . . မနေ့က ဒီရောက်မှ ပြောမယ်ဆိုတဲ့ ကိစ္စ"

သီတာအသံကို ပီပီသသကြီး ကြားနေရသည်။

"ဘာလဲ . . ဆိုင်ကိစ္စလား"

သူမ၏ အသံက ရယ်သံစွက်နေသည်။

"ရှုံချင်ယောင်မဆောင်နဲ့ ဖြိုး . . . ဝဏ္ဏရဲ့ ကိစ္စကိုပြောတာ"

ကေခိုင်က လိုအပ်သည်ထက် ပိုကျယ်သောအသံဖြင့် ဆို သည်မို့ သူတို့သုံးကောင်သား ပြုံးဖြစ်သည်။

"ဘာပြောရမှာလဲ"ဟု သူမက အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"ဖြိုးနော် ဘာလဲ . . . နင်က လျှို့ထားချင်တာလား"

ဟု သီတာက မေးသည်။

"ဘာ လျှို့ရမှာလဲ"

"ကဲ မလျှို့ရင်ပြော . . . နင် ဝဏ္ဏကို ဘယ်လိုသဘော[illegible]



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြဘူး"

"ဒါဖြင့် သူ့ Propose ကို လက်ခံမယ်ပေါ့"

"လက်ခံစရာလား . . . ဒီပေါကြောင်ကြောင်လူကို"

သူမ၏ အဖြေစကားကြောင့် သူ နင်ခနဲ ဖြစ်သွားရသည်။ ငွေသောင်တို့နှစ်ကောင်က မျက်လုံးပြူးဖြင့် သူ့ကိုဝိုင်းကြည့်သည်။

"ဟယ် နင်ကလည်း ဝတ္ထုကို သနားပါတယ် . . . နင် ငြင်းလိုက်တယ်ပေါ့"

"ငြင်းတာလဲ မဟုတ်ဘူး"

"ဟဲ့ နင့်ဟာက ဘာလဲ . . . လက်လည်း မခံဘူး . . ငြင်းလည်း မငြင်းဘူးဆိုတော့"

သူ အသိချင်ဆုံး မေးခွန်းကို မေးပေးသည့် သီတာ့ကို သူ ကျေးဇူးတင်သွားရသည်။ အသက်ရှူသံပင် မထွက်ရဲသည်အထိ တိတ်ဆိတ်စွာနားစွင့်ရင်း သူမ ဖြေမည့်စကားကို အသက်အောင့်ကာ ဆက်နားထောင်ဖြစ်သည်။

"ဟဲ့ . . ပြောလေ . . ."

သီတာက အသံကိုမြှင့်ပြီး မေးသည်။ သူမ၏ ဖြေသံကိုတော့ မကြား။ ရယ်သံသဲ့သဲ့ကိုသာ ကြားရသည်။

"ရယ်မနေနဲ့ ဟို . . နင် ဖော်လိုက်လို့ သူ့ခမျာ အခုထိ မျက်နှာမကောင်းရှာဘူး . . ."

"မကောင်းလည်း မတတ်နိုင်ဘူးဟေ့ . . အဲဒီ့အချိန်မှာ ငါလည်း ရှက်ပြီးထူပူနေတော့ ဖော်မိလို့ ဖော်မိမှန်းလည်း မသိဘူး"

အရယ်တစ်ဝက်ဖြင့်ဆိုသော သူမ၏စကားကြောင့် သူ့ရင်ခုန်သံတို့က တစ်စထက်တစ်စ ပို၍မြန်လာသည်။ ဖုန်းကိုလည်း နားထဲဝင်သွားလုမတတ် ကပ်ထားဖြစ်သည်။

"ထားပါတော့ . . အဲဒီ့အချိန်တုန်းက ထူပူနေလို့ ဖော်မိ





တယ်ဆိုရင်တောင် အခုလောက်ဆို တစ်ခုခုတော့ တုံ့ပြန်သင့်တာပေါ့ဟ . . ."

"ငါက ဘာတုံ့ပြန်ရမှာလဲ . . ."

"ဟဲ့ . . ချစ်ရင်ချစ်တယ် . . မချစ်ရင်လည်း မချစ်ဘူးပေါ့ . . ကဲ . . . ပြော . . ."

သီတာ့အသံက စူးခနဲ ထွက်လို့လာသည်။

"ပြောပြဘူး . . ."

"အံမယ် ရှက်ကိုးရှက်ကန်းလုပ်နေသေးတယ် . . ပြောမှာသာ ပြောစမ်းပါ . . ."

သီတာက ဘောလုံးပွဲကြေငြာသူလို အမူအရာများကိုပါ တွဲမြှင့်ယောင်လာအောင် အသံစူးကြီးဖြင့် ဖော်သည်။ သီတာ့အသံကြီးက ထွက်လာပြန်သည်။

"ကဲပါ . . ရှက်မနေပါနဲ့ . . နင် သူ့ကိုချစ်နေတယ် မဟုတ်လား . . ."

သီတာ့စကားအဆုံးမှာ သူမ ဘာပြောမည်ကို သူ အသက်ပင်မရှူရဲဘဲ နားစွင့်နေမိသည်။ တော်တော်နှင့် သူမထံမှ အသံထွက်မလာ။ သူ့အထင် နှစ်သန်းပေါင်းများစွာကြီး ကြာမြင့်နေသလိုလို။ အတန်ကြာမှ သူမထံမှ . . .

"ငါက မုန်းတယ်လို့ ဘယ်တုန်းက ပြောဖူးလို့လဲ"

ဟု မပွင့်တပွင့် ဆိုသံကိုကြားရသည်။ လှပ်ခနဲ သူ့ဝမ်းသာသွားမိချိန်မှာ သီတာက စကားသံကိုကျယ်ကျယ်ဖြင့် . . . .

"ဒါဆို နင်သူ့ကို ချစ်တယ်ပေါ့"

ဟု မေးသည်။

"ဝန်ခံလိုက် ဝန်ခံလိုက်"

ဟူသော ကေခိုင်၏ အသံကိုလည်း သူကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ချစ်တယ်ဟာ . . . ကဲ . . ."

ကေခိုင့်စကားအဆုံးမှာ ကြားရသောစကားကြောင့် သူ ဝုန်းခနဲ မြောက်တက်သွားသလို ခံစားလိုက်ရသည်။ အမြန်ဆုံး သူမနှင့် တွေ့ချင်နေသည်မို့ ဖုန်းကို ကမန်းကတန်းပိတ်ကာ ကားပေါ်မှ ပြေးဆင်းဖြစ်သည်။

"ဟကောင် . . . ဘယ်လဲ"

ဟူသော ဋ္ဌေးသောင်၏ အမေးအား . . .

"ဆိုင်ထဲ . . ."

ဟု ပြေးနေရင်းက သူ ဖြေဖြစ်သည်။



ရိပ်စနဲ ဝင်လာသော သူ့ကို မြင်တော့ သူမတို့ သုံးယောက်သား အံ့အားတွေ သင့်နေကြသည်။

သူမက သူ့ကို မြင်သည်နှင့် မျက်နှာကို တည်ပစ်သည်။

"သီတာ ငါနင်တို့ကို သီချင်းတစ်ပုဒ် ဖွင့်ပြချင်လို့ဟာ . . . နားထောင်ကြည့်"

သူ သူမကို ပြုံးစိစိဖြင့် ကြည့်ရင်း စောစောက အသံသွင်းထားသည်ကို ပြန်ဖွင့်ပြဖြစ်သည်။

"နင် ဝဏ္ဏကို ဘယ်လိုသဘောရလဲ"

သူ့ဖုန်းက ထွက်လာသော အသံကြောင့် သီတာက 'မလုပ်နဲ့' ဟု အံကြိတ်ပြသည်ကို သူ မမြင်ချင်ယောင်ဆောင်ပစ်လိုက်သည်၊

သူမက မျက်နှာကြီး နီကာ ပြုံးကြောင်ကြောင်ဖြင့် သူ့ကို ကြည့်နေသည်။

သူ အသံတွေကို ရစ်ပစ်လိုက်သည်။

ဇော်ဝင်းမြို့ မစာ အုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင်သူ့ကို ချစ်တယ်ပေါ့"

"အေး . . ချစ်တယ်ဟာ . . ကဲ . ."

သူ ဖုန်းကို ပိတ်လိုက်သောအခါ သီတာက . . .

"အခြေအနေ မကောင်းဘူး ကောင်စုတ် ဝဏ္ဏ . . . သစ္စာဖောက်"

ဟုဆိုရင်း ထပြေးသည်။ ကောဒိုင်ကပါ ကုတ်ကုတ် ကုတ် ကုတ်နှင့် လိုက်သွားသည်။

သူမတစ်ယောက်တည်းသာ ခေါင်းကြီးငုံ့ရင်း ကျန်ခဲ့သည်။

ဘေးမှာ ဝင်ထိုင်သောအခါ သူမက သူ့ကို ဘုန်းခနဲထုသည်။

"ဟ ဘာလဲ"

"ကလိမ်ကကျစ်နဲ့ ဉာဏ်ကိုများတယ်"

"ဟောဗျာ . . . ဒီကကောင်ဘက်က ရှုမတက်ခံခဲ့ရတာကိုလည်း ထည့်တွက်ပေးဦးမှပေါ့ . . . စောစောက ပြောတာ ဘာဖြစ်တယ် . . . ချစ်တယ် ဟုတ်လား"

"မသိဘူးကွာ . . . ရှက်တယ်"

"ပြောပါ"

"မုန်းစရာကြီး . . . သူများ ရှက်ပါတယ် ဆိုနေမှ"

ပြောရင်း သူမက တဘုန်းဘုန်းဖြင့် သူ့ရင်ဘတ်ကို ထုသည်။

သူ သူမ၏ လက်ကို ဆွဲကာ ချုပ်ရင်း သူမကိုယ်ကို သူ့ရင်ထဲ ဆွဲသွင်းဖြစ်သည်။

"အာ ဘာလုပ်တာလဲ . . . မရှက်ဘူးလား"

"ရှက်ဘူး"

ပြောပြောဆိုဆိုပင် သူမ၏ နဖူးပြင်ကို သူနမ်းဖြစ်သည်။ ဒါ ချစ်သူဆိုးမလေးသို့ သူ၏ ဒဏ်ခတ်အနမ်း။

**တော် ဝင် မြို့ မ စာ အုပ် တိုက်**



"စိတ်ဆိုးလိုက်မှာနော်"

". . . . ."

ရုန်းရင်း ကန်ရင်း သူမက ခြိမ်းခြောက်သည်။ သို့သော် ထိုတုန်းကလို သူ မကြောက်တော့ပါ။ ဘာမှ ပြောမနေတော့ဘဲ သူမ နဖူးကို နောက်တစ်ခေါက် နမ်းဖြစ်သည်။

နမ်းအပြီးမှာ သူမက ဆတ်ခနဲရုန်းရင်း 'လွှတ်' ဟု ဆိုသည်။ သို့သော် အားချင်းမမျှသည် မို့ သူမအဖို့ အရာမထင်။

"ဘာလုပ်တာလဲ"

ဟု သူမဆိုသည်။

ဒီနေ့သည် ဗုဒ္ဓဟူးနေ့ဖြစ်သည်။

ထို့ကြောင့် သူမကို သူနမ်းသောအနမ်းကို ဗုဒ္ဓဟူးအနမ်းဟု သူနာမည်ပေးဖြစ်သည်။

သူ၏ ဗုဒ္ဓဟူးအနမ်းအတွက် ရှင်းတမ်းကို သူမအား ပေးဖို့ ဆိုပါမည်လား။ သူမကတော့ 'ဘာလုပ်တာလဲ' ဟု မေးသည်။

သူ၏ အဖြေကတော့ ရှင်းသည်။ တတိယမြောက် အနမ်းကို သူမ၏ နဖူးပြင်အား ပေးလိုက်ခြင်း ဖြစ်သည်။ ဤသည်ပင် 'ဘာလုပ်တာလဲ' ဟူသော မေးခွန်း၏ ရှင်းတမ်း မဟုတ်ပါလား။

ပျော် ရွှင် နိုင် ကြ ပါ စေ . . .

ပြည့်ပိုင်မှူးအိမ်

www.burmeseclassic.com